BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၀) ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## အင်ဒိုနီးရှားသမတ၏ မြန်မာခရီးစဉ်ရွှေ့ဆိုင်း

ယခုလအတွင်း မြန်မာနိုင်ငံသို့သွားရောက်ရန်ရှိသော အင်ဒိုနီးရှားသမတ ဆူဆီလိုဘမ်ဘန်း၏ခရီးစဉ်ကို မတ်လအထိ ထပ်မံရွှေ့ဆိုင်းကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဌာနက ဇန်နဝါရီလ (၂) ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဌာန ပြောခွင့်ရသူ ယူရီသမ်ရင်က အိမ်ရှင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် အဆင်ပြေမည့်ရက်သတ်မှတ်ရန်လိုအပ်နေသောကြောင့် သမတ၏ဒေသတွင်း (၃) နိုင်ငံခရီးစဉ်ကို ယခုကဲ့သို့ ထပ်မံရွှေ့ဆိုင်းလိုက်သည်ဟုဆိုသည်။

ယခင်ကအင်ဒိုနီးရှားသမတသည် မြန်မာ၊ကမ္ဘောဒီးယားနှင့် ဘရူနိုင်း (၃) နိုင်ငံသို့ ဇန်နဝါရီအတွင်းသွားရောက်ရန် စီစဉ်ထားခဲ့ပြီး၊တခြားအရေးတကြီးကိစ္စရပ်များကြောင့် ဖေဖော်ဝါရီလလယ်သို့ ရွှေ့ဆိုင်းခဲ့သည်။

မစ္စတာသမ်ရင်က"အရင်က ဖေဖော်ဝါရီဒုတိယအပတ်မှာ သွားဖို့စီစဉ်ထားတယ်။ ဒါပေမယ့် အိမ်ရှင်နိုင်ငံတွေက ခေါင်းဆောင်တွေအတွက်အဆင်ပြေမယ့်အချိန်ကို ပြန်သတ်မှတ်ရဦးမယ်"ဟုဆိုသည်။

သမတယူဒိုယိုနိုသည် သူ၏မြန်မာပြည်ခရီးစဉ်အတွင်း နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံရန်မျှော်လင့်ထားသော်လည်း မြန်မာဘက်က ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း ပြောဆိုထားခြင်းမရှိသေးပေ။

နိုင်ငံရေးသုံးသပ်သူများက (၂၀၀၄) ခုနှစ်၊ နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံသမတဖြစ်လာသော ယူဒိုယိုနို၏ ယခုခရီးစဉ်သည် အာဆီယံနိုင်ငံခေါင်းဆောင်များ အာဏာရလာပြီးနောက်ပိုင်းတွင် ပြုလုပ်လေ့ရှိသော သာမန်လည်ပတ်မှုမျိုးပင်ဖြစ်မည်ဟု ခန့်မှန်းကြသည်။

အင်ဒိုနီးရှားသမတ၏ မြန်မာပြည်ခရီးစဉ်အတွင်း မြန်မာဒီမိုကရေစီအရေးနှင့်ပတ်သက်၍ ဆွေးနွေးမည်လားဆိုသော သတင်းထောက်များ၏အမေးကို နိုင်ငံခြားရေးရာပြောခွင့်ရသူ မစ္စတာသမ်ရင်က "သမတရဲ့နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ ဒီမိုကရေစီအတွေ့အကြုံတွေ ဖလှယ်မယ်ဆိုရင်လည်း ဒါကအံ့သြစရာမရှိပါဘူး"ဟု မတင်မကျဖြေကြားခဲ့သည်။

ဤအတောအတွင်း အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကလည်းမလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာဦးဆောင်သော အာဆီယံကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ သွားခွင့်ရမည့်ရက်ကို စောင့်ဆိုင်းလျက်ရှိသည်။ ❖

## (၅၇) နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ကျင်းပ


ဗိုလ်ချုပ်ကြီးမြနှင့် ဗိုလ်ချုပ် ကဆယ်ဒို

(၅၇) နှစ်ပြည့်မြောက် ကရင့်တော်လှန်ယရေးနေ့အခမ်းအနားကို ထိုင်းမြန်မာနယ်စပ်၊ မြန်မာဘက်အခြမ်း၊ ကေအဲန်အယ်အေထိန်းချုပ်နယ်မြေတွင် ဇန်နဝါရီလ (၃၁) ရက်နေ့ နံနက်စောစောကကျင်းပခဲ့သည်။

သောင်းရင်းမြစ်ကမ်းနံဘေး၊ ကေအဲန်အယ်လ်အေတပ်ရင်း (၂၀၂) တွင်ကျင်းပသောအခမ်းအနားသို့ ကေအဲန်အယ်အေကာကွယ်ရေးတာဝန်ခံ ဗိုလ်ချုပ်ကြီးစောဘိုမြ၊ ဒုတိယကာကွယ်ရေးတာဝန်ခံ ဗိုလ်ချုပ်ကဆယ်ဒို ကေအဲန်ယူအထွေထွေအတွင်းအရေးမှူးပဒိုမန်းရှာနှင့် မဟာမိတ်အဖွဲ့အစည်းများမှခေါင်းဆောင်များတက်ရောက်ခဲ့သည်။

ကရင့်တော်လှန်ရေးနေ့မိန့်ခွန်းတွင် ဗိုလ်ချုပ်ကြီးမြက လူမျိုးစုများအကြားတွင် စည်းလုံးမှုနှင့်နားလည်မှု တည်ဆောက်၍ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းတွန်းလှန်ရမည်ဟုပြောကြားခဲ့သည်။

အခမ်းအနားသို့ ရိုးရာဝတ်စုံဝတ်ဆင်ထားသော ဒုံးယိမ်းအဖွဲ့များ၊ အနောက်တိုင်းဝတ်စုံအပေါ်တွင် ကရင်ရိုးရာဝတ်စုံ ထပ်ဆင့်ဝတ်ဆင်ထားသော နိုင်ငံခြားဧည့်သည်များ၊ ဗုဒ္ဓဘာသာရဟန်းတော်များ နယ်စပ်ဒေသများမှ ဧည့်ပရိသတ်များနှင့် ဒေသခံကရင်အမျိုးသားပြည်သူများနှင့် ဒီမိုကရေစီရေးတိုက်ပွဲဝင်နေကြသည့် မဟာမိတ်အဖွဲ့အစည်းများ၊ စုစုပေါင်းတထောင်ကျော် တက်ရောက်ခဲ့သည်။

မနက် (၉) နာရီတွင် ကေအဲန်အယ်အေဗိုလ်ချုပ် ကဆယ်ဒိုကစစ်ယူနီဖောင်း၊ လက်အိတ်အဖြူဝတ်ဆင်၍၊ သေနတ်ကိုင်ဆောင်ထားသောဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြည့်ရှုခဲ့သည်။

ထို့နောက် ကရင့်အလံလွှင့်ထူထားသော အလံတိုင်ရှေ့ကွင်းပြင်မှ အခမ်းအနားတက်ရောက်လာသော ကရင်အမျိုးသားများ၏ သီချင်းသံပြိုင်သီဆိုသံနှင့် ကရင့်တော်လှန်ရေးနေ့အထိမ်းအမှတ် ပစ်ဖောက်လိုက်သော သေနတ်သံသည် တောင်ကြောတလျှောက် ပဲ့တင်ထပ်သွားသည်။

(၅၇) နှစ်မြောက် ကရင့်တော်လှန်ရေးနေ့အခမ်းအနားသို့ပေးပို့သော ကေအဲန်ယူဥက္ကဋ္ဌကြီးစောဘသင်စိန်၏မိန့်ခွန်းတွင် ခုခံစစ် (၅၇) နှစ်၊ သင်ခန်းစာအရ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းထက် တွေ့ဆုံဆွေးနွေးနည်းဖြင့် အဖြေရှာရန်ဆန္ဒရှိကြောင်း၊ "တဖက်ကလည်း လက်နက်ကိုင်ပဋိပက္ခကို ရပ်စဲကာ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး အဖြေရှာရေးကို လက်တွေ့မလုပ်ဆောင်နိုင်သမျှကာလပတ်လုံး ကရင်အမျိုးသားများသည် ကိုယ့်ဘဝတည်တံ့ခိုင်မြဲရေးအတွက်


စစ်ရေးပြအခမ်းအနားမြင်ကွင်း

သော်လည်းကောင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက်သော်လည်းကောင်း၊ တန်းတူရေးနှင့် ဒီမိုကရေစီအတွက်သော်လည်းကောင်း စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်းကောင်း၊ ခုခံတော်လှန်စစ်ကို ဆက်လက်ဆင်နွဲနေကြရဦးမည်"ဟုဆိုသည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ၏ (၅၇) နှစ်မြောက် ကြေညာချက်တွင်"မြန်မာပြည်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေသည် အလွန်ဆိုးရွားနေပြီး၊ နိုင်ငံရေးအရ မျှတစွာဆွေးနွေးဖြေရှင်းခြင်းမရှိပါက မမျှော်မှန်းနိုင်သည့် ဆိုးကျိုးများဖြစ်ပေါ်လာမည်။ ထို့ကြောင့် တိုင်းပြည်အာဏာကိုချုပ်ကိုင်ထားသည့် နအဖအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိလွှတ်ပေးပြီး၊ တပြည်လုံး အပစ်အခတ်ရပ်စဲရန်"နအဖကို တိုက်တွန်းထားသည်။

ကေအဲန်ယူသည် အင်္ဂလိပ်ကိုလိုနီ လက်အောက်မှ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည့် လွန်ခဲ့သော (၅၇) နှစ်ကတည်းက တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် စစ်တပ်အုပ်စိုးသူအဆက်ဆက်ကို လက်နက်စွဲကိုင်တော်လှန်ခဲ့သော ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး တော်လှန်ရေးအဖွဲ့အစည်းတခုဖြစ်သည်။

နအဖနှင့် ကေအဲန်ယူအကြား (၂၀၀၄) ခုနှစ်တတည်းက ရပ်တန့်နေသော တွေ့ဆုံဆွေးနွေးရေးအလားအလာနှင့်ပတ်သက်၍ ကေအဲန်ယူမှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနယ်ဒါမြက"သွေးထွက်သံယိုမှုတွေ အဆုံးသတ်မယ့်မျှော်လင့်ချက်ကတော့ ဝေဝါးနေတုန်းပါပဲ။ အခုနအဖအုပ်စုဟာ အရင်ကထက်ပိုခေါင်းမာလာတယ်"ဟု ပြောဆိုလိုက်ပြီး၊"ကရင့်တော်လှန်ရေးသမိုင်းမှာ အခက်ခဲဆုံးအချိန်တွေကို ဖြတ်သန်းခဲ့ကြတယ်။ ဒီတော်လှန်ရေးသမိုင်းကို ကျနော်တို့ ဆက်သယ်ဆောင်သွားမယ်"ဟု ကရင့်တော်လှန်ရေး ခရီးရှည်သံမိဋ္ဌာန်နှင့်ပတ်သက်၍ ပြောဆိုသွားခဲ့သည်။

နံနက် (၁၀) နာရီခွဲခန့်တွင် ကရင့်တော်လှန်ရေးနေ့အခမ်းအနားပြီးဆုံးခြင်းအထိမ်းအမှတ်သေနတ်ပစ်ဖောက်ခဲ့ပြီး အခမ်းအနားတက်ရောက်လာသော ဧည့်သည်တော်များကို နေ့လည်စာဖြင့်ကျွေးမွေးဧည့်ခံခဲ့သည်။

❖


ကရင့်တော်လှန်ရေးနေ့ အခမ်းအနားတွင်တွေ့ရသော ကရင်ဒုံးယိမ်းအဖွဲ့

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## နအဖနည်းပရိယာယ် အပြောင်းအလဲရှိနိုင်မလား

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှစတင်ခဲ့သည့် ကမ္ဘာ့သက်တမ်းအရှည်ဆုံးညီလာခံဟု ဂရင်းနစ်စာအုပ်တွင် မှတ်တမ်းတင်ရမည့် နအဖညောင်နှစ်ပင်ညီလာခံသည် (၃၁၊ ၁၊ ၀၆) နေ့က (၈) ကြိမ်မြောက်ရပ်နားလိုက်သည်ဟု သိရှိရသည်။

ယင်းသို့ ရပ်နားမှုနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပ ဝေဖန်ထောက်ပြမှုအမျိုးမျိုးပေါ်ထွက်နေသည်။ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒု-ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုနှစ်ကုန် (၂၀၀၆ ဒီဇင်ဘာလ) တွင် ပြန်စမည်ဟုပြောဆိုကြောင်း သတင်းများထွက်ပေါ်လာသည်။ သိရှိရသောအချက်အလက်များအရ နအဖညီလာခံကို နောက်ထပ်ရက်သတ္တပတ်နှစ်ပတ်မျှ ဆက်ကျင်းပလျှင်ပင် ညီလာခံကျင်းပပြီးစီးနိုင်သည်ဟုဆိုသည်။ အဘယ့်ကြောင့် အချိန်အနည်းငယ်အတွင်းပြီးစီးနိုင်သော လုပ်ငန်းဆောင်တာများကို မလုပ်ဆောင်ပဲ တနှစ်ကြာအချိန်ဆွဲလိုက်ပါသနည်း။ မည်သို့သော အကြောင်းအရာများက နအဖ၏ လမ်းပြမြေပုံ (၇) ချက်ကို အကောင်အထည်ဖော်ရာ၌ နှောင့်နှေးကြန့်ကြာစေခဲ့ပါသနည်း။ အထူးသဖြင့် (၂၀၀၆) ခုနှစ်အတွင်း အဘယ့်ကြောင့် အရေးပါသော နိုင်ငံရေးအဆုံးအဖြတ်များကို မချမှတ်လိုပါသနည်း။

ပထမအရေးပါသောအချက်မှာ နအဖသည် ၂၀၀၆ ခုနှစ်အတွင်း ပြည်သူလူထု၏ နိုင်ငံရေးအုံကြွမှုဖြစ်ထွန်းဖွယ်အလားအလာကို ရှောင်လွှဲလိုသောကြောင့်ဖြစ်သည်။ ၁၉၈၇-၁၉၈၈ ခုနှစ်များအတွင်းက မဆလအစိုးရ၏ အရေးပါသောနိုင်ငံရေးခြေလှမ်းများသည် (ငွေစက္ကူတရားမဝင်ကြေညာခြင်း၊ LDC နိုင်ငံအဖြစ် သတ်မှတ်မှုကိုခံယူခြင်း၊ မဆလလွှတ်တော်မှ တဆင့် တစ်ပါတီ (သို့) ပါတီစုံစနစ်ရွေးရန်တင်ပြလာခြင်း၊ ဗိုလ်နေဝင်း နုတ်ထွက်ခြင်းစသည့် ....) များသည်၊ တနိုင်ငံလုံးအတိုင်းအတာဖြင့် ရှစ်လေးလုံးအရေး တော်ပုံကြီးဖြစ်ပွားစေရန် ဆန့်ကျင်ဘက်အကျိုးပြုမှုများဖြစ်သကဲ့သို့၊ ပြည်သူလူထုလက်ခံ သဘောမတူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင် ပြဌာန်းမိပါက ယခုကဲ့သို့ အဖက်ဖက်မှ လူမှုရေးစီးပွားရေး အနိမ့်ဆုံးအဆင့်သို့ ကျရောက်နေရသည့် ၂၀၀၆ ခုနှစ်အတွင်း ပြည်သူလူထုမှ သေမထူးနေမထူးစိတ်ဓာတ်ဖြင့် ဆန့်ကျင်အံတုလာမည်ကို တွက်ချက်မိသောကြောင့် ဖြစ်သည်။

ဒုတိယအရေးပါလှသည့်အချက်မှာ တိုးပွားလာသည့် နိုင်ငံတကာဖိအားဖြစ်သည်။ အမျိုးသားညီလာခံကို ရွေးကောက်ပွဲအနိုင်ရပါတီများနှင့် တိုင်းရင်းသားပါတီများတက်ရောက်ခွင့်ပေးရန် ကုလသမဂ္ဂက အဆိုပြုထားပြီး ယင်းသို့မလုပ်ဆောင်ပါက ညီလာခံရလဒ်ကို အသိအမှတ်ပြုရန်ခဲယဉ်းမည်ဟု သတိပေးထားသည်။ လမ်းပြမြေပုံ ပထမအဆင့်ကို ယခုကဲ့သို့သော နိုင်ငံတကာ၌ ဝိုင်းဝန်းပြစ်တင်ခံနေရသည့် ကာလမျိုးတွင် အကောင်အထည်ဖော်လာပါက နအဖအား အပြုသဘောဆက်ဆံရေးသည် အကျိုးဖြစ်ထွန်းမှုရှိမည်မဟုတ်ဟူသောအယူအဆတွင် နိုင်ငံတကာမိသားစုအားလုံး သဘောတူညီကာ မြန်မာပြည်ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ဘုံလုပ်ငန်းစဉ်တရပ် ချမှတ်လာနိုင်စရာရှိသည်။ အထူးသဖြင့် နအဖအကြောက်အရွံ့ဆုံးမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) တွင် မြန်မာကိစ္စသည် တရားဝင်ဆွေးနွေးရမည့် အာဂျင်တာဖြစ်လာမည့်ကိစ္စဖြစ်သည်။

တတိယအချက်မှာ နအဖ၏ သဘာဝဓာတ်ငွေ့မှရရှိမည့်ဝင်ငွေသည် ၂၀၀၈ ခုနှစ်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာသန်းပေါင်း (၁,၈၀၀) ကျော်မည်ဖြစ်သည်။ အာဏာကို ဆက်လက်ဆုပ်ကိုင်လိုသော ဗိုလ်ချုပ်ကြီးများက ဤကာလတွင်ဓာတ်ငွေ့မှဝင်ငွေနှင့် မည်သူကိုမျှ အရေးမထားပဲဆက်လက်ရပ်တည်နိုင်မည်ဟု ယူဆနေကြသည်။ ဓာတ်ငွေ့ဝယ်ယူသည့် နိုင်ငံများမှာလည်း အိန္ဒိယ၊ တရုတ်နှင့် တောင်ကိုရီးယားတို့ဖြစ်၍ ဓာတ်ငွေ့သံတမန်ဆက်ဆံရေးကိုထူထောင်လျက် စစ်မင်းဆက်ကိုထူထောင်နိုင်လိမ့်မည်ဟုယူဆထားသည်။

စတုတ္ထအချက်မှာ နအဖစစ်တပ်အတွင်းပိုင်းပြဿနာဖြစ်သည်။ ဗမာ့တပ်မတော်သည် မည်သည့်အခါကမျှ မကြုံရဘူးသည့် တပ်မတော်ပြိုကွဲမည့်အလားအလာနှင့် ရင်ဆိုင်နေရသည်။ ဤအလားအလာမှာလည်း စစ်ဗိုလ်ချုပ်ချင်း စားခွက်လုမှု၏ အကျိုးဆက်ပင်ဖြစ်သည်။ ဤသို့သောကာလတွင် အမျိုးသားညီလာခံကို အဆုံးသတ်ရန်မသင့်သေးဟု ယူဆဟန်ရှိသည်။ အကယ်၍ အမျိုးသားညီလာခံကို အဆုံးသတ်ခဲ့သော် စစ်တပ်အတွင်းရှိ မျိုးချစ်ပြည်ချစ်အရာရှိများနှင့် ကိုယ်ကျိုးကြည့် စစ်အာဏာရှင်များကြား ပဋိပက္ခသည် အနက်ရှိုင်းဆုံးအဆင့်သို့ ရောက်ရှိပေလိမ့်မည်။

ချုပ်၍ဆိုရသော် နအဖဗိုလ်ချုပ်ကြီးများက အချိန်ဆွဲနည်းဗျူဟာ (DELAY TACTIC) ကို ကျင့်သုံး၍ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်ကို ဦးတည်နေဆဲဖြစ်သည်။ ပြည်တွင်း၌မူ (DEVIDE AND RULE) ပေါ်လစီကိုကျင့်သုံး၍ အတိုက်အခံများအတွင်း သွေးကွဲစေရန် ဖြိုခွဲပေလိမ့်မည်။ နိုင်ငံတကာတွင်မူ လိမ်ညာလှည့်စားသောနည်းပရိယာယ်ကို ကျင့်သုံးလာဦးမည်ဖြစ်ပါကြောင်း။ တနည်းအားဖြင့်ဆိုသော် နိုင်ငံတကာဖိအားလျော့ကျစေရန် ဗိုလ်ခင်ညွန့်လမ်းစဉ်ကို ပြန်လည်ကျင့်သုံးလာနိုင် ပါကြောင်း။

# ဆွီဒင်နှင့်အင်္ဂလန် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကြိုးပမ်းသူများက ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုဆုချီးမြှင့်



ဆွီဒင်အခြေစိုက် (OLOF PALME) အမှတ်တရဆုရံပုံငွေအဖွဲ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို (၂၀၀၅) ခုနှစ်အတွက် (OLOF PALME PRIZE) ချီးမြှင့်လိုက်ကြောင်း ဇန်နဝါရီ (၃၀) ရက်နေ့တွင် ကြေညာသည်။

(၁၉၈၆) ခုနှစ်က လုပ်ကြံခံခဲ့ရသော ဆွီဒင်ဝန်ကြီးချုပ် (OLOF PALME) ကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏မိသားစုဝင်များနှင့် ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့က (၁၉၈၇) တွင် (THE OLOF PALME MEMORIAL FUND) အဖွဲ့ကိုတည်ထောင်၍ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးလှုပ်ရှားသူများကို နှစ်စဉ်ဆုချီးမြှင့်ခဲ့သည်။

'ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအပြည့်အဝရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ရန် ငြိမ်းချမ်းသောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် တနေ့၌ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နိုင်ငံတော်ကိုတည်ထောင်နိုင်ရမည် ဟူသောယုံကြည်မှုဖြင့် သူမ၏ ဘဝတခုလုံးကို မြန်မာနိုင်ငံတွင် အပြီးမြှုပ်နှံထားသူဖြစ်သည်။ ထိုကြောင့် ဤဆုသည် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ သောပုဂ္ဂိုလ်နှင့် အလွန်ထိုက်တန်သည်' ဟု ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆုပေးပွဲအခမ်းအနာကို လာမည့်ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး ဆုချီးမြှင့်ငွေအဖြစ် အမေရိကန်ဒေါ်လာ (၅) သောင်းပေးအပ်မည်ဖြစ်ကြောင်းသိရှိရသည်။

အလားတူ အင်္ဂလန်နိုင်ငံရှဖီးမြို့တော်ဝန်ကချီးမြှင့်သော လွတ်လပ်ခွင့်ဆု (FREEDOM OF THE CITY) ဆုကိုလည်း ဒေါ်အောင်ဆန်းစုကြည်အားချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်းသိရှိရသည်။ ယင်းဆုသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအတွက် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်နေသူများကို ရှဖီးမြို့တော်ဝန်ကိုယ်တိုင်က ချီးမြှင့်သောဆုဖြစ်သည်။ ယင်းဆုပေးပွဲအခမ်းအနားကို လာမည့် မတ်လ (၈) ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ၊ နေအိမ်တွင် အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုသည် ယခုအခါ နိုင်ငံတကာမှချီးမြှင့်သောဆုပေါင်း (၇၇) ခုက ရရှိထားပြီးဖြစ်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့လမ်းမှအတားအဆီးများဖယ်ရှား

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ဖမ်းဆီးခံရစဉ်ကတည်းက ပိတ်ထားခဲ့ သောသူမ၏နေအိမ်ရှေ့ တက္ကသိုလ်ရိပ်သာလမ်းကို ဇန်နဝါရီလ (၁၆) ရက်နေ့မှစ၍ သံဆူးကြိုး၊ အတားအဆီးများကိုဖယ်ရှားပြီး ပြန်လည်ဖွင့်ပေးလိုက်ကြောင်းသိရသည်။

တက္ကသိုလ်ရိပ်သာလမ်း လမ်းထိပ်တဖက်တချက်ရှိ စစ်ဆေးရေးဂိတ်များကို လမ်းဘေးပလက်ဖေါင်းပေါ်သို့ရွှေ့ပစ်လိုက်ပြီး ယခင်က တလမ်းသွားခွင့်ပြုထားရာမှ ယခုနှစ် လမ်းသွားခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

သို့သော်လည်း ကိုယ်ပိုင်ကားများကိုသာ သွားခွင့်ပေးထားပြီး ဘတ်စ်ကားများကိုမူ ပြေးဆွဲခွင့်မပြုပေ။ ယခုကဲ့သို့လမ်းများပြန်ဖွင့်ပေးခြင်းသည် တိုးတက်မှုခြေလှမ်းတရပ်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အတွက်သာမက နိုင်ငံအတွက်ပါ ကောင်းသောလက္ခဏာဖြစ်သည်ဟု ရန်ကုန်အဲန်အယ်လ်ဒီအသိုင်းအဝိုင်းမှပြောဆိုသည်။ တဆက်တည်းမှာပင် သူမ၏ နေအိမ်ခြံဝင်းကိုလည်း အာဏာပိုင်များက ဇန်နဝါရီ (၃၁) ရက်နေ့က ဒုတိယအကြိမ် ထပ်မံပြင်ဆင်ပေးခဲ့သည်ဟု သိရသည်။ သို့သော်လည်း သာမန်ပြင်ဆင် ပေးခြင်းသာဖြစ်ပြီး ခိုင်မာလုံခြုံမှုမရှိသောကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရာကောင်းသည်ဟုလည်း အဆိုပါအဖွဲ့ချုပ်အသိုင်းအဝိုင်းမှပြောသည်။

ယင်းအိမ်ကို ပြီးခဲ့သောနှစ်က အိမ်ခေါင်းရင်းပိုင်းကို ပြင်ဆင်ပေးခဲ့ပြီး ယခုအကြိမ်တွင် အိမ်ခေါင်းရင်းပိုင်းကို ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ နအဖအာဏာရှင်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား (၂၀၀၃) ခုနှစ် မေ (၃၀) ဒီပဲယင်းလူသတ်ပွဲကြီးဖြစ်ပြီးကတည်းက ဖမ်းဆီးအကျယ်ချုပ်ချထားခဲ့ရာ ယခုဆိုလျှင် (၂) နှစ်နှင့် (၈) လ ရှိပြီဖြစ်သည်။
❖



# အိန္ဒိယသမ္မတ အက်ဘဒူကလမ် မြန်မာနိုင်ငံသို့ အလည်အပတ်သွားမည်


အိန္ဒိယသမ္မတ အက်ဘဒူကလမ်

အိန္ဒိယနိုင်ငံသမ္မတ အေပီဂျေအပ်ဘဒူကလမ် (A P J Abdul Kalam) သည် လာမည့် မတ်လအတွင်း မြန်မာနိုင်ငံသို့သွားရောက်ရန်စီစဉ်ထားကြောင်း အိန္ဒိယနိုင်ငံထုတ် သဟိန္ဒူ (The Hinhdu)သတင်းအရ သိရှိရသည်။

ဇန်နဝါရီ (၁) ရက်နေ့ထုတ် သဟိန္ဒူသတင်းအရယခုခရီးစဉ်အတွက် မြန်မာနိုင်ငံမှတရားဝင်ဖိတ်ကြားချက်ကို အိန္ဒိယနိုင်ငံက လက်ခံရရှိထားပြီးဖြစ်သော်လည်း၊ ခရီးစဉ်အတွက် အတိအကျ ရက်မသတ်မှတ်သေးဟု ဆိုသည်။

မတ်လအတွင်းဖြစ်နိုင်ဖွယ်ရှိသော အိန္ဒိယသမ္မတ၏ခရီးစဉ်သည် (၁၉၈၇) ခုနှစ်က သွားရောက်ခဲ့သော သမ္မတရာဂျစ်ဂန္ဒီ၏ မြန်မာနိုင်ငံခရီးစဉ်နောက်ပိုင်း၊ အဆင့်အမြင့်ဆုံးအိန္ဒိယခေါင်းဆောင်တဦး၏ မြန်မာပြည်ခရီးစဉ်လည်းဖြစ်သည်။

ယခင်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အပြည်အဝထောက်ခံခဲ့အိန္ဒိယနိုင်ငံသည် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ စစ်အုပ်စုနှင့်ဆက်ဆံရေးကောင်းမွန်အောင် တိတ်တဆိတ်ကြိုးပမ်းခဲ့သည်။

လေ့လာဆန်းစစ်သူများက အိန္ဒိယသည် (၁၉၉၀) အလွန်နှစ်များအတွင်း ၎င်းကျင့်သုံးသော အရှေ့မျှော်ပေါ်လစီအရ မြန်မာနိုင်ငံတွင်တရုတ်ဩဇာလွှမ်းမိုးသွားမည် စိုးရိမ်သဖြင့် စစ်အုပ်စုနှင့်ပိုမိုနီးကပ်အောင် ကြိုးပမ်းနေခြင်းဖြစ်သည်ဟုသုံးသပ်ကြသည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ကုန်သွယ်မှုကောင်းမွန်ရေး ကြိုးပမ်းချက်အဖြစ် နအဖအုပ်စု၏ နံပတ် (၂) အဆင့်မြင့်ခေါင်းဆောင်ဗိုလ်ချုပ်ကြီးမောင်အေးသည် (၂၀၀၀) ခုနှစ်၊ နိုဝင်ဘာလတွင် အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့ပြီး၊ (၂၀၀၄) ခုနှစ်၊ အောက်တိုဘာတွင် ဗိုလ်ချုပ်ကြီးသန်းရွှေ သွားရောက်ခဲ့သည်။

ယမန်နှစ်ကနှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရှိခဲ့ပြီး၊ လာမည့်နှစ်အတွင်း နှစ်ဆတိုးမြှင့်ရန်ရည်ရွယ်ထားသည်။

အိန္ဒိယကမြန်မာနိုင်ငံသို့ ဂြိုလ်တုဆက်သွယ်ရေးလုပ်ငန်း (Telecom Project) အတွက် အမေရိကန်ဒေါ်လာ (၇) သန်း၊ သတင်းနည်းပညာကိစ္စရပ်များအတွက် ဒေါ်လာ (၃) သန်းချေးငွေထုတ်ပေးထားပြီး မြန်မာဘက်က အိန္ဒိယကုမ္ပဏီများကို မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင် လုပ်ကိုင်ခွင့်ပေးထားသည်။

အိန္ဒိယသည်မြန်မာနိုင်ငံကို အာရှတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသကြီးနှစ်ခုကို ဆက်စပ်ပေးသော သဘာဝပေါင်းကူးတခုအဖြစ်မြင်ထားသည်။ ❖

# အာဆီယံကိုယ်စားလှယ်ခရီးစဉ်ကို ရက်ချိန်းသတ်မှတ်ပေးရန် ထိုင်းနိုင်ငံတိုက်တွန်း


စီဟာဆက်

အာဆီယံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့သွားရောက်မည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး (Syed Hamid Albar) ခရီးစဉ်ကို အလျှင်အမြန် ရက်သတ်မှတ်ပေးရန် ထိုင်းနိုင်ငံအစိုးရက နအဖကိုတောင်းဆိုလိုက်သည်။

ထိုင်းနိုင်ငံခြားရေးဌာန ပြောခွင့်ရသူ စီဟာဆက် (Sihasak Phuangketkeow) က ထိုင်းနိုင်ငံအနေဖြင့် မစ္စတာ ( Syed Hamid) ၏ မြန်မာပြည်ခရီးစဉ်နှောင့်နှေးသွားသည့်အပေါ် ယာယီရွှေ့ဆိုင်းထားခြင်းအဖြစ်သာ ရှုမြင်ပြီး၊ နအဖသည် အာဆီယံကိုယ်စားလှယ်ခရီးစဉ်အတွက် မကြာမီ ရက်ချိန်းအသစ်တခု အလျှင်အမြန်သတ်မှတ်ပေးမည်ဟု မျှော်လင့်သည်ကို ပြောဆိုလိုက်သည်။

မစ္စတာစီဟာဆက်က "နအဖအုပ်စုအနေနဲ့ အာဆီယံကိုယ်စားလှယ် ခရီးစဉ်ကနေ မြန်မာ့နိုင်ငံရေးမှာ တိုးတက်မှုတွေကို မြင်ရမယ်ဆိုတဲ့ ထိုင်းနိုင်ငံနဲ့နိုင်ငံတကာအသိုင်းအဝိုင်းရဲ့မျှော်လင့်ချက်ကို ကောင်းကောင်းမွန်မွန် ပြန်တုံ့ပြန်သင့်တယ်"ဟု ဆိုသည်။

သူက ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်တာဝန်မှ နုတ်ထွက်သွားခြင်းနှင့် အာဆီယံကိုယ်စားလှယ်ခရီးစဉ်ကိုရွှေ့ဆိုင်းလိုက်သည့်အတွက် နအဖကို အပြစ်ဖို့လိုက်ပြီး၊ အဆိုပါအဖြစ်အပျက်များကြောင့် မြန်မာနိုင်ငံအပေါ်နိုင်ငံတကာဖိအားပိုမိုပြင်းထန်လာနိုင်သည်ဟူသော မစ္စတာဟာမစ်၏ သတိပေးချက်ကို ပြန်လည်ကိုးကားပြောဆိုလိုက်သည်။

"ဒီခရီးရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လမ်းပြမြေပုံ အကောင်အထည်ဖော်တဲ့နေရာမှာ ဘာတွေအမှန်တကယ်ဖြစ်နေတယ်ဆိုတာကို သွားကြည့်ဖို့ပါပဲ။ ဒီအခြေအနေတွေဟာ အာဆီယံတဖွဲ့လုံးအပေါ်ကို သက်ရောက်သလို၊ အာဆီယံရဲ့ဂုဏ်သိက္ခာနဲ့လည်း တိုက်ရိုက်ပတ်သက်နေတယ်" မစ္စတာစီဟာဆက်ကဆိုသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလဆန်းပိုင်း၊ မလေးရှားနိုင်ငံတွင် (၃) ရက်ကြာ ကျင်းပ သော အာဆီယံထိပ်သီးဆွေးနွေးပွဲက မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ဆောင်ချက်များစုံစမ်းရန် မလေးရှားနိုင်ငံခြားရေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်မည့်အစီအစဉ်ကို နအဖကသဘောတူထားခဲ့သည်။

သို့သော် နအဖသည် ပျဉ်းမနားသို့ မြို့တော်ပြောင်းရွှေ့နေ၍ မအားမလပ်ဖြစ်နေသည်ဟုအကြောင်းပြကာ အာဆီယံကိုယ်စားလှယ်အဖွဲ့ကို အကန့်အသတ်မဲ့ရွှေ့ဆိုင်းခဲ့သည်။

အာဆီယံနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက မစ္စတာဟာမစ်၏ ခရီးစဉ်အတွင်း နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးရန်လည်းတောင်းဆိုထားသည်။

❖

**မင်းဆိုးကို မိုးကြိုးပစ်မည်**

# မြန်မာ့ဒီမိုကရေစီအရေးအတွက် အမေရိကန်နှင့် ဒေသတွင်းနိုင်ငံများကြိုးပမ်း


ကွန်ဒိုလီဇာရိုက်စ်

မြန်မာ့ဒီမိုကရေစီအရေးကြိုးပမ်းမှုတွင် အမေရိကန်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်က ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ပြောဆိုလိုက်သည်။

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီသို့ အလည်အပတ်ရောက်နေသော အင်ဒိုနီးရှားသံတမန် (Sudjadnan Parnohadiningrad) နှင့်တွေ့ဆုံရာတွင် ဒေါက်တာရိုက်စ်က အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီနိုင်ငံကြီးတခုဖြစ်သည့် အားလျော်စွာ မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်လာလျှင်လည်း အာဆီယံနိုင်ငံများကိုလည်း ဦးဆောင်သွားရန်တိုက်တွန်းလိုက်ပြီး၊ အမေရိကန်နိုင်ငံအနေဖြင့်လည်း မြန်မာ့ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးကိစ္စများတွင် ဘယ်တော့မှလက်လျှော့မည်မဟုတ်ဟု ပြောဆိုလိုက်သည်။


ဆူဆီလိုဘမ်ဘန်း ယူဒိုယိုနို

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်တည်ဆောက်ရန် အစဉ်တစိုက်ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး၊ မကြာသေးခင်ကပင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၊ ခရစ္စတိုဖာဟေး၏ အာရှခရီးစဉ်အတွင်း ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံများနှင့် မြန်မာ့အရေးဆွေးနွေးခဲ့သည်။

အလားတူ မြန်မာ့ဒီမိုကရေစီအရေးအတွက်ကြိုးပမ်းမှုအဖြစ် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်ယူဒိုယိုနိုသည် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသို့သွားရောက်ရန်ရှိပြီး၊ သမ္မတ၏ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အတွေ့အကြုံချင်းဖလှယ်သွားရန် မျှော်လင့်ကြောင်းပြောဆိုထားသည်။


ဟာမစ်အာဘယ်

အင်ဒိုနီးရှားနိုင်ငံသည် စစ်အာဏာရှင်စနစ်မှာ ဒီမိုကရေစီစနစ်သို့ကူးပြောင်းလာသော အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံနှင့် သမိုင်းကြောင်းအရ တူညီမှုရှိသော နိုင်ငံအဖြစ် နှိုင်းယှဉ်ပြောဆိုလေ့ရှိသည်။

၎င်းအတောအတွင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆစ်ဟာမစ်ကလည်း ကုလသမဂ္ဂအပါအဝင်၊ ကမ္ဘာ့နိုင်ငံများသည် မြန်မာနအဖကို စိတ်ပျက်နေကြပြီး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော နအဖသည် ပိုမိုပြင်းထန်သော အရေးယူပိတ်ဆို့အရေးယူမှုများနှင့်ရင်ဆိုင်ရဖွယ်ရှိသည်ဟု သတိပေးထားသည်။


ကင်ဒေးဂျုံ

အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြားတွင် မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွက် ဖိအားပြင်းထန်နေချိန်တွင် တောင်ကိုးရီးယားသမ္မတဟောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ကင်ဒေးဂျုံကလည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးမျှော်လင့်ချက်အသစ်ဖြစ်ပေါ်လာရန်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် တခြားနိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန် နအဖကို တိုက်တွန်းသော ကြေညာချက်တစောင် ထုတ်ပြန်ထားသည်။

❖

# စင်မြင့်ပေါ်က သူရဲကောင်းများ

မင်းရန်ကင်း

“အသည်းနှလုံးနဲ့ဟော့ စက်ရုပ်မဟုတ်ဘူး၊ ဦးနှောက်ရှိတဲ့အသွေးအသား မုန်းတတ်တယ်နော်”ဆိုတဲ့ သီချင်းကို တီးဝိုင်းမပါဘဲ စင်ပေါ်တက်ပြီး အိုက်တင်အပြည့်နဲ့ ဆိုပြနေတဲ့သူကတော့ အဆိုတော်ချစ်ကောင်းမဟုတ်ပါ။ စာပေလွတ်လပ်ခွင့် ဆုံးရှုံးနေရသောစာရေးဆရာတယောက်အနေဖြင့် စာပေဟောပြောပွဲတခုတွင် ခံစားချက်အပြည့်နဲ့ ပေါက်ကွဲပြနေခြင်းဖြစ်ပါသည်။ သူကတော့ အသားညိုညိုထောင်ထောင်မောင်းမောင်း၊ မျက်နှာက ပါးစောင်ရိုးခပ်ကြီးကြီး၊ သူဝတ်ထားသော ပလေကပ်ပုဆိုးအပြာရင့်နှင့် ဇာမဏီငှက်ရုပ်ထိုးထားသော အညိုရောင်ပါတိတ်အကျႌလက်တိုမှာ သူ၏အသားအရေနှင့် အင်မတန်မှလိုက်ဖက်လှပါသည်။ မိုက်ခွက်ကိုင်ထားသော သူ၏လက်သီးဆုပ်ကြီးနှင့် လက်ဖျံကြီးများကို ကြည့်ရင်း ကျနော်ဖတ်ဖူးသော ရှေးမြန်မာရှေ့ဘိုသား၊ တကယ်အထင်နှင့်အမြင် တိုက်တိုက်ဆိုင်ဆိုင်သူကလည်း တကယ့်ရှေ့ဘိုသားတယောက်ဖြစ်နေသည်။ ထိုသူကတော့ အင်းစိန်ထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသမားဘဝဖြင့် ထောင်အနှစ် (၂၀) ကျခံရင်း ယုံကြည်ချက်ကို အသက်နှင့်ပေးဆပ်သွားသော စာရေးဆရာ မောင်သော်ကပင်ဖြစ်ပါသည်။

ထိုသို့အစချီရခြင်းမှာ ကျနော်နိုင်ငံရေးလောကထဲရောက်လာပုံကလေးကို သွယ်ဝိုက်၍ပြောနေခြင်းဖြစ်ပါသည်။ အဲဒီတုန်းက ကျနော့်အသက် (၁၇) နှစ်ဝန်းကျင်၊ (၁၉၈၅) ခု ဒီဇင်ဘာ မြန်မာလိုနတ်တော်လဖြစ်ပါသည်။ ကျနော်နေသော တာမွေမြို့နယ်ရာပြည့်ကွင်းတွင် ရွှေမန်းဇာတ်သဘင်ပွဲလာကသည်ဟု သတင်းကြားရပါသည်။ ကျနော်နှင့်ပေါင်းသင်းသော ရန်ကုန်သားသူငယ်ချင်းများမှာ ဇာတ်ပွဲလုံးဝဝါသနာမပါ၊ ကျနော်ကတော့ အညာမှာမွေး၊ အညာမှာကြီးပြင်းလာရတော့ အငြိမ့်ပွဲ၊ ဇာတ်ပွဲများနဲ့ယဉ်ပါးနေသည်။ ကျနော်ကြီးပြင်းခဲ့သော ပခုက္ကူမြို့မှာဆိုရင် သီတင်းကျွတ်၊ တန်ဆောင်မုန်းကအစ တပေါင်း၊ တန်ခူးအဆုံး ရွာဘုရားပွဲမှ မြို့ဘုရားပွဲအထိ ဇာတ်ပွဲပြတ်တယ်လို့ကိုမရှိ၊ ထို့ကြောင့် ဇာတ်သံကြားရင်မနေနိုင်သော ကျနော် ဘယ်သူမှ အဖော်မခေါ်ပဲတယောက်တည်း ထွက်ချလာပါသည်။ ဇာတ်ပွဲသို့သွားရာလမ်းရာပြည့်ကွင်းအနီး (၁၆၆) လမ်းထဲတွင် မမျှော်လင့်ပဲ စာပေဟောပြောပွဲတခုနဲ့ ဝင်တိုးခဲ့ပါသည်။ ထိုစာပေဟောပြောပွဲသည် ကျနော်၏ ပထမဆုံးအတွေ့အကြုံပင်ဖြစ်သည်။ ကျနော်စင်မြင့် နောက်ကျောဘက်ရောက်တော့ စာပေဟောပြောပွဲကျင်းပသူက ရင်းရင်းနှီးနှီးလေသံဖြင့် “ဒီဘက်က အသားညိုညို ထောင်ထောင်မောင်းမောင်းကတော့ ဆရာမောင်သော်က၊ ဟိုဘက် အစွန်က အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်နဲ့ကတော့ ဆရာမောင်မိုးသူ၊ အဲ့အလယ်က ပိန်ပိန်သေးသေးညိုညိုနဲ့ကတော့ ဆရာကိုမင်းလူပဲ ဖြစ်ပါတယ်ခင်ဗျာ”ဟု မိတ်ဆက်ပေးလိုက်သောအခါ ပရိတ်သတ်ဘက်မှ လက်ခုံသံစတင် ကြားရပါသည်။ ကျနော်လည်း စင်မြင့်ဘေးသို့ ဘယ်လိုရောက်သွားမှန်းမသိလိုက်ပါ။ ပထမဆုံးဟောပြောသူကတော့ ဆရာမောင်သော်ကဖြစ်ပါသည်။ ဆရာက ဇဝန ဉာဏ်ရှင်သည်၊ စဆိုင်ယာကောင်းသည်၊ မဆလ အာဏာရှင်ဦးနေဝင်း၏အုပ်ချုပ်ရေးယန္တရားများကို သရော်သည်၊ ဆရာရိသဲ့သဲ့ သရော်တော်တော် ဟောပြောတိုင်း ပရိတ်သတ်ကသဘောကျပြီး လက်ခုပ်တီးအားပေးသည်။ ကျနော့် လက်ဖဝါးများမှာလည်း လက်ခုပ်တီးရလွန်းလို့ နာလာသည်။ ရုပ်ရှင်အကယ် ဒမီသုံးထပ်ကွမ်း မင်းသားကြီး ညွန့်ဝင်း ရွှေမန်းဇာတ်ပွဲသို့ လာကမှာကိုလည်း သတိမရတော့၊ ဆရာမောင်သော်ကို မင်းသားကြီး ညွန့်ဝင်းထက်ပိုကြိုက်သွားသည်။ ဆရာ၏ အဟောအပြောလေလှိုင်းထဲတွင် ကျနော်မျှောပါသွားခဲ့ပြီ။ ဆရာဟောပြောခဲ့သမျှ မှတ်မိတာလေးတခုလောက် ကျနော်တင်ပြချင်ပါသည်။ ဆရာက “ကျနော်ပေဖူးလ္ဘာမဂ္ဂဇင်းတိုက်မှာ အလုပ်လုပ်ပါတယ်။ ညနေတိုင်းမှာ မဂ္ဂဇင်းတိုက်ကနေအိမ်ကို ကားမောင်းပြီးပြန်ပါတယ်။ တနေ့တော့ ကျနော်အိမ်ရှိတဲ့ လမ်းသွယ်ထဲကို မကွေ့ခင် လမ်းမကြီးပေါ်က စည်ပင်သာယာရေမြောင်းအပေါက်ကို ဖုံးထားတဲ့သံအဖုံးကြီး ပျောက်သွားတာကိုတွေ့ရပါတယ်။ ကျနော်တို့ ဗမာပြည်မှာ သံတိုသံစဆိုရင် ဂျပန်ခေတ်က မပေါက်သေးတဲ့ ဗုံးကြွင်းဗုံးကျန်က အစချမ်းသာမပေးပဲ အရောင်းအဝယ်ဖြစ်နေတာဆိုတော့၊ ဒီစည်ပင်သာယာရေမြောင်းဖုံးဆိုရင် သံတိုသံစဝယ်တဲ့ ကုလားအကြိုက်ပေါ့ဗျာ၊ ဒါနဲ့ပဲ ကားလမ်းအလယ်ခေါင်မှာ အပေါက်ကြီးဖြစ်သွားပါရော၊ အဲ.... လမ်းပေါ်က ကားတွေက အပေါက်ကြီးကို ခွမောင်းတဲ့ကားကမောင်း၊ ကွေ့ပြီးရှောင်တဲ့ကားက ရှောင်နဲ့ အမြင်မတော်ဖြစ်နေတဲ့အထဲ ကျနော်လည်း ပါတာပေါ့ဗျာ။ ဒီအပေါက်ကြီးကို တနေ့ခွ၊ တနေ့ရှောင်လိုက်နဲ့ ရက်အတော်ကြာလာတော့ ကျနော်လည်းမနေနိုင်တော့ဘူး။ အဲဒါနဲ့.... စည်ပင်သာယာက ကျနော့်သူငယ်ချင်း ဗိုလ်မှူးဟောင်းတယောက်ဆီ ဖုန်းဆက်အကြောင်းကြားလိုက်တယ်။ အဲဒီသူငယ်ချင်းနာမည်ကိုတော့ ထည့်မပြောပါရစေနဲ့ဗျာ၊ တယ်လီဖုန်းဖြင့်–

ဆရာသော်.... ဒီမယ် သူငယ်ချင်း ငါပါကွ.... မောင်သော်ကပါ စည်ပင်သာယာ.... ဟာ.... အေးအေးသူငယ်ချင်း.... ငါ ဘာအကူအညီပေးရမလဲပြော–

ဆရာသော်.... အကူအညီကတော့ တခြားထွေထွေထူးထူးမဟုတ်ပါဘူး၊ ငါတို့လမ်းထိပ်က ကားလမ်းကြီးပေါ်မှာ မင်းတို့စည်ပင်သာယာက ရေမြောင်းပေါက်ဖုံးထားတဲ့ သံအဖုံးကြီးမရှိတော့ဘူး၊ အဲဒီအပေါက်ကြီးကို ကားတွေကခွမောင်းလိုက်၊ ရှောင်မောင်းလိုက်နဲ့အလုပ်ရှုပ်.... ရှုပ်....

စည်ပင်သာယာ.......... တော်.... တော်သူငယ်ချင်း ဒီလောက်ဆိုငါသဘောပေါက်ပြီ၊အမြန်ဆုံးသွားပြင်ခိုင်းလိုက်မယ်.... အိုကေနော်သူငယ်ချင်း ဆရာသော်.......... အိုကေ.... အိုကေ။

ဒီလိုနဲ့နောက်နေ့ကျတော့ အပေါက်ကြီးဘေးမှာ အနီအဖြူကြား စည်ပင်သာယာ ထုလုံးချွန်တုံးများ လာထောင်သွားတယ်။ ပြီးတော့ တံခွန်ပုံယက္ကာန်အနီရောင်အလံချွန်ချွန်လေးတခုလာစိုက်သွားတာလည်းတွေ့ရတယ်။ သဘောကတော့ လမ်းပြင်နေဆဲ အလုပ်လုပ်နေဆဲဆိုတယ့် သင်္ကေတပဲပေါ့ဗျာ။ ကျနော်လည်းအလုပ်တိုက်က ကားမောင်းပြီးပြန်လာတော့ ဒီမြင်ကွင်းကိုတွေ့တွေ့ခြင်း တော်တော် ဝမ်းသာသွားတယ်။ ဒါပေမယ့် ကားကအပေါက်ကို ခွမောင်းလို့မရတော့ဘူး။ စည်ပင်သာယာအတုံးတွေကိုပါရှောင်ပြီး မောင်းနေရတော့ ကားလမ်းကပိုကျဉ်းပြီး ကြပ်သွားတယ်။ တရက်.... နှစ်ရက်.... သုံးရက်.... တပတ်.... ဆယ်ရက်စိုက်ထားတဲ့စည်ပင်သာယာအလံလေးဟာ လမ်းမပြင်ရလို့ ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ တိုင်ဝက်ကို လျှောကျသွားတာကိုပဲ ကျနော်တွေ့ရတော့တယ်”ဟု ပြောလိုက်သောအခါ ပရိသတ်ကြီးမှာ ဝါးကနဲ ပွဲကျသွားပါသည်။ နောက်ဆုံးပိတ် ဆရာဟောသွားသည်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး၏ ကျေးဇူးကြောင့် အင်္ဂလိပ်စာပြ ကျူရှင်ဆရာလုပ်နေတာ အဆင်ပြေသည့်အကြောင်း ပြောသွားသည်။ လက်ဝှေ့ အကျော်အမော် ကျားဘငြိမ်း၏ ညီမှန်းသိသာသည်၊အရှောင်အတိမ်းကောင်းသည်၊ မရှောင်တတ်လို့အထိုးခံရသည်က ပရိသတ်ထဲကကျနော်၊ ထိုညက အားပေးမှုဖြင့် လက်တို့ပြီး သက်ဆိုင်ရာရပ်ကွက်ကောင်စီရုံးသို့ ခေါ်ခြင်းခံရသည်။ ရုံးရောက်တော့ ကျနော်လို လူငယ် (၂) ယောက် ကျွန်တော်နှင့်ပေါင်း (၃) ယောက်၊ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၏သတိပေးခြင်း၊ ခြိမ်းခြောက်ခြင်းခံရသည်။ နောက်နောင်ပွဲဆူအောင်မလုပ်တော့ပါဟု လက်မှတ်ထိုး လူဆိုးစာရင်းသွင်းပြီး ကျနော်တို့ကိုပြန်လွှတ်လိုက်သည်။

ထိုစဉ်က ဆရာမောင်သော်ကအားပေဖူးလ္ဘာမဂ္ဂဇင်းထဲတွင် တိုက်ရေယာဉ်၊ (၁၀၃) အခန်းဆက် ဝတ္ထုရှည်ဖတ်ဖူးရုံ လောက်သာသိရှိခဲ့ပါသည်။ မဆလခေတ်က သတင်းစာ လွတ်လပ်ခွင့်၊ စာပေလွတ်လပ်ခွင့်ဆိုတာမရှိ၊ ယခုလည်းမရှိ၊ သတင်းစာဆရာ၊ စာရေးဆရာများ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်ခံထားရသည့်ကြားမှ ဆရာသည်စာပေ ဟောပြောပွဲမှတဆင့် ပြည်သူလူထုကို မျက်စိဖွင့်၊ နားဖွင့်ပေးသည်။ အာဏာရှင်စနစ်ဆိုးကြီးကို မီးမောင်းထိုးပြသည်။ ဒီလိုနဲ့ (၁၉၈၈) ခုနှစ်လေးလုံး (၈၈၈၈) အထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာသည်။ ပြည်သူတို့၏ ဆန္ဒပြပွဲများလှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် အရှိန်အဟုန်မြင့်တက်လာသည်။ အာဏာပိုင်များက ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို အကြမ်းဖက်နှိမ်နင်းလိုက်သည်။ ထိုအကျိုးဆက်ကြောင့် စိန်လွင်အစိုးရပြုတ်ကျသွားသည်။ ရန်ကုန်မြို့ကြီးလည်း ခေတ္တငြိမ်သက်သွားသည်။ (၁၉၈၈) ဩဂုတ်လ (၂၀) ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ဆန္ဒပြသူ(၁၀၀၀) ခန့်စုရုံးမိကြပြီး ဆေးရုံကြီးမှထွက်၍ လသာ တရုတ်တန်းဘက်သို့ လှည့်လည်ဆန္ဒပြကြသည်။ ဆန္ဒပြသူထဲတွင် ရုပ်ရှင်မင်းသားကြီး ထွန်းဝေနှင့် ဆရာမောင်သော်ကတို့ ဆိုက်ကားကိုယ်စီဖြင့် လိုက်ပါလာပါသည်။ ထိုအချိန်က ဆရာ့ကိုမြင်မြင်ချင်း ကျနော်အားတက်မိသွားပါသည်။

ရန်ကုန်မြို့ပေါ် အထွေထွေသပိတ်ကြီးမှာလည်း ပြန်လည်အသက်ဝင်လှုပ်ရှားလာပါသည်။ (၁၉၈၈) စက်တင်ဘာ (၁၈)ရက် စစ်တပ်မှအာဏာသိမ်းပြီးနောက် စက်တင်ဘာ (၂၄) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်သောအခါ ဆရာမောင်သော်ကသည် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော တတ်သိပညာရှင်များဘက်မှ ဗဟိုကော်မတီဝင်ဖြစ်လာခဲ့ပါသည်။ ဆရာ့အား ကျနော်နောက်ဆုံးတွေ့ခဲ့ရသည်မှာ (၁၉၈၈) ခု ဒီဇင်ဘာ (၃) ရက်နေ့ကဖြစ်ပါသည်။ အမှတ် (၅၄) တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းထဲတွင် စည်းဝေးခန်းမအဖြစ် တဲထိုးထားပါသည်။ ထိုခန်းမအား ခွပ်ဒေါင်းခန်းမဟု နာမည်ပေးထားပါသည်။ ထိုခွပ်ဒေါင်းခန်းမထဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်တို့ တွေ့ဆုံပွဲလုပ်ပါသည်။ ထိုတွေ့ဆုံပွဲတွင် ဆရာမောင်သော်ကမှကဗျာဆရာကြီးရုပ်ယတ်ပလင်၏ (အိုင်အက်ဖ်) ဆိုသည့် ကဗျာကို သူကိုယ်တိုင်ဘာသာပြန်ပြီး ဖတ်ပြသွားပါသည်။ (၁၉၈၉) ဇွန်လတွင် ဆရာမောင်သော်ကအား တပ်မတော်ဖြိုခွဲသည်ဟုစွပ်စွဲကာဖမ်းဆီးခဲ့ပြီးဘ (၁၉၈၉) အောက်တိုဘာ (၅) ရက်တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် (၂၀) ချမှတ်လိုက်ပါသည်။

(၁၉၉၀) ခုစက်တင်ဘာ (၂၅) ရက် အင်းစိန်ထောင်တွင်း အကျဉ်းသားများ၏ နိုင်ငံရေးတိုက်ပွဲဖြစ်သောအခါ ဆရာလည်း မချိမဆန့်ရိုက် နှက်ခံရပါသည်။ ဆရာရိုက်နှက်ခံရပုံမှာ ထောင်အာဏာပိုင်များက ဆရာ့အား (၂) တိုက်ဘေးကွက်လပ်ထဲတွင် ထောင်ပိုင်ဖြစ်သော ဘိုကြည်ကိုယ်တိုင် ဆံပင်ဆွဲပြီး “ကြီးမိုက်.... ကြီးမိုက်”ဟု ပြောကာရိုက်နှက်ခဲ့ပါသည်။ ထိုအချိန်က ကျနော်နှင့်အတူ နိုင်ငံရေးအကျဉ်းသား (၃၀) ကျော်တို့မှာ အင်းစိန်ထောင်စစ်ခွေး တိုက်ထဲတွင် အစာငတ်၊ ရေငတ်ခံဆန္ဒပြနေသည်မှာ (၈) ရက်ရှိနေပြီဖြစ်သည်။ ထိုနေ့ည (၉) နာရီခန့်က ကျနော်တို့ စစ်ခွေးတိုက်မှ နိုင်ငံရေးအကျဉ်းသားအားလုံးကို ထောင်အာဏာပိုင်များက အတင်းဆွဲခေါ်ပြီး ထောင်ဆေးရုံသို့ ပို့လိုက်ပါသည်။ ထောင်ဆေးရုံသို့ရောက်ပြီး ဆရာ ရိုက်နှက်ခံရသည်ဟု သတင်းကြားရသောအခါ ကျနော်များစွာ စိတ်ထိခိုက်မိပါသည်။ နဂိုကတည်းက လေသင်တုန်းဖြတ်ခံရဘူးပြီး လက်တဖက်မသန်ဖြစ်နေတဲ့ ဆရာ့ရဲ့ ကျန်းမာရေးအခြေအနေကိုလည်း စိုးရိမ်

> *ကျနော် လည်းအလုပ်တိုက်က ကားမောင်းပြီးပြန်လာ တော့ ဒီမြင်ကွင်းကိုတွေ့တွေ့ခြင်း တော်တော်ဝမ်းသာသွားတယ်။ ဒါပေမယ့် ကားကအပေါက်ကို ခွမောင်းလို့မရတော့ဘူး။ စည်ပင်သာယာအတုံးတွေကိုပါရှောင်ပြီး မောင်းနေရတော့ ကားလမ်းကပိုကျဉ်းပြီး ကြပ်သွားတယ်။ တရက်... နှစ်ရက်... သုံးရက်... တပတ်... ဆယ်ရက်စိုက်ထား တဲ့စည်ပင်သာယာအလံလေးဟာ လမ်းမပြင်ရလို့ ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ တိုင်ဝက်ကို လျှောကျသွားတာကိုပဲ ကျနော်တွေ့ရတော့တယ်*

စာမျက်နှာ (၁၈) ကော်လံ (၅) သို့ ...

# မြန်မာ့ကမ်းလွန်ပင်လယ်ကမာတ်ငွေ့ကို ထိုင်းကုမ္ပဏီတူးဖော်မည်

ထိုင်းနိုင်ငံပိုင် ပီတီတီအီးပီ အင်တာနေရှင်နယ်က မြန်မာ့ကမ်းလွန်ဒေသမှ ဓာတ်ငွေ့တွင်း (၆) ခုကို တူးဖော်ဦးမည်ဟု သိရှိရသည်။

မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ပိုင်း၊ အမ် (၇)နှင့် အမ် (၉) ဓာတ်ငွေ့ကွက်များတွင် တူးဖော်မည့် အစီအစဉ်ကို လာမည့်ဧပြီနှင့် မေလတွင်စတင်မည်ဟု မြန်မာ့ရေနံနှင့် သဘာဝ ဌာနမှ အရာရှိများကို ကိုးကား၍ ခေတ်မြန်မာသတင်းကရေးသားသည်။

လောလောဆယ်တွင် ထိုင်းနိုင်ငံပိုင် ပီတီတီအီးပီကုမ္ပဏီသည် လွန်ခဲ့သော (၂) နှစ်ခန့်က မြန်မာအာဏာပိုင်များနှင့် ချုပ်ဆိုထားသောစာချုပ်အရ မြန်မာ့နိုင်ငံ၊ မုတ္တမကမ်းလွန်ဒေသရှိ ဓာတ်ငွေ့ကွက် (၃) ခုတွင် ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိသည်။

ထိုင်းပီတီတီအီးပီကုမ္ပဏီသည် ယခင်ကလည်း မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင် ရတနာနှင့် ရဲတံခွန်ဓာတ်ငွေ့စီမံကိန်လုပ်ငန်းများကိုလုပ်ကိုင်ခဲ့ပြီး၊ တွေ့ရှိသောဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့သည်။

ရတနာဓာတ်ငွေ့တွင်းသည် (၁၉၈၈) ခုနှစ်မှစ၍ နေ့စဉ်ဓာတ်ငွေ့ကုဗမီတာ (၁၄ ဒသမ ၈) သန်း ထုတ်လုပ်နေပြီး၊ ရဲတခွန်ဓာတ်ငွေ့တွင်းသည် (၂၀၀၀) ခုနှစ်မှ နေ့စဉ် ဓာတ်ငွေ့ကုဗမီတာ(၈ ဒသမ ၄) သန်း ထုတ်လုပ်လျက်ရှိသည်။

ပြီးခဲ့သည့် (၂၀၀၄–၂၀၀၅) ဘဏ္ဍာရေးနှစ်အတွင်း မြန်မာဓာတ်ငွေ့တွင်းများမှ ဓာတ်ငွေ့ကုဗမီတာ (၉ ဒသမ ၅) ဘီလီယံ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိခဲ့သည်။ ❖

# ၂၀၀၅ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၀) ရာခိုင်နှုန်းကျော်ကျဆင်း

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံသို့ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၁၃) သန်းဖြစ်ပြီး၊ (၂၀၀၄) ခုနှစ်ကနှိုင်းယှဉ်လျှင် (၁၁ ဒသမ ၆) ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရှိရသည်။

အရှေ့တောင်အာရှနိုင်ငံများသည် မြန်မာနိုင်ငံတွင် အဓိကရင်းနှီးမြှုပ်နှံမှုပြုလုပ်သောနိုင်ငံများဖြစ်ပြီး၊ ၎င်းနိုင်ငံများသည် အဓိကအားဖြင့် စွမ်းအင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနေကြသည်ဟု နအဖအရာရှိတဦးကိုကိုးကား၍ ဇန်နဝါရီလထုတ် (Weekly Eleven) တွင် ရေးသားထားသော်လည်း အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။

မြန်မာနိုင်ငံတွင် (၁၉၈၈) နှောင်းပိုင်းမှစ၍ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးခဲ့ပြီး၊ ယခုအချိန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ (၇ ဒသမ ၇၆) ကို ဖိတ်ခေါ်နိုင်ခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ❖

# ၂၀၀၅ ခုနှစ်အတွင်းခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ (၁၅၃) သန်းရရှိ

၂၀၀၅ ခုနှစ်သို့ နိုင်ငံခြားခရီးသွား (၆၆၆,၀၀၀) လာရောက်လည်ပတ်ခဲ့ပြီး၊ နိုင်ငံခြားခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ (၁၅၃) သန်း ရရှိခဲ့သည်ဟု ဇန်နဝါရီလ (၂၆) ရက်နေ့ထုတ် မြန်မာတိုင်မ်း (Myanmar Time) သတင်းစာတွင်ဖော်ပြထားသည်။

ယမန်နှစ်က မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားများသည် အနည်းငယ်များပြားလာခဲ့သဖြင့် ခရီးသွားလုပ်ငန်းမှ ရရှိသောငွေသည် (၂၀၀၄) ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် (၁၂ ဒသမ ၅) သန်း တိုးတက်ခဲ့သည်ဟု သတင်းကဆိုသည်။

ပုဂ္ဂလိကသတင်းစာတစောင်ဖြစ်သော ပြည်မြန်မာသတင်းကလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားများအနက် (၄၂၅,၉၈၈) ဦးသည် အိမ်နီးချင်း ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှတဆင့် မြန်မာနိုင်ငံသို့လာရောက်ခြင်းဖြစ်ပြီး၊ အဆိုပါနယ်စပ်မှ ဝင်ရောက်လာသောခရီးသည်ပမာဏသည် ခရီးသည်အားလုံး၏ (၆၀) ရာခိုင်နှုန်းရှိသည်ဟုဖော်ပြသည်။

ယမန်နှစ်က ဂျပန်နိုင်ငံမှ မြန်မာ နိုင်ငံသို့ ခရီးသည် (၁၉,၅၄၈) ဦး လာရောက်လည်ပတ်ခဲ့သည်။ ❖

# တရုတ်ပြည်သို့ သစ်ခိုးထုတ်ရာတွင် မြောက်ပိုင်းတိုင်းရင်းသားများ ပါဝင်ပတ်သက်


မြန်မာ့အဖိုးတန် ကျွန်းသစ်များ

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှ တရုတ်နိုင်ငံ အနောက်မြောက်ဘက် ယူနန်ပြည်နယ်သို့ တရားမဝင်သစ်များ အဆက်မပြတ်ဝင်ရောက်နေပြီး ယင်းလုပ်ငန်းတွင် နအဖမြောက်ပိုင်းတိုင်းမှူး ပါဝင်ပက်သက်နေသည်ဟု ကမ္ဘာမြေစောင့်ကြည့်ရေးအဖွဲ့က ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ပြောဆိုလိုက်သည်။

အဖွဲ့၏ ယခုနောက်ဆုံးအစီရင်ခံစာအရ နအဖထိန်းချုပ်သောနယ်မြေမှ သစ်ခိုးကားများသည် တရုတ်နိုင်ငံသို (၇) မိနစ်တွင်တကြိမ်ဝင်ရောက်နေပြီး၊ လွန်ခဲ့သောနှစ်များကနှင့်စာလျှင် ပိုများလာသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကမ္ဘာမြေစောင့်ကြည့်ရေးအဖွဲ့၏ ပြောခွင့်ရသူ မစ္စဇူဇန်ကမ်ဘဲ (Susanne Kempel) က''အရင်လတွေက သစ်မှောင်ခိုသယ်တာတွေရပ်သလောက်ဖြစ်ခဲ့ပေမယ့် ပြီးခဲ့တဲ့ (၁၀) ရက်လောက်ကစပြီး၊ သစ်တင်ကားတွေ ညဘက်မှာ တရုတ်ဘက်ကို ပြန်ဝင်နေတယ်''ဟု ဆိုသည်။

မစ္စဇူဇန်ကမ်းဘဲက ''အရင်ကတော့ နယ်စပ်ဒေသတွေက အပြည့်အဝမထိန်းချုပ်နိုင်လို့ သစ်ခိုးတာတွေဖြစ်နေတာပါလို့ နအဖကဆင်ခြေပေးတယ်။ အခုတော့ ထိန်းချုပ်နိုင်နေပြီပဲ။ ဒါပေမယ့် သစ်ခိုးထုတ်တာလည်း ဆက်ရှိနေတုန်းပဲ''ဟုဆိုသည်။

သူမက ဆက်လက်၍ သစ်မှောင်ခိုလုပ်ငန်းလုပ်ကိုင်ရန်အတွက် တရုတ်ပိုင် ဂျိတ်လန်ကုမ္ပဏီသည် ယင်းလုပ်ကိုင်ခွင့်အတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်ကို သိန်းထောင်ချီပေးရကြောင်း ပြောသည်။

သစ်ခိုးထုတ်မှုကြောင့် ပြည်တွင်းသစ်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပဈေးကွက်၌ ဈေးနှုန်းကျဆင်းမှုနှင့်ရင်ဆိုင်နေရကြောင်း၊ သစ်ခိုးထုတ်လုပ်မှုများကိုကာကွယ်ရန် တရုတ်အစိုးရနှင့် သံတမန်နည်းဖြင့်သွားရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ဗိုလ်ချုပ်အောင်သိန်းက မကြာသေးမီခင် မြန်မာတိုင်းမ်သို့ပြောဆိုထားသည်။

မြန်မာသစ်တောဌာနက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့သောသစ်မှာ (၁၈,၀၀၀) ကုဗမီတာရှိသည်ဟုဆိုသော်လည်း တဘက်အခြမ်းက ကုဗမီတာတသန်းရှိသည်ဟုဆိုသည်။

ကမ္ဘာမြေစောင့်ကြည့်ရေးအဖွဲ့က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့နေသော သစ်တန်ဖိုးမှာ ဒေါ်လာ သန်း (၃၀၀) ရှိသည်ဟုခန့်မှန်းသည်။

(၂၀၀၄) ခုနှစ်အတွင်း မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံယူနန်ပြည်နယ်သို့ သစ်ကုဗမီတာ (၁) သန်းကျော်တင်ပို့ခဲ့ရာ (၉) ရာခိုင်နှုန်းမှာ တရားမဝင်ဖြစ်ပြီး မှောင်ခိုတင်ပို့မှုကြောင့် အမေရိကန်ဒေါ်လာ သန်း (၂၅၀) ဖိုး မြန်မာဘက်မှ နှစ်စဉ် နစ်နာကြောင်း ကမ္ဘာမြေစောင့်ကြည့်ရေးအဖွဲ့က ခန့်မှန်းထားသည်။

❖

# မြန်မာ့မှောင်ခိုကျွန်းသစ် ဘင်္ဂလားတွင် လူကြိုက်များ

ရခိုင်ပြည်နယ်အတွင်းမှ ကျွန်းသစ်များကို ဒေသခံစီးပွားရေးသမားများက ရေလမ်းဖြင့် ဘင်္ဂလားဒေ့ရှ်သို့ မှောင်ခိုခိုးထုတ်နေကြသည်ဟု ကုန်သည်တဦးကပြောကြောင်း နေရဥ္စရာသတင်းတပုဒ်တွင်ဖော်ပြသည်။

အနည်းဆုံးစက်လှေ (၃) စီးဖြင့်ကျွန်းသစ်တန်တရာခန့်သည် ဘင်္ဂလားဒေ့ရှ်တက်ခ်နက်ဖ် (Teknaf) ဆိပ်ကမ်းသို့ နေ့စဉ်ခိုးထုတ်ခံနေရသည်။ ထိုမှောင်ခိုသစ်များကို ဘင်္ဂလားဒေ့ရှ်ကုမ္ပဏီတခုဖြစ်သည့် (UNIVEN post Service Ltd)က ဝယ်ယူခြင်းဖြစ်သည်။ ထိုကုမ္ပဏီက မှောင်ခိုကျွန်းသစ် (၁) စတုရန်းပေကို (၄၂၀) တာကာ (၇,၅၆၀ ကျပ်) နှုန်းဖြင့်ဝယ်ယူသည်။

ထိုကျွန်းသစ်များသည် ဘူးသီးတောင်၊ သံတွဲ၊ ကျောက်ဖြူ၊ အန်းတို့မှဖြစ်ပြီး ဒေသခံနအဖရေတပ်များသည် ကျွန်းသစ်မှောင်ခိုခိုးထုတ်မှုတွင်ပါဝင်ပတ်သက်နေသည်။ သစ်မှောင်ခိုစက်လှေများ ဘင်္ဂလားဒေ့ရှ်–မြန်မာ့ရေပိုင်နက်ကိုဖြတ်သန်းရာတွင်အကာအကွယ်ပေးရန်မှောင်ခိုစက်လှေတစီးကို ကျပ်ငွေနှစ်သိန်းဗမာ့ရေတပ်မတော်သို့ဆက်ကြေးပေးရကြောင်းသိရသည်။ မြန်မာ့ကျွန်းသစ်များသည် အခြားမှောင်ခိုပစ္စည်းများဖြစ်သည့် ဆန်၊ ဆားနှင့် ကြက်သွန်တို့ကဲ့သို့ပင်ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် လူကြိုက်များနေကြောင်းသိရသည်။ ❖

# နအဖတပ်အတွင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား၊ (၆)ဦးသေ၊ (၂) ဦးဒဏ်ရာရ

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၄) ရက်နေ့က ရန်ကုန်မြို့တောင်ဘက် ဒဂုံမြို့နယ်တွင် နအဖတပ်များအချင်းချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ စစ်ဘက်အရာရှိတဦးနှင့် တပ်သား (၅) ဦးသေဆုံး၍၊ ရဲ (၂) ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်တွင်းသတင်းများအရသိရှိရသည်။

အခင်းဖြစ်ပွားရာနေရာမှ အမည် အဖော်လိုသူတဦးက ထိုနေ့ညနေက လျှပ်စစ်ဓာတ်အားပေးစက်ရုံဘက်မှ သေနတ်သံများကြားခဲ့ရပြီး မကြာမီတွင် ရဲကားများက အနီးအနားရှိလမ်းများအားလုံးကို ပိတ်ထားလိုက်ကြောင်းပြောသည်။

ဖြစ်ပွားပုံမှာ ထိုနေ့ညနေက တပ်သား (၁၃) ဦးကိုကွပ်ကဲရသော တပ်စုဗိုလ်ကြီးတဦးနှင့် ရဲဘော်တဦး အချင်းများကြရာမှ ဗိုလ်ကြီးဖြစ်သူက ၎င်းရဲဘော်ကို ပစ်သတ်လိုက်ရာ အနားတွင်ရှိနေသော ရဲဘော် (၅) ဦးကလည်း အဆိုပါအရာရှိကို ပြန်လည်ပစ်သတ်ခဲ့သည်။

ထိုနောက်အခင်းဖြစ်ပွားရာနေရာသို့ ရဲများနှင့်ဒေသခံစစ်တပ်မှ စစ်သားများရောက်ရှိလာပြီး ဘက်နှစ်ဘက် အပြန်အလှန်ပစ်ခတ်မှုတွင် ရဲဘော် (၅) ဦးစလုံး သေဆုံးကာ၊ ရဲသား (၂) ဦးလည် ဒဏ်ရာရသွားခဲ့သည်။ ❖

... ကျနော်တို့ကို သံယဇာတဆာလောင်နေသော နိုင်ငံများက ဝန်းရံထားပေသည်။ ကျနော်တို့၏ တန်ဖိုးရှိလှသောအရင်းအမြစ်များကို တရားသော နည်းလမ်းအားဖြင့်ဖြစ်စေ၊ မတရားသောနည်းလမ်းအားဖြင့် ဖြစ်စေ၊ တွန်းတိုက်ယူချင်ကြပေသည်။

ဦးမြတ်သင်း (ဥက္ကဋ္ဌ၊ သစ်ခွင့်ပြုမိန့် ထုတ်ပေးရေးကော်မတီ)၊ ဇန်နဝါရီ ၂၀၀၃။

# မြန်မာနိုင်ငံ ရွှေတြိဂံဒေသတွင် ဘိန်းထုတ်လုပ်မှုမကျဆင်းသေးဟု ဗိုလ်ချုပ်ရွက်ဆစ်ဆို



ဗိုလ်ချုပ်ရွက်ဆစ်

မြန်မာနိုင်ငံရွှေတြိဂံဒေသတွင် ဘိန်းဖြူထုတ်လုပ်မှုများ အလျင်အမြန်တိုးပွားနေသော်လည်းစစ်အုပ်စုသည် ဉာဏ်နီဉာဏ်နက်သုံး၍ နိုင်ငံတကာအသိုင်းအဝိုင်းမသိအောင် အဖြစ်မှန်ကိုဖုံးကွယ်ထားသည်ဟု ရှမ်းပြည်တောင်ပိုင်းတပ်မတော် (အက်စ်အက်စ်အေ) ခေါင်းဆောင် ဗိုလ်ချုပ်ရွက်ဆစ်ကပြောဆိုလိုက်သည်။

ထိုင်းမြန်မာနယ်စပ် အက်စ်အက်စ်အေ ဌာနချုပ်တွင်ပြုလုပ်သော ရိုက်တာသတင်းဌာနနှင့်အင်တာဗျူးတွင် ဗိုလ်ချုပ်ရွက်ဆစ်ကမြန်မာနိုင်ငံတွင် ဘိန်းထုတ်လုပ်မှုကျဆင်းနေသည်ဟူသော ကုလသမဂ္ဂ၏လေ့လာတွေ့ရှိချက်သည် မှားယွင်းနေသည်ဟုဆိုသည်။

ဗိုလ်ချုပ်ရွက်ဆစ်က ''ကုလသမဂ္ဂအဖွဲ့တွေကနေရာအနှံ့မရောက်နိုင်ကြဘူး။ သူတို့ကိုနအဖတပ်တွေက သွားခွင့်မပေးတော့ အဖြစ်မှန်တွေကိုမသိကြဘူး'' ဟုဆိုသည်။

''သူတို့ကနအဖတပ်တွေက ဘိန်းခင်းတွေရှင်းထားတဲ့နေရာတွေဆီပဲ အရောက်ပို့ပေးကြတယ်'' ဟုရွှေတြိဂံဘိန်းဘုရင်ခွန်ဆာ၏ ( မုန်းတိုင်း) တပ်မတော်မှ ခွဲထွက်၍ အက်စ်အက်စ်အေဖွဲ့စည်းသည့် (၁၀) နှစ်ပြည့်အခမ်းအနားတွင် ဗိုလ်ချုပ်ရွက်ဆစ်ကဆိုသည်။

အမေရိကန်ကအစိုးရက ဒေါ်လာ (၂) သန်းဆုငွေထုတ်ထားသော်လည်း ဘိန်းဘုရင်ခွန်ဆာသည် လွန်ခဲ့သော (၁၀) နှစ်တတည်းက နအဖ၏စောင့်ရှောက်မှုဖြင့် ရန်ကုန်မြို့တွင်ဇိမ်ကျကျနေထိုင်လျက်ရှိသည်။

''ကျနော်ကတော့ ဘိန်းထုတ်လုပ်မှု ကျဆင်းသွားတယ်လို့မထင်ဘူးဗျ။ ကျနော်တို့ငယ်ငယ်က ဘိန်းခင်းမရှိခဲ့တဲ့နေရာတွေမှာတောင် အခုဘိန်းခင်းတွေရှိနေတာကို တွေ့နေရတယ်။ ဘိန်းထုတ်လုပ်မှု ကျဆင်းနေတယ်လို့ ပြောတဲ့လူကတော့ နအဖအလိမ်အညာတွေထဲမှာ မျက်လုံးကန်းနေတဲ့လူတွေပဲ''ဟု ဗိုလ်ချုပ်ရွက်ဆစ်ကဆိုလိုက်ပြီး၊ အက်စ်အက်စ်အေကဗွီဒီယိုမှတ်တမ်းတင်ထားသော ရှမ်းပြည်အလယ်ပိုင်းနှင့်မြောက်ပိုင်းမှ ဒါဇင်နှင့်ချီသော ဘိန်းစိုက်ခင်းများကိုပြသခဲ့သည်။

ကုလသမဂ္ဂက (ယူအဲန်အိုဒီစီ) က (၂၀၀၅) ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဘိန်းမြေ (၃၂,၈၀၀) ဟတ်တာ (၈၁,၀၀၀ ) ဧကရှိပြီး၊ (၁၉၉၉) ခုနှစ်ကရှိခဲ့သော (၁၆၀,၀၀၀) ဟတ်တာ ( ၈၁,၀၀၀) ဧကနှင့် နှိုင်းယှဉ်လျှင် များစွာကျဆင်းသွားသည်ဟုဆိုသည်။ နအဖက (၂၀၁၄) ခုနှစ်တွင်မြန်မာနိုင်ငံတွင် ဘိန်းပပျောက်အောင် ဆောင်ရွက်ရန်စီစဉ်ထားသည်။

ဗိုလ်ချုပ်ရွက်ဆစ်က''နအဖတပ်တွေကို ရှမ်းပြည်ကနေမောင်းထုတ်နိုင်ရင် ရှမ်းပြည်မှာ (၁၀) နှစ်အတွင်းမှာ ပပျောက်သွားမှာပဲ။ ဒါကြောင့် ပထမဦးစားပေးရမှာက ရန်သူနအဖတပ်တွေကို ရှမ်းပြည်ကမောင်းထုတ်ပစ်ဖို့ပဲ'' ဟုဆိုသည်။ ❖

# ၂၀၀၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သောအမှုပိုများလာခဲ့

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က မူးယစ်ဆေးအမှုနှင့်ဆက်နွယ်၍ အဖမ်းခံရသူစုစုပေါင်း (၄၇၅၄) ဦးရှိခဲ့ပြီး၊ (၂၀၀၄) ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် (၆၀၁) ဦးတိုးများခဲ့သည်ဟု ဇန်နဝါရီလ (၂၈) ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကထုတ်ပြန်သော နအဖစာရင်းဇယားများအရ (၂၀၀၅)ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဘိန်းဖြူ (၃၁၇) တန်ထုတ်လုပ်ခဲ့သဖြင့် (၂၀၀၄) ခုနှစ်ကထုတ် လုပ်ခဲ့သောဘိန်းဖြူ (၃၇၀) တန်နှင့်နှိုင်းစာလျှင် အနည်းငယ်ကျဆင်းသွားခဲ့သည်ဟုဖော် ပြထားသော်လည်း ယခုနောက်ဆုံးထုတ်ပြန်ချက်တွင် မူးယစ်ဆေးအမှုတိုးများလာကြောင်း ဖော်ပြထားသည်။



မြန်မာပြည်ရှိ ဘိန်းစိုက်ခင်းတခု

မူးယစ်ထိန်းချုပ်ရေးအဖွဲ့များသည် (၂၀၀၅) ခုနှစ်အတွင်း ဘိန်းဖြူ(၇၇၂ ဒသမ ၇)ကီလိုဂရမ်၊ ဟီရိုအင်း (၈၁၁ ဒသမ ၇)၊ မက်သဖက်တမင်းအခဲ (၂၈၀ ဒသမ ၃) ကီလိုဂရမ်၊ မာရီဂျူနာ (၁၂၆) ဒသမ (၄) ကီလိုဂရမ်နှင့် ဆေးပြား (၃ ဒသမ ၆) သိန်းကို ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးအမှုနှင့်ပတ်သက်သော အမျိုးသား (၃၈၈၈)ဦးနှင့် အမျိုးသမီး (၈၆၆) ဦးကိုဖမ်းဆီးနိုင်ခဲ့ပြီး အမှုပေါင်း မူးယစ်ဆေးမှုပေါင်း (၃၀၇၉) မှုကိုဖော်ထုတ်နိုင်ခဲ့သည်ဟု နအဖ သတင်းစာဆိုသည်။

နအဖက တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ (၂၀၀၄) ခုနှစ်က ဟီရိုအင်း (၉၇၃ ဒသမ ၅) ကီလိုဂရမ်၊ ဘိန်းဖြူ (၆၀၆ ဒသမ ၈) ကီလိုဂရမ်နှင့် ဆေးပြား (၈ ဒသမ ၃) သန်း ဖမ်းဆီးနိုင်ခဲ့ပြီး၊ မူးယစ်ဆေးနှင့် ပတ်သက်သောအမှုပေါင်း (၃၀၁၂) မှုကို ဖော်ထုတ်နိုင်ခဲ့သည်ဟုဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင်ဘိန်းဖြူ အများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး၊ ကုလမဂ္ဂ၏ တိုင်းတာချက်များအရ မြန်မာနိုင်ငံတွင် ဘိန်းမြေဟတ်တာတသိန်းခန့်ရှိနေသည်ဟုဆိုသည်။

❖



## မှော်ရုံ

❍

ရေစိမ်းမြေစိမ်းမှာ
မြင်မြင်ရာရာဟာ 'အစိမ်း'
ရွှေဂေါင်းပြောင်ပြောင်နဲ့ ဗီလိန်တွေကလည်းစိမ်းတယ်
'*ကျစ်ဝနာ'ကထွက်တဲ့ သားစိမ်းနံ့တွေကလည်းစိမ်းတယ်
သိုးမွှေးစက်ရုံထဲမှာ သိုးမွှေးလိုအညှပ်ခံနေရတဲ့
အလုပ်သမလေးတွေကလည်းစိမ်းတယ်

❍

ရေစိမ်းမြေစိမ်းမှာ
မြင်မြင်ရာရာဟာ 'အစိမ်း'
ကွတ်တယိုယဉ်ကျေးမှုနဲ့လည်းစိမ်းတယ်
လူအရှင်လတ်လတ်ကိုနံပါတ်တပ်ထားတဲ့
မှန်ရေကန်ထဲက ရွှေငါးကလေးတွေနဲ့လည်းစိမ်းတယ်
သွေးကထုတ်တဲ့လျှပ်စစ်ဓာတ်နဲ့ မတ်မတ်ရပ်နေတဲ့
ဓာတ်တိုင်တွေနဲ့လည်းစိမ်းတယ်

❍

ဖိနပ်ခြားပြီးနင်းထားတာတောင်
စိမ်းလွန်းတဲ့ရေမြေမှာ
လက်ဖျံပေါ်လောင်တဲ့ 'တောမီး'တွေက
အစိမ်းဆုံး ....

❍

တောလမ်းလေးအတိုင်း
ငါလိုက်ခဲ့တဲ့ခြေရာတွေပေါ် ....
သစ်ရွက်ခြောက်တချို့ကြားက
သဲလွန်စတချို့ကို
ငါရခဲ့
သားရဲနံ့တွေကလည်းလတ်ဆတ်လွန်းတယ်။

** ကျစ်ဝနာ — အခန်း*

*သစ်ကောင်းအိမ်*
*၁၄၊ ၁၊ ၂၀၀၆။*

# ကျန်းမာရေးစောင့်ရှောက်မှုအကူငွေများပေးရန် အလှူရှင်နိုင်ငံများစဉ်းစားနေရ

အေ့စ်၊ တီဘီနှင့်ငှက်ဖျားရောဂါဝေဒနာရှင်များကို စောင့်ရှောက်မှုပေးခဲ့သော ဂလိုဗယ်ဖန်းအဖွဲ့ကြီး မြန်မာနိုင်ငံမှထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင်အစားထိုးရန် ဩစတြေးလျ၊ ဗြိတိန်၊ နယ်သာလန်၊ နော်ဝေနှင့် ဆွီဒင်စသော ဥရောပကော်မရှင်အဖွဲ့ဝင်နိုင်ငံများက စီစဉ်နေကြောင်းသိရှိရသည်။

“မြန်မာနိုင်ငံမှာ နိုင်ငံရေးအဆုံးအဖြတ်တခုလိုအပ်နေတယ် ဆိုတာအမှန်ပါပဲ။ ဒါပေမယ့် အခုကူညီမယ့်အစီအစဉ်က မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အီးယူရဲ့ရပ်တည်ချက်ကို မထိခိုက်ပါဘူး”ဟု အမည်အဖော်လိုသော သံတမန်တဦး၏ပြောဆိုချက်ကို ဇန်နဝါရီလ (၂၄) ရက်နေ့ထုတ် အေအက်ဖ်ပီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံတွင်ဒီမိုကရေစီဖော်ဆောင်ရန် ဖိအားပေးသည့်အနေဖြင့် ကျန်းမာရေးအကူအညီမှလွဲ၍အခြားအထောက်အပံ့များအားလုံးကို ရပ်ဆိုင်းထားခဲ့သည်။

မြန်မာနိုင်ငံသည် အေ့စ်ရောဂါဖြစ်ပွားမှုအများဆုံးအာရှနိုင်ငံများတွင် ပါဝင်နေပြီး၊ နှစ်စဉ် တီဘီရောဂါရှင် (၉၇,၀၀၀) ဦး တိုးပွားလျက်ရှိသည့်အပြင်၊ ငှက်ဖျားကြောင့်အသက်ပေါင်းများစွာဆုံးရှုံးလျက်ရှိကြောင်း ကုလသမဂ္ဂ ကျန်းမာရေးစစ်တမ်းများကဆိုသည်။

ကုလသမဂ္ဂအရာရှိတဦးက “ဒီရောဂါ (၃) မျိုး တိုက်ဖျက်ရေးအစီအစဉ်သာ မြန်မာနိုင်ငံမှာမရှိတော့ရင် မြန်မာပြည်ကလူအများကြီးကို သေဒဏ်ပေးလိုက်သလိုဖြစ်သွားမည်” ဟုဆိုသည်။

နိုင်ငံအတွင်းခရီးသွားလာခွင့်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ချုပ်ခြယ်မှုများရှိသဖြင့် ယမန်နှစ်ဩဂုတ်လကမြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမေရိကန်ဒေါ်လာ (၉၈) သန်းအကူအညီပေးနေသော ဂလိုဘယ်ဖန်းအဖွဲ့ကြီးမြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

ဥရောပကော်မရှင်သည် ယခုနှစ်ဆန်းကအကူအညီလိုအပ်နေသောမြန်မာနိုင်ငံသားများနှင့်နယ်စပ်ဒေသမှ မြန်မာဒုက္ခသည်များအတွက် ဒေါ်လာ (၁၈) သန်းအကူအညီပေးရန်ဆုံးဖြတ်ခဲ့ပြီး၊ ဇန်နဝါရီ (၁၉) ရက်နေ့က အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ကာ နအဖ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

အလှူရှင်နိုင်ငံများသည် လူထုအတွက်မရှိမဖြစ်လိုအပ်နေသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပေးရန်ဆန္ဒရှိနေသော်လည်း ယင်းငွေကြေးအကူအညီများ နအဖအကျိုးအတွက် ဖြစ်မသွားရန်၊ ကျန်းမာရေးဝန်ထမ်းများ နိုင်ငံအတွင်းလွတ်လွတ်လပ်လပ် ခရီးသွားလာခွင့်ရရန်အတွက် အစီအစဉ်သစ်များ တီထွင်ရှာဖွေရန်စိတ်အားထက်သန်နေကြကြောင်းသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

❖

# လူ့အခွင့်အရေးချိုးဖောက်သောအာရှနိုင်ငံများတွင် မြန်မာပါဝင်

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများပိုမိုများပြားလာကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။



လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ပြောင်းရွှေ့သွားရသော ပြည်သူများ

အထူးသဖြင့်မြန်မာ၊ ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံများမှ ရက်စက်ကြမ်းကြုတ်သောအစိုးရများသည် အပြစ်ပြန်ခံရမည်ကို မကြောက်ဘဲပြည်သူများကို နိုင်ထက်စီးနင်းလုပ်နေကြသည်ဟု အဖွဲ့၏အာရှတာဝန်ခံ ဘရတ်အာဒမ် (Brad Adams) ကဆိုသည်။

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ယခုနှစ်ဆန်းပိုင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံတွင် နအဖသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်နေသည်ဟု ပြောဆိုနေသော်လည်းလက်တွေ့တွင် ဒီမိုကရေစီခေါင်းဆောင်ကိုဖမ်းဆီး၍၊ ပြည်သူများကိုဖိနှိပ်အုပ်ချုပ်ထားသည်ဟုဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အတိုက်အခံနိုင်ငံရေးခေါင်းဆောင်များ တရားစွဲဆိုခံနေရခြင်း၊ နီပေါနိုင်ငံတွင်နိုင်ငံရေးသမားများကိုအရေးပေါ်အက်ဥပဒေဖြင့် ထိန်းချုပ်ထားခြင်း၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံအစိုးရများ၏ တော်လှန်ရေးသူပုန်များကို အမြစ်ပြုတ်ချေမှုန်းရန် ကြိုးပမ်းနေမှုများတွင် လူ့အခွင့်အရေးချိုးဖောက်နေမှုများ၊ တရုတ်နှင့်ဗီယက်နမ်နိုင်ငံအစိုးရများ၏ ဘာသာရေးလွတ်လပ်ခွင့်ပိတ်ပင်နေမှုများနှင့် အင်တာနက်ဆင်ဆာဖြတ်တောက်မှုများကို ဖော်ပြထားသည်။

ထို့အပြင် အာရှနိုင်ငံများတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများဆက်ရှိနေဟု လူအခွင့်အရေးစောင့်ကြည့်အဖွဲ့၏ (၂၀၀၆) ခုနှစ်တွင်ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြထားသည်။

❖

# ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှ မြန်မာနိုင်ငံကိုထုတ်ပစ်ရန် လူ့အခွင့်အရေးအဖွဲ့တောင်းဆို

လူ့အခွင့်အရေးအခြေအနေ အဆိုးရွားဆုံးဖြစ်နေသည့် စစ်အာဏာရှင်စနစ်အောက်က မြန်မာနိုင်ငံကို ယခုနှစ်အတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၌ ပါဝင်ခွင့်ဆိုင်းငံ့ထားရန် အာရှလူ့အခွင့်အရေး ကော်မရှင်ကတောင်းဆိုလိုက်သည်။

ဟောင်ကောင်တွင် အခြေစိုက်သော အဆိုပါအဖွဲ့ကြီး၏ ယခုနှစ်ဆန်းတွင် ထုတ်ပြန်သောကြေညာချက်တွင် မြန်မာနိုင်ငံ၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဆက်လက်ဖမ်းဆီးခံနေရခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခံရသောအမှုတွင် တရားစွဲအနိုင်ရခဲ့သောမစုစုနွေးကို အာဏာပိုင်များက မတရားထောင်ဒဏ်ချမှတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကိုအလေးပြုမှုဖြင့် တွံတေးမြို့မှ ကျူရှင်ဆရာဦးအောင်ဖေ ထောင် (၃) နှစ်ချခံရခြင်းနှင့်၊ နအဖစစ်ကြောရေးနှင့် အကျဉ်းထောင်များတွင် သေဆုံးသွားသူတို့၏အမှုများကို ကိုးကားပြီး မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုမရှိကြောင်း ဖော်ပြထားသည်။

စစ်အစိုးရသည်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပါမည်ဟု အပြောကြီးနေသော်လည်း နိုင်ငံရေးလှုပ်ရှားမှုများကို ပိတ်ပင်ထားဆီးမှုများဆက်လက်ပြုလုပ်နေသည်ဟု ကြေညာချက်ကဆိုသည်။

အနှစ်ချုပ်အနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို လေးစားခြင်းမရှိသောစစ်အုပ်စုကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တွင်သာမက လူ့အခွင့်အရေးကောင်စီတွင်ပါဝင်ခွင့် ဆိုင်းငံ့ထားရန် အာရှလူ့အခွင့်အရေးကော်မရှင်က တောင်းဆိုထားသည်။ ❖

# တောင်ငူခရိုင် သံတောင်မြို့နယ်နှင့် ထန်းတပင်မြို့နယ်အတွင်း နအဖတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

**၄၊ ၁၊ ၂၀၀၆**

ရွှေညောင်ပင်၌ စခန်းချနေသော ခလရ (၃၉) မှ ဗိုလ်အောင်မြတ်ကျော် ထောင်ထားသောမြေမြှုပ်မိုင်းကို ရွှေညောင်ပင်နှင့် နန်းချိန်ခွင်ရွာ နှစ်ရွာကြားရှိ လမ်းခွဆုံတွင်နင်းမိသဖြင့် ရွှေညောင်ပင်ရွာသား (၁) စောလုံးကျော် (၇၅) နှစ်၊ (၂) စောတာတီးလေး (၃၅) နှစ်၊ (၃) စောယောဟန် (၂၅) နှစ်တို့သည်လည်းကောင်း၊ နန်းချိန်ခွင်ရွာသား (၁) စောအောင်လင်း (၂၅) နှစ်၊ (၂) စောမိုရှေး (၅၀) နှစ် စုစုပေါင်းရွာသား (၅) ဦး ဒဏ်ရာရသွားကြသည်။

**၆၊ ၁၊ ၂၀၀၆**

တောင်ငူခရိုင်၊ သံတောင်ကြီး (ဘုရင့်နောင်တပ်မြို့) မြို့တွင်းရပ်ကွက် အမှတ် (၅) တွင် သံတောင်ကြီး မြို့စောင့်တပ် (၁၂၄) မှ လူသွားလမ်းတွင် မြေမြှုပ်မိုင်းထောင်သဖြင့် ထိုရပ်ကွက်နေ စောထိုခူဖော အသက် (၄၀) နှစ်သည် မိုင်းနင်းမိပြီးသေဆုံးသွားသည်။ ၎င်း၏ညီစောခွားထက်လ (၃၈) နှစ်လည်း ပြင်းထန်စွာဒဏ်ရာရသည်။

**၇၊ ၁၊ ၂၀၀၆**

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဗျူဟာမှူးသိန်းထွန်းက တောင်ငူ–မော်ချီးကားလမ်းဖြတ်သွားသော ကျီးချောင်း၏ အနောက်ဖက်အခြမ်းဒေသများကို ဗုံးထောင်မည်ဟု ကြေငြာသတိပေးထားသည်။

**၁၆၊ ၁၊ ၂၀၀၆**

သံတောင်မြို့နယ်၊ နာလော်ဖိုလီရွာသား (၃) ဦးသည် သောက်ရေခပ်ချောင်းဘေးတွင် ခလရ (၆၀၃) တပ်ရင်းမှူးကျော်ဇေယျနှင့်အဖွဲ့ ထောင်ထားသော မြေမြှုပ်မိုင်းနင်းမိကြရာ (၁) စောဖိလစ်ပို (၂၂) နှစ်၊ အဘစောတိုးဘီယာ၊ (၂) စောနာတာကလယ် (၂၃) နှစ်၊ အဘစောစကာရီးယာ (၃) စောအာရဲ နက်စတုန်း(၁၈) နှစ်၊ အဘစောတိုရီးနိုတို့ အသီးသီးဒဏ်ရာရသွားကြသည်။

**၁၉၊ ၁၊ ၀၆**

ခလရ (၂၀) မှ တပ်ရင်းမှူး သန်းလှိုင်သည် ဖာဝယ်နှင့်ခယ်ဒဲကားရွာကြား သောက်ရေခပ်ချောင်းဘေးတွင် အိပ်ပြီး ချောင်းကူးသံကြိုးတံတားတချောင်းကို ဖြတ်ယူသွားသည်။

**၂၀၊ ၁၊ ၂၀၀၆**

ထီးပူချီးထာနှင့်ထာရဲပလိုကြားရှိ ဒုတိယတံတားမှသံကြိုးများ ဖြတ်ပြီးယူသွားသည်။

**၂၀၊ ၁၊ ၂၀၀၆**

ခမရ (၂၉) မှဗိုလ်သန်းလှိုင်သည် ဖာဝယ်နှင့်ဖာဒဲကားရွာကြား၊ ထာရဲပလိုနှင့် ထီးပူခီးရွာကြား သောက်ရေခပ်ချောင်းအနီးတွင်မြေမြှုပ်မိုင်းထောင်သဖြင့် အမည်မသိ ထာရဲပလိုရွာသားတဦး ဗုံးထိသွားသည်။

**၂၁၊ ၁၊ ၂၀၀၆**

ခလရ(၄၈) မှ ဗိုလ်ထွန်းနေလင်းနှင့် ဒုဗိုလ်ကျော်သူရတို့သည် ရှားစေးဘိုရွာသား (၁) စောတာကောကော် (၂၅) နှစ်၊ အဘအမည် စောကလီးစီဖော၊ (၂) စောပရိဂျီ (၄၅) နှစ်၊ အဘအမည်ဖားဟော်ဆူတို့အပြင် ရေလျှံရွာသားများဖြစ်သော (၃) စောဘလူစေး (၃၆) နှစ်၊ အဘအမည်စောဖားသရာ (ငွေရှစ်သိန်းနှင့်အတူ)၊ (၄) စော ဟဲနေထူး (၂၅) နှစ်၊ အဘအမည် အာကိုး၊ (၅) စောဝီလေ (၄၀) နှစ်၊ အဘအမည် မောင်ကာပီတို့ကို ဖမ်းဆီးသွားပြီး ရေလျှံနှင့်ရှားစေးဘိုရွာကြားတွင် သတ်ပစ်လိုက်သည်။

**၂၂၊ ၁၊ ၀၆**

ထီးပူခီဒဲခိုနှင့်သီသော်ခိုကြား ကြိုးတံတားကိုလည်းဖြတ်ပြန်သည်။ ထို့ကြောင့်သောက်ရေခပ်ချောင်း အရှေ့ခြမ်းမှလူထုများ သံတောင်ကြီးသို့သွားရန် အခက်အခဲတွေ့ကြရသည်။ ❖

(၁)

ဒီနေ့ ဒီဇင်ဘာလ (၃၁) ရက်နေ့။ မနက်ခင်း နှင်းတွေကြားထဲမှာ.... ကျနော် သောင်ရင်းမြစ်ကို ဖြတ်ကူးဖြစ်တယ်။

သောင်ရင်းမြစ်ရဲ့တဖက်ကမ်းမှာ.... ကျောက်ကမ်းပါးစောက်တွေကို လှမ်းမြင်ရပြီး ဒီဖက်ကမ်းမှာတော့ သောင်ခုံ၊ မြစ်ကြမ်းပြင်မှာတွေ့ရတတ်တဲ့ ကျောက်တုံး၊ ကျောက်ပြားလုံးလုံးချောချောတွေ၊ ပြီးတော့မှ စိမ်းကြည်နေတဲ့သောင်ရင်းမြစ်ပြင်....

နံနက်ခင်းနေဟာ နှင်းထုကြားကအတင်းတိုးထွက်ပြီး ကျနော့်တို့ကိုနှုတ်ဆက်နေသလိုပဲ....

သူ့ကိုအရောင်ဖျော့ဖျော့ ဖြူဖြူဝိုင်းဝိုင်းလေးအဖြစ်တွေ့ရတယ်။ ခါတိုင်းလိုမျိုးအလျှံညီညီ ပူပူလောင်လောင်မဟုတ်ဘူး။ ဒါဘာသဘောပါလိမ့်။

သူလည်း.... အခမ်းအနားကိုတက်လာကြတဲ့အဖွဲ့အစည်းပေါင်းစုံက မဟာမိတ်တွေနဲ့ ကရင့်အမျိုးသားတော်လှန်ရေးကို တန်ဖိုးတထားဂုဏ်ယူထောက်ခံကြတဲ့ လူမျိုးပေါင်းစုံဧည့်သည်တွေကို ရိုးသားချစ်ခင်စိတ်နှင့် ညွတ်ညွတ်နူးနူး တနွေးတထွေးဆီးကြိုနှုတ်ဆက်နေတာပဲဖြစ်မယ်လို့ ကျနော်တွေးမိတယ်။

(၂)

ဟိုဘက်ကမ်းမှာတော့....

(၅၇) နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားကျင်းပမယ့် မြက်ခင်းလွင်ပြင်....

မြက်ခင်းရဲ့ထိပ်စီးမှာ ကရင့်အမျိုးသားအလံတော်နောက်ခံထားတဲ့ အခမ်းအနားစင်မြင့်.... ကွင်းထဲမှာ အမျိုးသမီးဆေးတပ်ဖွဲ့ အပါအဝင် အကန့်လိုက်အတန်းလိုက် ဗိုလ်ချုပ်ကြီးစောဘိုမြနှင့်တကွ ခေါင်းဆောင်ကြီးများကို အလေးပြုကြမယ့် တပ်ရင်းတပ်ဖွဲ့များ။

ဘေးပတ်ပတ်လည်မှာ ကရင့်အမျိုးသားအလံတော်တွေက လေထဲမှာတလူလူ တဖြတ်ဖြတ်၊ အဲဒီအလံတိုင်ရဲ့အောက်ခြေတွေမှာ ကွင်းတခုလုံး လူမျိုးပေါင်းစုံ လူထုပရိသတ်တွေ၊ နိုင်ငံခြားသားဧည့်သည်တွေ၊ မီဒီယာသမားတွေနှင့် မှတ်တမ်းသတင်းရိုက်ကူးသူတွေ။ ပြီးတော့ သင်တိုင်းရောင်စုံတွေနဲ့ကရင်အမျိုးသား၊ အမျိုးသမီးတွေ။

သူတို့ကို မြင်ရတဲ့အခါ ....

ဒီမြင်ကွင်းတခုလုံးကို မြင်လိုက်ရတဲ့အခါ....

ကျနော်ငယ်ငယ်ထဲက စွဲစွဲလန်းလန်း သဘောကျခဲ့ရတဲ့ နော်ဖေါ့လူကိုပြေးပြီးသတိရမိတယ်။

(၃)

ကျနော်ငယ်ငယ်က 'ဆောင်း' ဆိုတဲ့ ဇာတ်ကားကိုကြည့်ရတယ်။ စာရေးဆရာ ဆရာရောင်နီရဲ့ဝတ္ထုကို ရိုက်ကူးတင်ဆက်ထားတဲ့ ဂျပန်တော်လှန်ရေးကာလနောက်ခံ ဇာတ်ကားတကားပါ။ ဇာတ်အိမ်တည်ဆောက်ထားတာ၊ ဇာတ်ကောင်စရိုက်တွေပီပြင်တာ၊ ဇာတ်ကောင်အင်အားများများသုံးထားတာ၊ အနုပညာအားကောင်းကောင်း၊ ဓါတ်ပုံ အသံ ရိုက်ကွင်းရွေးချယ်မှုကအစ ထုတ်လုပ်မှုအားကောင်းကောင်းနှင့် ဖန်တီးရိုက်ကူးထားတာတွေကြောင့် ဒီကားဟာ တော်တော်ပေါက်ခဲ့ပါတယ်။ 'ဟော့ကောင်ရစ်ချဒ်၊ မင်းပြောတော့နော်သေပြီဆိုကွ' လို့ အာမေဋိတ်သံအပြည့်နှင့်တအံ့တသြမေးလိုက်တဲ့ မင်းသားကြီး ဦးထွန်းဝေ (ဂျပန်တော်လှန်ရေးသမား ဗိုလ်ကျော်စွာ) ရဲ့အသံနှင့် သရုပ်ဆောင်ချက်ကို ကျနော်အခုတောင် ပြန်မြင်နေမိတယ်။

ဒီစကားဟာ အဲဒီခေတ်ကျနော်တို့လူငယ်တွေကြားမှ တသသဖြစ်ခဲ့ကြရတဲ့ဇာတ်ဝင်ခန်း စကားလေးတခုလည်း ကျကျနန နှစ်ပေါင်းအတော်ကြာကြာ ဖြစ်ခဲ့ဖူးပါတယ်။

ဒီကားမှာ 'နော်ဖော့လူ' ဆိုတဲ့ကရင်မလေးစံရှားတင် အကယ်ဒမီရခဲ့တယ်။

အဲဒီခေတ်က အကောင်းဆုံးဇာတ်ကားဆုရယ်လို့ပေးပြီလား၊ မပေးသေးဘူးလား ကျနော်မသေချာဘူး။ ပေးဖြစ်ခဲ့တယ်ဆိုရင်တော့ ဒီကားသေချာပေါက်ရမှာပဲ။ နောက်ထပ်အသေအချာပြောနိုင်တာက ဒီဇာတ်ကားမှာ .... အနုပညာအားက သိပ်ကိုကောင်းပါတယ်။

ဒါပေမယ့် နိုင်ငံရေးကတော့ တဝက်သာမှန်ပြီး၊ တဝက်က သွက်သွက်လည်အောင် မှားနေခဲ့တာပါ။

(၄)

ညနက်နက်ကောင်းကင်ထဲမှာ စစ်လေယာဉ်တစင်းပျံသန်းနေတာနဲ့ ဇာတ်ကားကို စတင်ပါတယ်။

စစ်လေယာဉ်ထဲမှာ အနာဂါတ်ကိုယုံကြည်နေတဲ့၊ ဒေသခံလူထုကိုယုံကြည်နေတဲ့၊ မိမိယုံကြည်ချက်အတွက် ဘယ်လိုအန္တရာယ်မျိုး၊ ဘယ်လိုရန်သူမျိုးကိုမဆို ရင်ဆိုင်ဖို့အဆင်သင့်ဖြစ်နေတဲ့၊ သန္နိဌာန်ခိုင်ခိုင်ချထားတဲ့ မျက်နှာတွေကို တယောက်ချင်းရိုက်ပြတယ်။ ဗိုလ်ကျော်စွာ၊ ဗိုလ်ကြည်သာ၊ ဗိုလ်စောရစ်ချဒ်၊ ဗိုလ်မြခေါင်၊ ဗိုလ်မွှေး။ သူတို့ (၅) ယောက်ဟာဖိုစ် (၁၃၆) မဟာမိတ်တပ်မတော်နှင့်ဆက်သွယ်ပူးပေါင်းလုပ်ကိုင်နေတဲ့ ဦးသိန်းဖေမြင့်တို့၊ သခင်တင်ရွှေတို့ဦးဆောင်တဲ့ အိန္ဒိယအခြေစိုက် မြန်မာ့တော်လှန်ရေးအင်အားစုကလွှတ်လိုက်တဲ့ ရဲဘော်တွေ။ သူတို့ရဲ့တာဝန်က.... ပဲခူးရိုးမမှာဒေသခံပြည်သူတွေနဲ့ဖက်ဆစ်ဆန့်ကျင်ရေးပြောက်ကျားဒေသ၊ အခြေခံဒေသများဖွဲ့စည်းရေး။ တကိုယ်လုံးမှာ အီကွစ်မင့် (Equipment) အပြည့်အစုံနှင့်လေထီးခုန်ချဖို့ အဆင်သင့်အနေအထား။ မြေပုံအညွှန်းအရ ဆင်းရမယ့်နေရာဆီ ဦးတည်မောင်းနှင်နေတဲ့ လေယာဉ်ပိုင်းလော့ဆီက 'လေထီးခုန်ဖို့အသင့်' ဆိုတဲ့ မီးနီစာတမ်းပေါ်အလာမှာ.... ဘာကိုမှမမြင်ရတဲ့၊ မဲမှောင်နေတဲ့ကောင်းကင်ကြီးထဲ အကြောက်အလန့်ကင်းစွာတယောက်ပြီး တယောက်ခုန်ချသွားကြတာ။ မြေပြင်က ဂျပန်တပ်က လှမ်းပြီးစောင့်ကြည့်နေကြတာ၊ မြေပြင်ပေါ်ကျအလာမှာ ဂျပန်တပ်နှင့်တိုက်ပွဲဖြစ်ကြတာ၊ ရိုးမရဲ့သစ်ပင်ကြီးတပင်မှာ လေထီးချိတ်ညှိနေပြီး ကြိုးနဲ့တန်းလန်းဖြစ်နေတဲ့ ဗိုလ်မွှေး တယောက် ဂျပန်တပ်ရဲ့ပစ်ခတ်မှုအောက်မှာ မရှုမလှကျကျန်ရစ်တာ။ ဗိုလ်ကျော်စွာတို့ အုပ်စု တိုက်ရင်းခိုက်ရင်း၊ ပြေးရင်းလွှားရင်း လဲနေတဲ့ ညောင်ပင်လိုအပင်ကြီးတပင်ကြားမှာ နေရာယူရင်း မိုးလင်းစအရုဏ်ဦးမှာ အခြေအနေကိုအကဲခတ် စောင့်ကြည့်နေကြတာ။

အဲဒီအချိန်မှာ.... သူတို့ဆီကိုလူရိပ်တခု တဖြည်းဖြည်း တရွေ့ရွေ့လျှောက်လှမ်းပြီး လာနေတာ။

မိုးကလည်း မလင်းတလင်း၊ တောရိပ်တောင်ရိပ်ကလည်းကြီးနေတော့ လူလုံးကလည်းမသဲမကွဲဖြစ်နေတာ။ အနားရောက်တော့ အဲဒီလူကိုဗိုလ်ကျော်စွာက လုံခြုံရေးအရ ဖမ်းဆီးလိုက်မှာ.... အဲဒီတယောက်ကလဲ ဓါးအိမ်ထဲကဓါးကို ဆွဲထုပ်ဖို့ကြိုးစားလိုက်တာ၊ အဲဒီလိုကြိုးစားလိုက်တဲ့လူဟာ ယောကျ်ားတယောက်မဟုတ်ဘဲ၊ ရန်သူတယောက်လည်းမဟုတ်ဘဲ ပလိုင်းလေးကျောပိုးထားတဲ့ကရင်မလေး နော်ဖော့လူဖြစ်နေတာ။

ရိုက်ချက်တွေအားလုံးဟာ အနုပညာလည်းမြောက်ပြီး သိပ်ကိုခမ်းနားလှပါတယ်။

ကြည့်နေတဲ့ပရိတ်သတ်တခုလုံး ဘယ်သူမှအသက်မရှူအားကြဘူး။

နောက်.... ဗိုလ်ကျော်စွာတို့ အုပ်စုက နော်ဖော့လူကို အကျိုးအကြောင်းရှင်းပြ။ နော်ဖော့လူရဲ့မျက်ဝန်းထဲမှာ ပထမသံသယ။ နောက်တဖြေးဖြေးချင်း ကြည်ကြည်ရှင်းရှင်းလေးဖြစ်လာ။ အဲဒီနောက်မှာတော့.... နော်ဖော့လူက ဗိုလ်ကျော်စွာတို့ လူသိုက်ကို သူ့ရွာက ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုတွေနဲ့ဆက်ပေး။ ဒီလိုနဲ့ အဲဒီရွာနှင့်အနီးအနားမှာ ဖက်ဆစ်ဆန့်ကျင်ရေးပြောက်ကျားတပ်တွေ တည်ဆောက်နိုင်ခဲ့ကြပါတယ်။

(၁၉၄၅) မတ်လမတိုင်ခင်ကာလများမှာ....၊ (၁၉၄၄) ရဲ့ ဆောင်းညတွေမှာ.... (၁၉၄၅) မတ်လ (၂၇) ကာလများမှာ.... မတ်လအလွန်ကာလများမှာ .... ကရင့်အမျိုးသားတွေနဲ့ မြန်မာလေထီးခုန်တပ်က ရဲဘော်တွေနဲ့ လက်တွဲပူးပေါင်းပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့ကြတာ။ နော်ဖော့လူရဲ့အပါးမြို့အတက်၊ ဂျပန်တပ်က ဖမ်းမိသွားပြီး ရွာကိုလိုက်အပြခိုင်းမှာ .... လိုက်ပြမလိုလိုနဲ့လိုက်မပြဘဲ ဂျပန်တပ်ကိုခုခံတိုက်ခိုက်ရာက ဂျပန်လုံ့စွပ်ကြားမှာ အသက်စွန့်သွားရတာ။ ရွာကိုဝိုင်းလာတဲ့ ဂျပန်တပ်ကိုခုခံရင်း၊ ရွာနှင့်ရွာထဲက ပြောက်ကျားတပ်ကိုအကာအကွယ်ပေးရင်း ဖမ်းမိသွားတဲ့ဗိုလ်ကြည်သာကို ဂျပန်ကဖမ်းခေါ်သွားပြီး ရွာအပြင်မှာ.... ဒူးထောက်ထိုင်ခိုင်းပြီး ရက်ရက်စက်စက် ဆာမူရိုင်းဓါးနဲ့ ခုတ်သတ်လိုက်တာ။

အဲဒီမြင်ကွင်းကိုမြင်နေရတဲ့ ကရင့်အမျိုးသားပြောက်ကျားတွေက ကြိတ်မနိုင်ခဲမရဖြစ်နေကြတာ၊ သေနတ်မောင်းပေါ်လက်ရောက်သွားပြီး မျက်ရည်တွေနဲ့အံကြိတ်နေတဲ့၊ ပစ်တော့မယ့်စဲစဲ စောဆေးကပေါ်ကို ဗိုလ်ကျော်စွာကနှစ်သိမ့်ပြီး ဖြောင့်ဖျသတိပေးနေတာ။ တကွက်ချင်းတကွက်ချင်းမှာ ကိုကတော်တော်ထိပါတယ်။

ကရင်အမျိုးသားများရဲ့ ဖက်ဆစ်ဆန့်ကျင်ရေးကာလတိုက်ပွဲဝင်ခဲ့မှု၊ ရဲရင့်ခိုင်မာမှုနှင့် အသက်တွေ၊ ဘဝတွေပေးဆပ်နိုင်မှုတွေကို အတော်ပဲအနုပညာမြောက်မြောက် ရိုက်ပြနိုင်ခဲ့တာပါ။ လေထီးခုန်မြန်မာတပ်ဆိုတာထဲမှာ ဗိုလ်စောရစ်ချဒ်ဆိုတဲ့ ကရင်လူငယ်တယောက်ထည့်ထားတာကအစ .... creation (ဖန်တီးမှု) က တော်တော်အနုပညာမြောက်ပါတယ်။

ဒီထိက.... တော်တော်ဟုတ်တယ်။ ဒါကြောင့်လည်း 'ဆောင်း' ရယ်လို့ဖြစ်ခဲ့ကြတာပါ။

(၅)

ဒီလိုနဲ့ (၄၈) ခုနှစ်မှာလွတ်လပ်ရေးရ။ လွတ်လပ်ရေးရလို့ တနှစ်သာသာလောက်မှာ ရိုက်ချက်တချို့ကို ဒီလိုလှလှပပလေးရိုက်ပြပြန်ပါတယ်။

တရက်မှာ ရန်ကုန်ထဲမှာပဲ .... ဗိုလ်မှူးကျော်စွာကားနဲ့ ဗိုလ်မှူးစောရစ်ချဒ်တို့ ကားလမ်းထောင့်တခုမှာသွားဆုံတယ်။ ကိုယ့်တပ်ရင်းနဲ့ကိုယ်၊ ကိုယ့်အလုပ်တွေနဲ့ကိုယ် ရှုတ်နေကြတာကြောင့် သူတို့လူချင်းကွဲနေတာ၊ မတွေ့ဖြစ်ကြတာကလည်း တော်တော်လေးကြာနေကြပြီကိုး။

နှစ်ယောက်လုံးက တယောက်ကိုတယောက် တော်တော်တွေ့ချင်နေကြတာ။ တယောက်ကိုတယောက်ကလည်း ညီအကိုအရင်းထက်တောင် ချစ်ခင်တန်ဖိုးထားကြတာ။ နှစ်ယောက်လုံးကကားတွေရပ်ပြီး တယောက်ကိုတယောက်ပြေးဖက်ပြီး နှုတ်ဆက်ကြတော့မလို အပြုံးနဲ့ငေးကြည့်နေကြရာက .... တဖြည်းဖြည်း ဗိုလ်မှူးစောရစ်ချဒ် မျက်နှာတည်သွား။ ပြီးတော့။ စိတ်မကောင်းတာရော၊ နာကျင်တာရောပေါင်းထားတဲ့မျက်နှာမျိုးနဲ့ ကားကို လမ်းကြားတခုစီချိုးကွေ့ပြီး အတင်းမောင်းထွက်သွားတယ်။

'ဟာ.... ဒီလူဘယ်လိုဖြစ်တာလဲ '

ဗိုလ်မှူးကျော်စွာတယောက် ခေါင်းထဲမှာ မစဉ်းစားတတ်အောင်ဖြစ်သွားပြီး ကားရပ်ရက်နဲ့ ကျန်ခဲ့တာကိုရိုက်ပြတယ်။

နောက်တော့.... 'ကရင့်သေနတ်ကိုင်တပ်ရင်းတောခို' ဆိုတဲ့ သတင်းစာတွေရိုက်ပြတယ်။

ဒီထိက ဘာပဲပြောပြောသမိုင်းပဲဆိုပါတော့။ မဆိုးလှသေးပါဘူး။

ဒါပေမယ့် ဒီထက်နောက်ပိုင်းမှာတော့ ....

ကရင့်အမျိုးသားတော်လှန်ရေးဆိုတာ တံတားချိုး၊ မိုင်းထောင်၊ လူသတ်ရမ်းကားဆိုတာပဲလို့ အဓိပ္ပါယ်ပေါ်စေနိုင်တဲ့ ရိုက်ချက်တွေတကွက်ပြီး တကွက်ရိုက်ပြတော့တာပဲ။

တိုင်းပြည်ကိုဖျက်နေတဲ့ ကရင့်သောင်းကျန်သူတွေနဲ့၊ တိုင်းပြည်ကိုကယ်တင်နေတဲ့ ဗမာ့တပ်မတော်ဆိုတာမျိုးဖြစ်အောင်ရိုက်ပြတော့တာပဲ။

နိုင်ငံရေးမှားပြီဆိုရင် အဲဒီရုပ်ရှင်ဟာ၊ အဲ့ဒီဝတ္ထုဟာ၊ အဲဒီအနုပညာဖန်တီးမှုဟာ အနုပညာအား ကောင်းရင်ကောင်းသလောက် အန္တရာယ်ပိုကြီးတတ်တာကလား ....။

ပိုပြီးဆိုးတာက....

လမ်းဖြတ်တိုက်ပွဲတခုမှာ ကရင့်တော်လှန်ရေးတပ်ကဖမ်းမိထားတဲ့ ဗိုလ်မှူးကျော်စွာနဲ့ သူ့ကိုယ်ရံတော် ရဲဘော်ထွန်းကျော်ကို

စာမျက်နှာ (၁၉) ကော်လံ (၃) သို့ ...

❍

... နှင်းထု
ကြားကအတင်းတိုးထွက်ပြီး
ကျနော့်တို့ကိုနှုတ်ဆက်နေသလို
ပဲ...
... သူ့ကိုအရောင်ဖျော့ဖျော့
ဖြူဖြူဝိုင်းဝိုင်း
လေးအဖြစ်တွေ့ရတယ်။
ခါတိုင်းလိုမျိုး အလျှံညီညီ
ပူပူလောင်လောင်မဟုတ်ဘူး။
ဒါဘာ သဘောပါလိမ့် ...။

❍

# သင်တိုင်းရောင်စုံ

## နံနက်ခင်းရဲ့ ကဗျာ



# အဲန်စီယူဘီနှင့်မဟာမိတ်အဖွဲ့များ ပူးတွဲအစည်းအဝေးကျင်းပ



နိုင်ငံရေးဦးဆောင်မဟာမိတ်အဖွဲ့များ ပူးတွဲအစည်းအဝေးသို့ တက်ရောက်လာသူများ

ဇန်နဝါရီလ (၁၄) ရက်နေ့က (အဲန်စီယူဘီ) (ကေအဲန်ပီပီ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များတွေ့ဆုံပြီး မြန်မာ့နိုင်ငံရေးအခြေအနေနှင့် (၂၀၀၆) ခုနှစ်အတွင်း အတူပူးတွဲလုပ်ကိုင်ကြမည့်လုပ်ငန်းစဉ်များကို ထိုင်း–မြန်မာနယ်စပ် ကရင်နီဒေသမှာပြုလုပ်ခဲ့ကြသည်။

အဲန်စီယူဘီကိုယ်စားလှယ်အဖွဲ့ကို ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောက ဦးဆောင်ပြီး၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင် (အက်ဖ်တီယူဘီ)၊ ဒေါက်တာကျော်ညွန့် (ဒီအေဘီ)၊ ဦးရန်နောင်မြင့် (အဲန်အယ်လ်ဒီ–အယ်လ်အေ)၊ ဦးငွေလင်း (ဒီပီအဲန်အက်စ်)တို့ ပါဝင်ခဲ့ပါသည်။ ကေအဲန်ပီပီကိုယ်စားလှယ်အဖွဲ့ကို ဥက္ကဋ္ဌ ထဲဘူးဖဲ၊ ဒု–ဥက္ကဋ္ဌ အေဘယ်တွဲဒ်၊ အတွင်းရေးမှူး (၁) ရီမာန်ထူး၊ အတွင်းရေးမှူး (၂) ခူးအူးရယ်၊ စစ်ဦးစီးချုပ် စောဘီထူး၊ ဗဟိုကော်မတီဝင် ထီးစောတို့ပါဝင်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖြစ် စောဂျက်ကော့လည်း တက်ရောက်ခဲ့ကြသည်။ အဲန်စီယူဘီမှ ပြီးခဲ့သည့် (၂၀၀၅) ခုနှစ် လုပ်ဆောင်ချက်များကို အဲန်စီယူဘီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မှ ရှင်းလင်းပြောကြားခဲ့ပြီး၊အဲန်စီယူဘီ ၊ ကေအဲန်ပီပီနှင့် စီပီဘီအကြား လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများအပေါ် အမြင်ဖလှယ်ခဲ့ကြသည်။

ထို့နောက် (၂၀၀၆) ခုနှစ်အတွင်း ပူးတွဲလုပ်ကိုင်နိုင်မည့် လုပ်ငန်းစဉ်များကိုလည်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အသေးစိတ် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အဲန်စီယူဘီအတွင်းရေးမှူးအဖွဲ့က ကေအဲန်ပီပီ၊ စီပီဘီတို့နှင့် ဆက်လက်ညှိနှိုင်းသွားကြမည်ဟုလည်းသိရှိရပါတယ်။

❖

# နအဖကို ဖိအားပေးရန်အချိန်တန်ပြီဟု အင်ဒိုနီးရှားဥပဒေပြုအမတ်ပြော

အင်ဒိုနီးရှားအစိုးရအနေဖြင့် လူ့အခွင့်ရေးချိုးဖောက်မှုကျူးလွန်နေသော နအဖစစ်အုပ်စုကို ဒီမိုကရေစီတိုးတက်မှုများ လုပ်ဆောင်ရန်အတွက် ထိထိရောက်ရောက်တွန်းအားပေးရန်အချိန်ကျရောက်ပြီဟု အင်ဒိုနီးရှား ဥပဒေပြုအမတ်တဦးက ပြောဆိုလိုက်သည်။

ဇန်နဝါရီလ (၂၃) ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) အစည်းအဝေးမိန့်ခွန်းတွင် အင်ဒိုနီးရှားလွှတ်တော်အမတ် (Djoko Susilo) က “လိုအပ်ရင် ကျနော်တို့ မြန်မာနိုင်ငံနဲ့သံတမန်ဆက်ဆံရေးကိုလျှော့ချရမယ်”ဟုဆိုသည်။

မြန်မာနိုင်ငံအရေးဆောင်ရွက်ရန် ဖွဲ့စည်းထားသော အာဆီယံလွှတ်တော်အမတ်များအဖွဲ့၏သဘာပတိဖြစ်သူ (Djoko Susilo) က အင်ဒိုနီးရှားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာ့အရေးတွင် ဝေဖန်ပြောဆိုသင့်သည်ဟုဆိုသည်။

မစ္စတာ (Djoko) က အင်ဒိုနီးရှားအမတ်များကိုယ်တိုင်လည်း မြန်မာအရေးကို စိတ်ဝင်စားမှုမပြသလို အာဆီယံနိုင်ငံများ၏ လွှတ်တော်များတွင် ဆွေးနွေးစရာကိစ္စတခု ဖြစ်မလာသေးကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် ထောက်ခံမှုများပိုရအောင်လုပ်ဆောင်ရန်လိုအပ်သေးသည်ဟု ထောက်ပြပြောဆိုသည်။

ထို့အပြင် အာဆီယံနိုင်ငံများမှ လွှတ်တော်အမတ်များသည် လူ့အခွင့်ရေးချိုးဖောက်မှုများကျူးလွန်နေသောမြန်မာနိုင်ငံမှနအဖအုပ်စုကိုသက်ဆိုင်ရာအစိုးရများမှတဆင့်ဖိအားပေးရန်လိုအပ်သည်ဟု သူကဆိုသည်။

သူကဆက်လက်၍ အင်ဒိုနီးရှားသမတ (Susilo Bambang Yudhoyono) ၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ တရားဝင်အချိန်အတိအကျ မရရှိသေးကြောင်း ပြောဆိုလိုက်ပြီး၊ ယင်းခရီးစဉ်သည် အင်ဒိုနီးရှားနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးအကျိုးအမြတ်အတွက် သွားရောက်ခြင်းမဟုတ်ဟု သူကပြောဆိုသွားသည်။

ဤအတောအတွင်း အဲန်စီဂျီယူဘီဝန်ကြီးဒေါက်တာသောင်းထွန်းက မြန်မာနအဖအုပ်စုကိုဖိအားပေးရာတွင် အင်ဒိုနီးရှား နိုင်ငံကိုဦးစီးဦးဆောင်အဖြစ် မိမိမျှော်လင့်ကြောင်း ပြောဆိုထားသည်။ ❖

# မစ္စတာဂျိုကိုစူစီလို၏ဆွေးနွေးမှုများကို ဒေါက်တာသောင်းထွန်းက ဒီဗွီဘီအသံလွှင့်ဌာနသို့ ပြန်လည်ပြောပြချက်

“အဲဒီပြောသွားတဲ့အထဲမှာ အဓိကအားဖြင့်တော့ ဗမာနိုင်ငံမှာဖြစ်နေတဲ့ လူ့အခွင့်အရေးအခြေအနေတွေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ နှောင့်နှေးနေရတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ သူ့အနေနဲ့အားမလိုအားမရဖြစ်မိတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားတဲ့ကိစ္စပေါ့လေ။ နောက်တခုကတော့ ရန်ကုန်မှာရှိတဲ့ အင်ဒိုနီးရှားသံရုံးကို နအဖကနေပြီးတော့ ဖုန်းဆက်သွယ်မှုတွေကိုခိုးပြီးတော့ နားထောင်တဲ့ ပစ္စည်းကိရိယာတွေတပ်ထားခဲ့တာတွေနဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးမှုတွေကို တိတိကျကျဖြေရှင်းမှုကိုမလုပ်တာနဲ့ပတ်သက်လို့ အင်ဒိုနီးရှားပါလီမန်မှာရှိတဲ့ လွှတ်တော်အမတ်တွေတော်တော်များများက ဒါကိုမကျေနပ်ကြဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ သေသေချာချာဖြေရှင်းမှုမလုပ်မချင်းကို သံတမန်ရေးဆက်သွယ်မှုတွေကို လျှော့ချသွားဖို့ ဒါတွေကိုတိုက်တွန်းနေတာဖြစ်တယ်လို့ ပြောသွားတာရှိပါတယ်။ နောက်အရေးကြီးတဲ့အချက်တခု ပြောသွားတာက ဖေဖော်ဝါရီလထဲမှာ အင်ဒိုနီးရှားသမတ မြန်မာနိုင်ငံကိုသွားရောက်လည်ပတ်ဖို့ကိစ္စ လက်ခံထားတယ်လို့ သူသိရပါတယ်တဲ့။ ဒီခရီးစဉ်ရဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်လို့ ရှင်းရှင်းလင်းလင်းသိအောင် သူပြန်သွားရင်စုံစမ်းဖို့ရှိတယ်။ အာဆီယံရဲ့ ကိုယ်စားသွားမယ့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးခရီးစဉ်ကိုတော့ ရှေ့ဆိုင်းပြီးတော့ အင်ဒိုနီးရှားသမတကို လက်ခံထားတာနဲ့ပတ်သက်လို့ ဒါစဉ်းစားစရာအကြောင်းအချက်တွေအများကြီးရှိပါတယ်။ အင်ဒိုနီးရှားသမတအနေနဲ့လည်း ဒီမိုကရေစီရေးအတွက် တိကျတဲ့ဆောင်ရွက်မှုတွေကို ဆွေးနွေးနိုင်မယ့်အနေအထားမရှိဘဲနဲ့ သာမာန်အလည်အပတ်သွားရုံနဲ့တော့ မသွားသင့်ဘူးလို့ သူမြင်တယ်လို့ပြောသွားတာရှိပါတယ်။ နောက်တခုကတော့ ဒေသတွင်းမှာရှိတဲ့လွှတ်တော်အမတ်တွေရဲ့သမဂ္ဂရှိပါတယ်။ သမဂ္ဂအစည်းအဝေးတွေမှာ နအဖကနေပြီးတော့ လွှတ်တော်အမတ်မဟုတ်တဲ့ တရားရေးဌာနဖက်က ပုဂ္ဂိုလ်တွေကို ဗမာနိုင်ငံကိုယ်စားလှယ်ဆိုပြီးတော့ စေလွှတ်နေတာတွေရှိပါတယ်။ ဒါကလဲ ဘယ်လိုမှမသင့်တော်တဲ့ကိစ္စဖြစ်တယ်။ လက်သင့်မခံနိုင်ဘူးလို့ ပြောသွားတာရှိပါတယ်”

# မွန်ပြည်သစ်ပါတီ ဆဋ္ဌမအကြိမ် ဗဟိုကော်မတီက ညောင်နှစ်ပင်ညီလာခံကို ဆက်သပိတ်မှောက်ရန်ဆုံးဖြတ်

ဒီဇင်ဘာလ (၂၈) ရက်နေ့မှ ဇန်နဝါရီလ (၁၄) ရက်နေ့အထိ ရေးချောင်းဖျားဒေသဗဟိုဌာနချုပ်တွင်ကျင်းပခဲ့သော မွန်ပြည်သစ်ပါတီ၏ ဆဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီညီလာခံက နအဖ၏ညောင်နှစ်ပင်ညီလာခံကို ဆက်သပိတ်မှောက်ရန်ဆုံးဖြတ်လိုက်သည်။

(၃) နှစ်တကြိမ် ကျင်းပလေ့ရှိသောညီလာခံသို့ ဒေသအသီးသီးမှ ကိုယ်စားလှယ်ဦးရေ (၁၁၀) တက်ရောက်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး အလားအလာနှင့် ညောင်နှစ်ပင်ညီလာခံအကြောင်း အလေးပေးဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

ညီလာခံအပြီး ထုတ်ပြန်သောပါတီ၏ ကြေညာချက်တွင် ‘မွန်ပြည်သစ်ပါတီကိုတည်ထောင်ပြီး လက်နက်ကိုင်လှုပ်ရှားခဲ့ရသည့် အဓိကရည်ရွယ်ချက်မှာ မွန်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနည်းတူ တန်းတူအခွင့်အရေးရရှိရန်၊ မြန်မာနိုင်ငံကိုဖက်ဒရယ်ပြည်ထောင်စုပုံစံ တည်ထောင်သွားရန်အတွက်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပါတီညီလာခံက နိုင်ငံရေးပြဿနာကို သုံးပွင့်ဆိုင်ဆွေးနွေးရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာသွားရန်၊ နအဖနှင့်ရရှိထားသောအပစ်အခတ်ရပ်စဲရေးကို မထိခိုက်သရွေ့ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းသွားရန်ဆုံးဖြတ်ခဲ့သည်။

မွန်ပြည်သစ်ပါတီသည် (၁၉၉၅) ခုနှစ်ကတည်းက နအဖနှင့်အပစ်အခတ်ရပ်စဲခဲ့ပြီး နအဖ၏ ယခုနောက်ဆုံးအကြိမ်ကျင်းပသော ညောင်နှစ်ပင်ညီလာခံသို့ ကိုယ်စားလှယ်စေလွှတ်ခြင်းမရှိပေ။

နိုင်ငံရေးအကဲခပ်သူများက မွန်ပြည်သစ်ပါတီ၏ အဆိုပါလုပ်ရပ်သည် ငြိမ်းအားလုံးအတွက် အလေးထားစဉ်းစားဖွယ်ရာတခုဖြစ်နေပြီး ညီလာခံ၏မူများကို မကြိုက်သည့်အခြားငြိမ်းများအနေဖြင့်လည်း နောက်တကြိမ်ညီလာခံတွင် မွန်ပြည်သစ်ကဲ့သို့ လေ့လာသူအဆင့်သာစေလွှတ်နိုင်သည်ဟု သုံးသပ်နေကြသည်။

ယခု ကျင်းပသောညီလာခံက ရွေးချယ်ခံထားရသော ခေါင်းဆောင်များမှာ ဥက္ကဋ္ဌ နိုင်ထွန်းမော်၊ ဒုဥက္ကဋ္ဌနိုင်ရောစ၊ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာနှင့် တွဲဘက်အတွင်းရေးမှူးနိုင်ချမ်းတွဲတို့ဖြစ်ပြီး ဗဟိုကော်မတီဝင် (၂၁) ဦးဖြစ်ကြောင်း သိရသည်။ ထူးခြားချက်မှာ ဆဋ္ဌမ အကြိမ်မြောက် ဗဟိုကော်မတီညီလာခံက အသက် (၄၁) နှစ်အရွယ် မွန်အမျိုးသမီး မိဆာရားကို ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

❖

# မွန်ပြည်သစ်ပါတီညီလာခံထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ သဘောထား

(၁) မွန်ပြည်သစ်ပါတီဆဋ္ဌမအကြိမ် မြောက်ညီလာခံကို (၂၀၀၅) ဒီဇင်ဘာ (၂၈) ရက်နေ့မှ (၂၀၀၆) ဇန်နဝါရီ (၁၄) ရက် နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကိုလည်းကောင်း၊ ဥက္ကဋ္ဌနိုင်ထောမွန်နှင့် ဒုဥက္ကဋ္ဌ နိုင်ရအမှူးပြုသော ဗဟိုကော်မတီသစ်ကို အင် ပြည့်အားပြည့် ရွေးချယ်နိုင်ခဲ့ခြင်းကိုလည်း ကောင်းမိမိတို့အင်အားစုမှ အထူးဂုဏ်ယူဝမ်း မြောက်မိပါသည်။

(၂) ဤပါတီညီလာခံမှချမှတ်လိုက်သော နိုင်ငံရေးဦးတည်ချက်များဖြစ်သည့်

၁။ အမျိုးသားစည်းလုံးညီညွတ်ရေး တိုးမြှင့်တည်ဆောက်သွားရန်။

၂။ လူမျိုးစုံသွေးစည်းချစ်ကြည်ရေး ပြန်လည်တည်ဆောက်သွားရန်။

၃။ ပြည်တွင်းငြိမ်းချမ်းရေးတည် ဆောက်နိုင်ရန်အတွက် တပြည်လုံးအပစ်အခတ်ရပ်စဲပြီး (၃) ပွင့်ဆိုင်ဆွေးနွေးအဖြေ ရှာသွားရန်။

၄။ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ထွန်း ရေးကြိုးပမ်းဆောင်ရွက်သွားရန်။

၅။ တိုင်းရင်းသားအခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိသော ပြည်ထောင်စုအစစ်အမှန် တည်ဆောက်သွား ရန်။

စသည့် နိုင်ငံရေးဦးတည်ချက်တို့အား မိမိတို့အင်အားစုမှ အလေးအနက်ကြိုဆိုထောက်ခံအပ်ပါသည်။

(၃) ဤအချိန်ဤကာလသည် မွန်ပြည် သစ်ပါတီမှထောက်ပြသကဲ့သို့ မှန်ကန်သော ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ရပ်တည် ရင်း ဘဝတူတိုင်းရင်းသား မဟာမိတ်အဖွဲ့အစည်းများလက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည့် အချိန်ကာလဖြစ်ပါသည်။

(၄) မွန်ပြည်သစ်ပါတီဥက္ကဋ္ဌကြီးနိုင်ထင် ၏“တော်လှန်ရေးလမ်းစဉ်ရည်မှန်းချက်တွေပြည့်စုံပြီးမြောက်ဖို့ ငါတို့အစွမ်းကုန် ညီညွတ်ဖို့လိုတယ်၊ အကြပ်အတည်းနှင့်ခြိမ်းခြောက်မှုတွေ ဘယ်လိုပင်ရှိရှိ ဇွဲလျှော့ အရှုံးပေးလိုက်တာမျိုးမရှိသင့်ဘူး။ ဇွဲရှိရှိတော်လှန်ရေးသတိအပြည့်နှင့် ကျရာတာဝန် ကျေပွန်အောင်ထမ်းဆောင်သွားကြပါ” ဟု လမ်းညွှန်မှာကြားသွားခဲ့သည့်အတိုင်း အင် အားစုအသီးသီးက တော်လှန်ရေးသတိကြီးစွာဖြင့်အရှိန်မြှင့် လက်တွဲချီတက်ကြရမည့် အချိန်ကာလလည်းဖြစ်ပါသည်။

(၅) မွန်ပြည်သစ်ပါတီ၏ ညီလာခံမှ ချမှတ်ခဲ့သည် နိုင်ငံရေးဦးတည်ချက်များ အောင်မြင်သည်အထိ မိမိတို့မြန်မာနိုင်ငံဒီမို ကရက်တစ်အင်အားစုအနေဖြင့် မွန်ပြည်သစ်ပါတီနှင့်အတူ၊ မွန်ပြည်သူတရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိတို့၏ အမြင်သဘောထားကို လေးနက်တည်ကြည်စွာ ထုတ်ပြန်အပ်ပါသည်။

❖

# အနာဂတ်ဖယ်ဒရယ်ဖွဲ့စည်းပုံတွင် စစ်တပ်၏အခန်းနိုင်ငံရေးအခန်းကဏ္ဍပါဝင်ခြင်းမရှိဟု ဖယ်ဒရယ်ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သန်းလေးပြော

*မေး။ ။ အခု ကျနော်တို့သိသလောက်ဆိုရင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းလောက်ထိ ပြီးသွားပြီပေါ့။ အခုအခြေခံဥပဒေမူကြမ်းဖြစ်ပေါ်လာရတဲ့ အကျဉ်းလေးပေါ့ အဲဒါလေးကစပြောပြပေးပါလား။*

ဖြေ။ ။ (၂၀၀၅) ခုနှစ်က ဖေဖဝါရီလ (၁၂) ရက်နေ့မှာ ကျနော်တို့အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲတခုလုပ်တယ်၊ အဲဒီနှီးနှောဖလှယ်ပွဲမှာ ကျနော်တို့အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် သဘောတူညီချက်ရခဲ့ပါတယ်။ အားလုံးလက်မှတ်ရေးထိုးကြပါတယ်။ အဲဒီသဘောတူညီချက်အရ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်တယ်။ အခြေခံဥပဒေမူကြမ်းကိုရေးဆွဲဖို့တာဝန်ပေးလိုက်တယ်။ ဒီမှာ အခုလိုမူကြမ်းကို ရှင်းလင်းတင်ပြခဲ့တာပါ။ လာမယ့်လမှာက အဖွဲ့အစည်းပေါင်းစုံရဲ့သဘောထားကိုခံယူသွားမှာပါ။

*မေး။ ။ အတည်ပြုချက်ရယူဖို့လားခင်ဗျ။*

ဖြေ။ ။ ရေးဆွဲထားတဲ့အချက်အလက်တွေမှာ မပြည့်စုံတဲ့အပိုင်းတွေကို ပြန်ပြီးသုံးသပ်တာပါ။ လာမယ့်တနှစ်ပြည့်တဲ့ အချိန်မှာ သုံးသပ်ဖြည့်စွက်တဲ့ဟာတွေအပါ အဝင်မူကြမ်းတအုပ်ထွက်လာမယ်။

*မေး။ ။ အခုသုံးရက်လုပ်တဲ့အစည်းအဝေးမှာ ဘယ်လိုတိုးတက်မှုတွေရသွားပြီလဲခင်ဗျ။*

ဖြေ။ ။ တိုးတက်မှုကတော့ ဒီအခြေခံဥပဒေဖွဲ့မယ်၊ ပိုလို့ခိုင်မာအောင်။

*မေး။ ။ ဒီ (၃) ရက်အစည်းအဝေးကိုတက်ရောက်လာတဲ့ အဖွဲ့အစည်းများရဲ့ တုံ့ပြန်မှုကရောဘယ်လိုရှိလဲခင်ဗျ။*

ဖြေ။ ။ အားလုံးလက်ခံကြတယ်။ ကန့်ကွက်တာမရှိပါဘူး။ ပိုပြီးပြည့်စုံအောင်ဆွေးနွေးကြတာရှိပါတယ်။ အဲန်အယ်လ်ဒီကရော အားလုံးက ဝိုင်းပြီးဆွေးနွေးကြတယ်။

*မေး။ ။ အခုမူကြမ်းက (၄၇) အခြေခံဥပဒေကို အခြေခံပြီးရေးဆွဲတာလားခင်ဗျ။ ဘယ်ပေါ်အခြေခံပြီးရေးဆွဲတာလည်းခင်ဗျ။*

ဖြေ။ ။ (၄၇) အခြေခံဥပဒေတချို့ပါကောင်းပါမယ်။ ကောင်းနိုးရာရာပေါ့။

*မေး။ ။ ဒီဖက်မှာရေးဆွဲတဲ့အခြေခံဥပဒေဆိုတော့ မြန်မာနိုင်ငံရဲ့လက်ရှိလိုအပ်ချက်တွေနဲ့ ဘယ်လောက်ကိုက်ညီမှုရှိနိုင်မလဲခင်ဗျ။*

ဖြေ။ ။ အကိုက်ညီဆုံးတော့ရေးဆွဲပါတယ်။ ကျနော်တို့နေတဲ့နေရာမှာ လူမျိုးပေါင်းစုံ၊ လူမျိုးပေါင်းစုံဆိုတဲ့နေရာမှာ နအဖပြောသလို (၁၃၅) မျိုးတော့မဟုတ်ဘူး။ လူမျိုးစုံပါသလို အဖွဲ့ပေါင်းစုံလည်းပါ ပါတယ်။

အဲဒီရှိတဲ့ လူမျိုးတွေအားလုံးရဲ့ အခွင့်အရေး ဟာတန်းတူညီတူရှိဖို့၊ ဖိနှိပ်မှုတွေ၊ မုန်းတီးမှုတွေမရှိရအောင်၊ အတိတ်ကဖြစ်ခဲ့မှုတွေအနာဂတ်မှာမရှိရအောင်။

*မေး။ ။ အနာဂတ်ဖယ်ဒရယ်ဖွဲ့စည်းပုံမှာ စစ်တပ်ရဲ့အခန်းကဏ္ဍကို ဘယ်လိုထည့်သွင်းထားသလဲခင်ဗျ။ နအဖအခြေခံဥပဒေလို စစ်တပ်က ရာခိုင်နှုန်းဘယ်လောက်ပါရမယ်ဆိုတာမျိုး။*

ဖြေ။ ။ မပါဘူး။

*မေး။ ။ အမျိုးသမီးတွေကလဲ (၃၀) လောက်တောင်းတယ်လို့ ကြားတယ်ခင်ဗျ။*

ဖြေ။ ။ အဲဒါ ဒီနေ့ရှင်းလိုက်တယ်၊ (၃၀) ဆိုတာက နိုင်ငံတာဝန်ကိုထမ်းဆောင်တဲ့နေရာမှာ (၂) ပိုင်းရှိတယ်နော်။ ရွေးချယ်ခန့်အပ်ခြင်းနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုတာ (၂) ခုရှိတယ်။ ရွေးချယ်ခန့်အပ်ခြင်းဆိုတဲ့အပိုင်းမှာက ခွဲတမ်းသဘောမျိုးလာလုပ်တာကတော့ စဉ်းစားလို့ဖြစ်ကောင်းဖြစ်နိုင်မယ်။ ရွေးကောက်တင်မြှောက်ခြင်းဆိုတဲ့အပိုင်းမှာတော့မရဘူး။ မဲနဲ့တက်လာမယ်။

*မေး။ ။ အခြေခံဥပဒေကိုတနှစ်အတွင်းအပြီးရေးဆွဲမှာလားခင်ဗျ။*

ဖြေ။ ။ အသုံးပြုလို့ရတဲ့အပေါ်မှာ အချောကတော့မဖြစ်နိုင်ဘူး။ အများကြီးလိုသေးတယ်။ လူထုဆန္ဒခံယူရမယ်။ တခြားအဖွဲ့အစည်းကအမြင်တွေရှိတယ်။

*မေး။ ။ အိန္ဒိယဖက်ခြမ်းမှာလည်း ခုလိုညှိနှိုင်းဆွေးနွေးပွဲတွေရှိတယ်လို့ သိရပါတယ်။ အခုလုပ်နေပြီလားခင်ဗျ။*

ဖြေ။ ။လုပ်မယ်။

*မေး။ ။ အခု အခြေခံဥပဒေရေးဆွဲနေတာကို နအဖဖက်ကတုံ့ပြန်မှုတစုံတရာရှိသလားခင်ဗျ။*

ဖြေ။ ။ မရှိဘူး။

*မေး။ ။ ပြည်နယ်တွေနဲ့ပတ်သက်ပြီး (geographically) ပထဝီအနေအထားအရ အတိအကျသတ်မှတ်ထားတာရှိသလားခင်ဗျ။*

ဖြေ။ ။ တချို့အရင်ကသတ်မှတ်ထားတာတွေက အကြမ်းအားဖြင့်ကျနော်တို့ထောက်ခံပါတယ်။ ကျနော်တို့ဒီရှိတဲ့ (၇) တိုင်းဟာလည်းပဲ အဲဒီမူကြမ်းအဲဒါကိုယူပြီးတော့ ကျနော်တို့ ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တဲ့အချိန်မှာ ပြန်လုပ်မယ်။ တချို့လည်းပြန်ကျယ်သွားမယ်။ တချို့လဲ ကျဉ်းသွားမယ်။ ဖြောင့်နေတဲ့နယ်နိမိတ်စည်းကြောင်းလည်း ကောက်သွားမယ်။ ကောက်နေတဲ့နယ်နိမိတ်စည်းကြောင်းလည်း ဖြောင့်သွားမယ်။

*မေး။ ။ (၈) ပြည်နယ်မူလားခင်ဗျ။*

ဖြေ။ ။ (၈) ပြည်နယ်ဆိုတာမရှိပါဘူး။ ဒီနေ့လည်းပြောကြပါတယ်။ (၈) ပြည်နယ်ဆိုတဲ့အယူအဆဟာ ကျန်တဲ့ (၇) တိုင်းကို တပြည်နယ်လုပ်ဆိုတဲ့အဲဒီလို အဓိပ္ပါယ်ထွက်တယ်။

ပြည်နယ်ဆိုတာ ဆက်စပ်မှုရှိရမယ်။ ဟိုတပိုင်း ဒီတပိုင်းဖြစ်လို့မရဘူး။ တနင်္သာရီက ဟိုးအောက်မှာ၊ ကြားမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်ရှိတယ်။ အမျိုးသားပြည်နယ် (၇) ပြည်နယ်။ ကျနော်တို့မူကြမ်းကရေးဆွဲတာက တနင်္သာရီပြည်နယ်၊ ဧရာဝတီပြည်နယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဲခူးတိုင်းမှာ လူမျိုးပေါင်းစုံနေထိုင်တယ်။ ရန်ကုန်တိုင်းမှာလည်း လူမျိုးပေါင်းစုံနေထိုင်တယ်။ အဲဒီလူမျိုးပေါင်းစုံ လူမျိုးများစုစည်းနေထိုင်တဲ့နေရာကို ဒါ အမျိုးသားများပြည်နယ်လို့ ကျနော်တို့ စဉ်းစားပေးထားတယ်။ အမျိုးသားပြည်နယ် (၇) ပြည်နယ်။ ဥပမာ ဧရာဝတီ။ ဧရာဝတီမှာ ကရင်နဲ့ ဗမာကလည်း ရောနေလို့ ဗမာပြည်လို့ပြောလို့မရဘူး။ ကရင်ပြည်ပါလို့ ပြောလို့လည်းမရဘူး။ အမျိုးသားများပြည်နယ်ပဲဖြစ်ရမယ်။ ဗမာလဲပါမယ်။ ကရင်လဲပါမယ်။

*မေး။ ။ ဗမာပြည်နယ် ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါလဲခင်ဗျ။*

ဖြေ။ ။ ဗမာပြည်နယ်နဲ့ပတ်သက်လို့ကတော့ အတင်းပြောလို့လဲမရဘူး။ ခင်ဗျားတို့ ဒါယူပါလို့လဲပြောလို့မရဘူး။ အားလုံးနဲ့သက်ဆိုင်တဲ့၊ အားလုံးစုပေါင်းနေထိုင်တဲ့ ဒေသကိုတော့ ပြည်နယ်တခုပဲ ကျနော်တို့လုပ်ရမယ်။ ဗမာလူထုတွေကိုက ငါတို့ပြည်နယ်မလိုချင်ဘူး။ ငါတို့အမျိုးသားပြည်နယ်မှာပဲနေမယ်ဆိုလဲ ဒါသူတို့ဆန္ဒပဲ။ လူမျိုးရေးပြည်နယ်တော့ မလိုချင်ဘူး။ အမျိုးသားများပြည်နယ်မှာပဲ လက်ခံနေမယ်ဆိုရင် ဒါတော့သူ့ဆန္ဒပဲ။

*မေး။ ။ ဒီအခြေခံဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ထပ်ဖြည့်ပြောချင်များရှိသေးလားခင်ဗျ။*

ဖြေ။ ။ အားနည်းချက်တွေတော့ရှိပါတယ်။ တချို့နည်းနည်းလေးရှုပ်ထွေးနေတယ်။ တချို့အသုံးအနှုန်း ဝေါဟာရတွေက မရှင်းလင်းတာတွေရှိတယ်။

*မေး။ ။ နိုင်ငံကိုဘယ်လိုခေါ်မလဲဆိုတာမျိုးလားခင်ဗျ။*

ဖြေ။ ။ စစခြင်းအဲဒီပြဿနာ။ အဲဒီမြန်မာဆိုတဲ့စကားလုံးကလည်း ကျနော်တို့ ဟိုးမာနယ်ပလေဘမှာနေကတည်းက ငြင်းခုန်ကြတာ။ ဟိုးတုန်းက ဒေါက်တာ ကျော်ညွန့်ပေါ့။ မြန်မာဆိုတာ ဘယ်မင်းလက်ထက်မှာ စစ်သားတွေကို ရွေးကောက်ရင်းနဲ့မှ မြန်တဲ့သူ မာတဲ့သူ ရွေးချယ်ရင်းပေါ်လာတာလို့ဆိုတယ်။ ဒါ လက်မခံဘူး။ ငြင်းခုန်ရင်းနောက်မကြာခင်မှာ ဗမာလော၊ မြန်မာလောဆိုတဲ့စာအုပ်တအုပ် ထွက်လာသေးတယ်။ ဒီနေ့ရှင်းရမှာက ဗမာလူမျိုးတွေအနေနဲ့ကနာမည်တခုပဲယူရမယ်။ ဗမာပဲဖြစ်ဖြစ်၊ မြန်မာပဲဖြစ်ဖြစ်။

*မေး။ ။ ဘယ်လိုနေရာမျိုးတွေမှာ ငြင်းခုန်မှုတွေတွေ့ရလဲခင်ဗျ။*

ဖြေ။ ။ ခုနလိုအသုံးအနှုန်းမျိုးတွေ။ ဥပမာ ရုံးသုံးဘာသာ။ ရုံးသုံးဘာသာနဲ့ပတ်သက်ပြီး မြန်မာဘာသာနဲ့၊ အင်္ဂလိပ်ဘာသာဆိုပြီး ပြဋ္ဌာန်းထားတယ်။ အဲဒါမျိုး။ မြန်မာဘာသာမဖြစ်ရဘူး။ မြန်မာဆိုတာတိုင်းပြည်နာမည်။ ဗမာဘာသာသာဖြစ်ရမယ်။ စာတွေက ဗမာစာပဲ။ ❖



ဗိုလ်ချုပ်အောင်သန်းလေး

## အနာဂတ်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရှင်းလင်းပွဲပြုလုပ်



ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ဇန်နဝါရီလ (၁၈) ရက်နေ့မှ (၂၀) ရက်နေ့ထိ သုံးရက်ကြာပြုလုပ်ခဲ့သည်။ အခမ်းအနားဖွင့်ပွဲသို့ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဖဒိုစောဘသင်စိန်နှင့် ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘောတို့ကတက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသဘာပတိအဖြစ် ဗိုလ်ချုပ် မန်းအောင်သန်းလေး (ကေအဲန်ပီပီ)၊ ခွန်းမားရ်ကိုဘန်း (ယူအဲန်အယ်လ်ဒီအယ်လ်အေ) နှင့် မိဆူးပွင့် (ဒဗလျူအယ်လ်ဘီ) တို့ကဆောင်ရွက်ခဲ့ပြီး အခမ်းအနားသို့ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တရာကျော်တက်ရောက်ခဲ့သည်။ ကိုယ်စားလှယ်တော်အသီးသီး၏ ဆွေးနွေးအကြံပြုချက်များကို မူကြမ်းရေးဆွဲရေးကော်မတီမှ မှတ်တမ်းတင်ထားပြီး အခြေခံဥပဒေမူကြမ်းအားအခန်းအလိုက်ရှင်းလင်းခြင်းများကို ဦးသိန်းဦး၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဗိုလ်မှူးကြီးခွန်ဥက္ကာတို့မှ တင်ပြရှင်းလင်းသွားခဲ့သည်။ ဤမူကြမ်း ရှင်းလင်းပွဲကို အိန္ဒိယ–မြန်မာနယ်စပ်တွင် လည်းကျင်းပခဲ့သည်။ ❖

# (၄၃)နှစ်ပြည့်မြောက် ပလောင်အမျိုးသားနေ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရမှပေးပို့သော သဝဏ်လွှာ




ပလောင်အမျိုးသားနေ့အခမ်းနားမြင်ကွင်း

ခရစ်သက္ကရာဇ် (၂၀၀၆) ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့သည် ပလောင်အမျိုးသားအပေါင်းတို့၏ (၄၃) နှစ်ပြည့်မြောက်သော အမျိုးသားတော်လှန်ရေးနေ့ဖြစ်သည်။ ပလောင်အမျိုးသားတို့သည် ဗိုလ်နေဝင်းဦးဆောင်သောစစ်အုပ်စု၏ မတရားဖိနှိပ်၊ ညှင်းပမ်းရက်စက်၊ သတ်ဖြတ်မှုကို မခံမရနိုင်သည့် အဆုံး ရရာလက်နက်ကိုဆွဲကိုင်ပြီး ပလောင်အမျိုးသားလွတ်မြောက်ရေးအတွက် အထူးဂုဏ်ယူဖွယ်ရာ အမျိုးသားတော်လှန်ရေးစတင်သည့် နေ့ထူးနေ့မြတ်ဖြစ်ပေသည်။

ထိုသို့ ပလောင်အမျိုးသားတော်လှန်ရေးကို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဖွဲ့ (PSLO) က (၁၉၆၃)ခုနှစ်မှ (၁၉၉၁) ခုနှစ်ထိ (၂၈) နှစ်တိုင်ဦးဆောင်လာခဲ့ရာတွင် အခက်အခဲမျိုးစုံဖြင့်ဖြတ်သန်းလာခဲ့သော်လည်း အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့်လက်တွဲပြီးပလောင်အမျိုးသားထုတရပ်လုံးကို တည့်မတ်မှန်ကန်စွာဦးဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပေသည်။

သို့သော် နဝတဖက်စစ်အုပ်စုသည် (၁၉၉၀) ၊ (၁၉၉၁) ခုနှစ်အတွင်း ပလောင်တော်လှန်ရေးအဖွဲ့နှင့် ပြည်သူလူထုများအပေါ် ဖြတ်လေးဖြတ်စနစ်ဖြင့် ရက်စက်စွာဖိနှိပ်ညှင်းပမ်းသတ်ဖြတ်လာခဲ့ရာ ပြည်သူလူထုများ မခံမရပ်နိုင်သည့်အဆုံး ရဟန်းရှင်လူပြည်သူများတို့၏တောင်းဆိုလာခြင်းကြောင့် မိမိတို့ပြည်သူလူထုအပေါ် ရပ်တည်နေသော (PSLO) သည်လည်း မလွှဲမရှောင်သာဘဲ နိုင်ငံရေးပြဿနာ နိုင်ငံရေးဖြင့်တွေ့ဆုံဆွေးနွေးမည်ဟုစိတ်ကူးယဉ်မိကာ နဝတ၊ နအဖ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကျော့ကွင်းထဲသို့ ကျရောက်သွားကြောင်း တွေ့ရှိရပေသည်။

(PSLO) သည် ဖက်ဆစ်စစ်အုပ်စုနှင့် (၂၈) နှစ်ကာလပတ်လုံး တိုက်ပွဲမျိုးစုံရင်ဆိုင်လာခဲ့ရာမှ ပလောင်ပြည်သူလူထု၏ထောက်ခံမှုအပြည့်အဝရရှိခဲ့သော်လည်း နဝတ၊ နအဖနှင့်အပစ်အခတ်ရပ်စဲထားသည့် (၁၅) နှစ်ကာလမှာ (PSLO) သည် (နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး၊ ဘဏ္ဍာရေး) အစစအရာရာကျဆုံးသွားပြီး၊ နောက်ဆုံး အကြွင်းမဲ့လက်နက်ချရေးစက်ကွင်းတွင်းသို့ လုံးလုံးလျားလျားကျရောက်သွားပေသည်။ ယနေ့ကာလတွင် (PSLO) ခေါင်းဆောင်ဟောင်းများသည်ပင်လျှင် နအဖစစ်အုပ်စုက ထိန်းသိမ်းထားသော အကျယ်ချုပ်တရားခံဘဝသို့ ရောက်ရှိသွားခြင်းနှင့်အတူ ပလောင်ပြည်သူလူထုတရပ်လုံးအပေါ် နအဖစစ်အုပ်စု၏ စိတ်ကြိုက်ကျွန်ပြုခြင်းကို မရှုမလှခံစားနေရကြောင်းတွေ့ရှိရပေသည်။

ယနေ့ (၂၀၀၆) ဇန်နဝါရီလ (၁၂) ရက်နေ့၌ကျရောက်သော (၄၃) ကြိမ်မြောက် ပလောင်အမျိုးသားတော်လှန်ရေး ရက်မြတ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၊ ပလောင်အမျိုးသမီးအဖွဲ့နှင့် ပလောင်လူငယ်အဖွဲ့တို့သည် ပလောင်ပြည်သူနှင့်လက်တွဲပြီး မိမိအမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေါင်းရာထောင်နှင့်ချီပြီး အသက်ပေးလှူကျဆုံးသွားသော မျိုးချစ်အာဇာနည်ရဲဘော်များအပေါ် သစ္စာပြုလျှက် မပြီးဆုံးသေးသော အမျိုးသားတော်လှန်ရေးကို ပန်းတိုင်အရောက် ဆက်လက်သယ်ဆောင်သွားကြမည်ဟု အလေးအနက်သံဓိဋ္ဌာန်ချမှတ်ကြသည်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် အလွန်ဂုဏ်ယူလေးစားမိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရသည် (၄၃) နှစ်မြောက် ပလောင်အမျိုးသားတော်လှန်ရေးနေ့တွင် ပလောင်အမျိုးသားနှင့်တကွ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံးနှင့်အတူ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေး အောင်မြင်သည်အထိ ဆက်လက်လက်တွဲချီတက်သွားမည်ဟု သံဓိဋ္ဌာန်ချမှတ်ထားပါကြောင်း ဆန္ဒပြုရင်း ဤသဝဏ်လွှာကိုပေးပို့အပ်ပါသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ (၅၇) ကြိမ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ပေးပို့သည့် သဝဏ်လွှာ

ခရစ်နှစ် (၂၀၀၆) ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့သည် သမိုင်းဂုဏ်ရောင်ပြောင်သော (၅၇) နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ဖြစ်ပေသည်။ ဦးစွာအားဖြင့် ဤသမိုင်းဝင်နေ့အခါသမယ၌ ကရင်အမျိုးသားတော်လှန်ရေးသမိုင်းခရီးတလျှောက် ဘဝနှင့်အသက်များစွန့်လွှတ်ပေးဆပ်ကာ တော်လှန်တိုက်ပွဲဝင်ခဲ့ကြကုန်သော ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးနှင့်တကွ ကရင်တော်လှန်ရေး အာဇာနည်အပေါင်းတို့အား အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး (KNU ) တော်လှန်ရေးခေါင်းဆောင်ကြီးများ၊ စစ်ရေးနိုင်ငံရေး တာဝန်အသီးသီးကိုထမ်းဆောင်လျက်ရှိကြသော ခေါင်းဆောင်များနှင့် တပ်မှူးတပ်သားများအားလည်း ကျန်းမာချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် တော်လှန်ရေးတာဝန်များကို စွမ်းစွမ်းတမန် ဆက်လက်ထမ်းရွက်နိုင်ကြပါစေကြောင်း ဤသမိုင်းဝင်နေ့အခါသမယတွင် အထူးဆန္ဒပြုအပ်ပါသည်။

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာရမည့်အစား၊ အာဏာလက်ကိုင်ထားသူများ၏ အကြမ်းဖက်ဗိုလ်ကျ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် အမျိုးသားတော်လှန်ရေးများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပေရာ၊ ကရင့်အမျိုးသားတော်လှန်ရေးမှာလည်း တခုအပါအဝင်ဖြစ်ပေသည်။ အထူးသဖြင့် စစ်အာဏာရှင်များ၏ မဟာလူမျိုးကြီးဝါဒကျင့်သုံးမှု၊ တိုင်းရင်းသားတို့အား အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရန် အစဉ်တစိုက်ငြင်းဆန်နေမှု၊ နှုတ်မှငြိမ်းချမ်းရေးဟု အော်ဟစ်နေသော်လည်းလက်တွေ့တွင် စစ်အင်အားသုံး ဗိုလ်ကျနေမှု၊ လတ်တလောအခြေအနေတွင်လည်း Gentleman Agreement ဟုဆိုကာ အပစ်ရပ်ရေး ယာယီသဘောတူမှုကို စစ်အုပ်စုက အရှက်မဲ့စွာချိုးဖောက်ထိုးစစ်ဆင်နေမှု စသည်တို့ကြောင့် ကရင်အမျိုးသားတော်လှန်ရေးကြီးသည် (၁၉၄၉) ခုနှစ်မှ ယနေ့တိုင် (၅၇) နှစ်မျှရှည်ကြာခဲ့ရခြင်းဖြစ်ပေသည်။

နဝတ၊ နအဖ ဖက်ဆစ်စစ်အာဏာရှင်တို့လက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေးဟု အသံကောင်းဟစ်ကြွေးကြော်နေသော်လည်း၊ လက်တွေ့တွင် တိုင်းရင်းသားလူမျိုးများအပေါ် ဖိနှိပ်ရေးစစ်ပွဲဆင်နွဲနေပေသည်။ ယင်းသို့ဖိနှိပ်ရေးစစ်ပွဲဆင်နွှဲနေခြင်းအား ကရင်အမျိုးသားအစည်းအရုံးကြီးက အသက်ပေါင်းမြောက်မြားစွာ စတေးပေးဆပ်၍ အလံမလှဲစတမ်း တော်လှန်တိုက်ပွဲဝင်နေခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဤ (၅၇) နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ အခါသမယတွင် အလေးအနက်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကရင်တိုင်းရင်းသားများသည် မိမိတို့ဘိုးစဉ်ဘောင်ဆက်ရပ်တည်ခဲ့သော လူမျိုးအစဉ်အဆက်ကို မပျောက်မပျက် ဆက်လက်ထိမ်းသိမ်းလိုကြသည်။ မိမိတို့ဓလေ့၊ ထုံးတမ်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကား၊ စရိုက်လက္ခဏာများကို အလွန်တန်ဖိုးထားထိမ်းသိမ်း မြှင့်တင်လိုကြသည်။ မိမိတို့အစဉ်အဆက် နေထိုင်ခဲ့ရာနယ်မြေဒေသကို ချစ်ခင်မြတ်နိုးကြသည်။ တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေးတို့ကို မြတ်နိုးသည့်အလျှောက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လိုလားကြသည်။ ယင်း ကရင်အမျိုးသားတို့လိုလားချက်များကိုအသိအမှတ်ပြု၍ တရားမျှတမှုရှိစွာ အလေးထားဖြည့်ဆည်းပေးရန်လိုအပ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ယုံကြည်လက်ခံထားပေသည်။

(၅၇) နှစ်တာတော်လှန်ရေးခရီးစဉ်တလျှောက် လက်နက်ချအညံ့ခံခြင်း အလျှဉ်းမပြုရေးမူကို အခိုင်အမာစွဲကိုင်လျက် တော်လှန်ရေးမုန်တိုင်းကြီးငယ်များနှင့် ကြိမ်ဖန်များစွာရင်ဆိုင်ခဲ့ရသော်လည်း စစ်အာဏာရှင်တို့အား ဒူးထောက်အညံ့ခံမှုလုံးဝမပြုဘဲ ဆက်လက်တိုက်ပွဲဝင်လျက်ရှိကြကုန်သော ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးရပ်တည်ချက်ခိုင်မာမှုနှင့် တပ်မှူးတပ်သားအပေါင်း၏ အနိုင်မခံ အရှုံးမပေးစွန့်လွှတ်စွန့်စားမှုများသည် စံနမူနာယူလောက်သည့်အလျှောက် အထူးသမိုင်းမော်ကွန်းတင်အပ်ပါသည်။ ကရင်အမျိုးသားအစည်းအရုံးကြီး၏ ဤသို့ ထူးခြားဂုဏ်ပြောင်သောဂုဏ်ရည်များကြောင့် ကရင်တိုင်းရင်းသားအပေါင်းတို့ မျှော်မှန်းထားသော ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံရေးရည်မှန်းချက်များ မသွေမုချအောင်မြင်မှုရရှိမည်ဟုလည်း ယုံကြည်ပါသည်။

ထို့ပြင်နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရန်၊ တပြည်လုံးအပစ်အခတ်ရပ်စဲရေးကြေညာပြီး တိုင်းရင်းသားလူမျိုးများအား ထိုးစစ်ဆင်နေမှုများအားလုံးကို အမြန်ရပ်ဆိုင်း၍ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအား ဖိနှိပ်ချုပ်ချယ်သည့်အမိန့်ဥပဒေများကို ရုပ်သိမ်းပေးရန်၊ နအဖအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အတိုင်း အဲန်အယ်လ်ဒီနှင့်တွေ့ဆုံဆွေးနွေးရန် တဆက်တည်းတွင် သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကို အမြန်စတင်ဆောင်ရွက်ရန်၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ခိုင်မာစွာဆုပ်ကိုင်၍ မြန်မာပြည်အတွင်း စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်လာရေးကြိုးပမ်းရန် အစရှိသော ကရင်အမျိုးသားအစည်းအရုံး (KNU) က အစဉ်တစိုက်ထားရှိခဲ့သော နိုင်ငံရေးသဘောထားများမှာလည်း အချိန်အခါအခြေအနေနှင့် ဆီလျော်ညီညွတ်ဆဲရှိသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ကြိုဆိုထောက်ခံအပ်ပေသည်။

အရင်းခံအားဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနည်းလမ်းဖြင့်သာ လက်ရှိနိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဟူသော ကရင်အမျိုးသားအစည်းအရုံးကြီး၏ သဘောထားအမြင်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရကလည်းယုံကြည်သည့်အလျှောက် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့်အတူ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များအောင်မြင်သည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဤ (၅၇)နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့ အခါသမယ၌ လေးနက်စွာသန္နိဋ္ဌာန်ပြုလျက် ဤသဝဏ်လွှာကို ဂုဏ်ယူစွာပေးပို့အပ်ပါသည်။

ခရစ် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့။
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

ဝဝဝဝ ဝဝဝဝ ဝဝဝဝ

(၂၀၀၅) ဒီဇင်ဘာ (၅) ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့သော နအဖအမျိုးသား ညီလာခံသည် နှစ်လပင်မပြည့်ဘဲ ရပ်ဆိုင်းသွားလေပြီ။ အခြေခံမူအားဖြင့် (၂) မူသာ ချနိုင်ခဲ့သည်။ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအခန်း၊ နိုင်ငံသားများဆိုင်ရာ အခွင့်အရေးနှင့် တပ်မတော်အခန်းကဏ္ဍမူများပင်ဖြစ်သည်။ ချမှတ်ခဲ့သောမူများတွင် တပ်မတော်အခန်းကဏ္ဍသည် (၁၉၉၃) စက်တင်ဘာ (၇) ရက်နေ့ကချမှတ်ခဲ့သောမူဖြစ်သည်။ အဆိုပါမူအရ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အားလုံး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အောက်တွင် ထားရှိရမည်ဆိုသောကြောင့် ငြိမ်းအဖွဲ့များအဖို့သတိထားစရာအချက်ဖြစ်စေခဲ့သည်။ ယင်းချမှတ်ခဲ့သောမူကို လက်ညိုးထောင်ခေါင်းညိတ်တာက နိုင်ငံရေးပါတီများအစုအဖွဲ့မှ တစည၊ ပအမဖ ဦးအောင်ခမ်းထီမှစုံညီအစည်းအဝေး၌တင်သွင်းပြမည်ဟုအာမခံခဲ့သော်လည်း တကယ်တမ်းစုံညီအစည်းအဝေးတွင် မတင်သွင်းခဲ့ပါ။ ထိုကြောင့်အခြားငြိမ်းအဖွဲ့များကပါ ဆက်လက်ထောက်ခံလိုက်သဖြင့် ကော်မရှင်ဥက္ကဋ္ဌတို့ခေါင်းစားသွားစေခဲ့သည်။ နောက်တော့လည်း ချော့၍တမျိုး၊ ခြောက်၍တဖုံဖိအားပေးခဲ့သည်။ ကော်မရှင်ကအဖွဲ့က ဖွဲ့စည်းပုံတွင်မူလအတိုင်းပြည်နယ် (၇) ခုနှင့်တိုင်းဒေသကြီး (၇) ခုကိုဆက်လက်ဖွဲ့သွားရန် ဆုံးဖြတ်လိုက်သည်။ ယနေ့တိုင်ဗမာပြည်နယ်ဖွဲ့စည်းပေးရန်တင်သွင်းခဲ့သော ဦးခွန်စိန်ရွှေကိုလည်း ညီလာခံသို့တက်ရောက်ခွင့်မပေးတော့ကြောင်းကြားသိရသည်။

### ကြံ့ဖွံ့ဘယ်လဲ၊ ဘာလဲ

ငြိမ်သက်နေသော ကြံ့ဖွတ်အသင်းများကိုပြည်သူလူထုအင်အားသုံး၍ အတင်းအဓမ္မပြုလုပ်လာသည်။ ဆက်လက်၍ကြံ့ဖွတ်သည် ပါတီတရပ်အနေဖြင့်ညီလာခံနှင့် ပတ်သက်လာနိုင်စရာအကြောင်းရှိသည်။

ကြိုတင်ပြင်ဆင်လာခဲ့သော ကြံ့ဖွတ်ကိုစတင်ဖွဲ့စည်းကတည်းက သင်တန်းတိုင်းတွင် မိမိတို့အသင်းသည် ကိုယ်လက်အင်္ဂါပြည့်စုံလာလျှင်ညီလာခံအဆုံးသတ်မည်ဟု သင်တန်းဆရာများဖြစ်သော နအဖဝန်ကြီးများ ကိုယ်တိုင်ပို့ချရာတွင် ကြံ့ဖွံ့အတွင်းရေးမှူးဖြစ်ခဲ့သူ မြို့တော်ဝန်ဦးကိုလေးက (၁၉၉၆) မှော်ဘီသင်တန်းတွင် ပြည်နယ်စည်းအဖွဲ့ဝင်ကြံ့ဖွံ့များကို 'ဒီနေ့ညီလာခံမပြီးသေးတာဟာ ဒို့အသင်းကြီး ကိုယ်လက်အင်္ဂါမပြည့်စုံသေးလို့ဘဲ၊ ပြည့်စုံလာတဲ့နေ့ညီလာခံပြီးတဲ့နေ့ဘဲ၊ လောလောဆယ် အဲန်အယ်လ်ဒီဟာ ခေါင်းရှိပေမဲ့ ကိုယ်လက်မရှိဘူး၊ ဒို့ကခေါင်းရှိဖို့ကြိုးသည်အများဆုံးဖြစ်သည်။ သေချာစီစစ်လေ့လာသော် မြို့နယ်ကြံ့ဖွတ်အတွင်းရေးမှူးများသည် တိုင်းရင်းသားအစုအဖွဲ့များတွင် ဝင်ရောက်နေသည်ကို တွေ့နေရသည်။ အစုအဖွဲ့တိုင်းသည်ကြံ့ဖွတ်များဖြစ်ကြသလို ယုတ်စွအဆုံးငြိမ်းအဖွဲ့ခေါင်းဆောင်ဖြစ်သော ဦးအောင်ခမ်းထီကိုယ်တိုင်ပင် ကြံ့ဖွတ်နာယကဝင်ဖြစ်နေသည်။ ညောင်နှစ်ပင်သည် စစ်တပ်နှင့် ကြံ့ဖွတ်လူများသာဖြစ်နေသောကြောင့် ပြည်သူကလည်းစိတ်မဝင်စားပါ။ တိုင်းပြည်အတွက်ကောင်းကျိုး ဘာမှဖြစ်လာမည်မဟုတ်တာတော့သေချာသည်။

### လမ်းပျောက်မြေပုံ

ယခုရပ်နားခဲ့သော ညောင်နှစ်ပင်ညီလာခံသည် ယခုအခါနှင့်ဆိုလျှင် (၈) ကြိမ်မြောက်ရှိသွားပြီဖြစ်သော်လည်း အခန်းအားတာကလည်း ပထမ၊ ဒုတိယ၊ တတိယအဆင့်သည် တခုတည်းပင်ဖြစ်သည်။ (၇) ချက်ပြည့်အောင် မျက်လှည့်ပြထားခြင်းဖြစ်သည်။

### ငြိမ်းအဖွဲ့များဘယ်လဲ

ကမ္ဘာ့သက်တမ်းရှည်ကြာဖြစ်နေသော နအဖညီလာခံသည် ကော်မရှင်ဥက္ကဋ္ဌလည်း (၃) ဦးပြောင်းလဲခဲ့ပြီး သေဆုံးခဲ့သောညီလာခံကိုယ်စားလှယ်များနှင့် ပြည်ပကိုထွက်ခွာသွားကြသူများလည်း မနည်းလှတော့ပါ။ တရားဝင်ပါတီများလည်း စွန့်ခွာလေခဲ့ပြီ။ ညီလာခံတွင်အတောင့်တင်းဆုံးဟူ၍ ငြိမ်းအဖွဲ့များသာကျန်တော့သည်။ ညီလာခံဦးတည်ချက် (၆) ရပ် နှင့်အခြေခံမူ (၁၀၄) ကို ပြင်ဆင်ပေးရန်ငြိမ်းအဖွဲ့ (၇) ဖွဲ့စုပေါင်း၍ တင်ပြခဲ့ဖူးသည်။ အကြောင်းပြန်ကြားခြင်း အဖြေမရခဲ့ချေ။ တင်ပြတောင်းခံခဲ့သော

# ညောင်နှစ်ပင်သံသရာ





**ယခုရပ်နားခဲ့သော ညောင်နှစ်ပင်ညီလာခံသည် ယခုအခါနှင့်ဆိုလျှင် (၈) ကြိမ်မြောက်ရှိသွားပြီဖြစ်သော်လည်း အခန်းအားဖြင့် (၈) ခန်းသာ ချမှတ်နိုင်သေးသည်။ အချိန်အားဖြင့် (၁၃) နှစ်ကျော်ခဲ့ပြီ။ ကျန်ရှိနေသေးသော အခန်း (၇) ခန်းကိုသာစောင့်ရလျှင်**

(ပအိုဝ့်)၊ မျို (ခေါ် ) ခမိ၊ ကိုးကန့်ပါတီနှင့် လားဟူပါတီတို့ ဖြစ်သည်။

နောက်ပိုင်းတွင် တိုင်းရင်းသားအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အစုအဖွဲ့၊ အတတ်ပညာရှင်အသိပညာရှင်များအစုအဖွဲ့၊ တသီးပုဂ္ဂလ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ပယ်ထားသော လွှတ်တော်အမတ် (၆) ဦး) တောင်သူလယ်သမားကိုယ်စားလှယ်အဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်တို့ ပါထောက်ခံလာခဲ့သည်။ ထူးခြားတာကအခြားဖိတ်ကြားသင့်သော အစုအဖွဲ့မှငြိမ်းအဖွဲ့များ ယခုညီလာခံတွင်ဘယ်မူကိုမှ ထောက်ခံဆွေးနွေးခဲ့ခြင်းမရှိပါ။

### မထူးခြားသောညီလာခံ

နအဖ၏လမ်းပြမြေပုံအရ (၂၀၀၄) မေလ (၁၇) တွင်စတင်ကျင်းပခဲ့သောညီလာခံသည် ဇူလိုင်လ (၉) ရက်နေ့တွင် ရပ်စဲခဲ့သည်။ ထူးခြားချက်ဖြစ်သွားစေသော အချက်မှာ ငြိမ်းအဖွဲ့များမှတင်ပြသောဖွဲ့စည်းပုံတွင် (၈) ပြည်နယ်စနစ်ဖြင့် သွားရန်အတွက် ဗမာပြည်နယ်ဖွဲ့စည်းပေးရန် ငြိမ်းအဖွဲ့တခုဖြစ်သော (ရ–လ–လ–ဖ) အဖွဲ့မှ ခေါင်းဆောင်တဦးဖြစ်သူ ဦးခွန်စိန်ရွှေကအစုအဖွဲ့ဆွေးနွေးပွဲမှ တဆင့်တင်သွင်းခဲ့သည်။ ထိုနေ့ကဆွေးနွေးပွဲတွင် သဘာပတိဖြစ်သူ ညီလာခံစတင်သည်နှင့်တပြိုင်နက် စတင်လှုပ်ရှားပြလာသည်။ နောက်ဆုံး ကြံ့ဖွံ့ကိုပါတီအသွင်ပြောင်းမည်ဟု လယ်စိုက်ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြောင်ပြောင်တင်းတင်းပြောဆိုလာသည်။ (၁၉၉၅) နိုဝင်ဘာ (၂၈) ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ညီလာခံကမှ ထွက်ခွာသွားခဲ့စဉ်က ယိမ်းယိုင်သွားသောညီလာခံကို ကြံ့ဖွတ်ကလူထုထောက်ခံပွဲများဖြစ်လာအောင် အတင်းအဓမ္မပြုလုပ်ခဲ့သလို ယခုလည်းညီလာခံထောက်ခံပွဲများ စားသွားရမယ်၊ ညီလာခံမှာအဓိကကျန်နေမှာ သေနတ်ကိုင်ငြိမ်းအဖွဲ့ရယ်၊ တပ်မတော်ရယ်၊ ဒို့ရယ်သုံးဖွဲ့ပေါင်းစားရင် အိုကေသွားပြီ'ဟု သင်တန်းတွင်ပို့ချသွားသည်။ (၂၀၀၅) မေလမှပြန်လည်ကျင်းပခဲ့သော ညောင်နှစ်ပင်ညီလာခံတွင် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့ဖြင့် (၈) ခန်းသာ ချမှတ်နိုင်သေးသည်။ အချိန်အားဖြင့် (၁၃) နှစ်ကျော်ခဲ့ပြီ။ ကျန်ရှိနေသေးသော အခန်း(၇) ခန်းကိုသာစောင့်ရလျှင် (၁၀) နှစ်ပင်စောင့်ရပေဦးမည်ဟု ပြည်တွင်းမှ ရှေ့နေတစ်ဦးကလည်း သည်းမခံနိုင်တော့သည့် အခြေအနေကိုတင်ပြသွားခဲ့သည်။ သွားလေသူ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်၏ Road Map) (၇) ချက်အရဆိုလျှင် ပထမအချက်အထိပဲရောက်နေသေးသည်။ တကယ်တော့ ဗိုလ်ခင်ညွန့်၏လမ်းညွှန် (၇) ချက်ဆို ငြိမ်းအဖွဲ့ (၇) ဖွဲ့မှာလည်း....

(၁) ပလောင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ( PSLA ) (လက်နက်ချလိုက်ပြီ)

(၂) ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ကလလတ) နှင့်

(၃) ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) တို့လောက်ညီးထောင် ခေါင်းညိတ်ဖို့ရန်အခြေအနေပြောင်းလဲခဲ့ပြီ။

(၄) ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ (SSPC= SSNA+ SSA) မှာနအဖ၏ဖိအားပေးခြင်းကိုခံခဲ့ရသည်။

*နိုင်ငံရေးအရထိပ်တန်းပြေးနေသော*
(၅) ကယန်းပြည်သစ်ပါတီ

(၆) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့်

(၇) မွန်ပြည်သစ်ပါတီတို့ကတော့ နအဖညီလာခံကို သတိထားအကဲခတ်နေလေပြီ။ ရှေ့ဆက်ဖြစ်လာမည်ကိုတော့ စောင့်ကြည့်ကြရဦးမည်။ ❖

**မင်းလွင် (ရှမ်းပြည်)**

**နအဖ ညီလာခံအကြိမ်ပြဇယား**

| စဉ် အကြိမ် | စတင်ကျင်းပသောနေ့ | ရပ်နားသည့်နေ့ | တက်ရောက်သူကိုယ်စားလှယ် |
|---|---|---|---|
| ၁။ ပထမ | ၉–၁–၁၉၉၃ | ၁၁–၁–၁၉၉၃ | ၆၉၉ ဦး |
| ၂။ ဒုတိယ | ၁–၂–၁၉၉၃ | ၈–၄–၁၉၉၃ | ၆၉၅ ဦး |
| ၃။ တတိယ | ၇–၆–၁၉၉၃ | ၁၆–၉–၁၉၉၃ | ၆၉၈ ဦး |
| ၄။ စတုတ္ထ | ၁၈–၁–၁၉၉၄ | ၉–၄–၁၉၉၄ | ၆၄၃ ဦး |
| ၅။ ပဉ္စမ | ၂–၉–၁၉၉၄ | ၇–၄–၁၉၉၅ | ၆၀၀ ကျော် |
| ၆။ ဆဋ္ဌမ | ၂၈–၁၁–၁၉၉၅ | ၃၁–၁–၁၉၉၆ | ၆၇၇ ဦး |
| ၇။ သတ္တမ | ၁၇–၅–၂၀၀၄ | ၉–၇–၂၀၀၄ | ၁၀၇၇ ဦး |
| ၈။ အဋ္ဌမ | ၅–၁၂–၂၀၀၅ | ၃၁–၁–၂၀၀၆ | ၁၀၇၇ ဦး |

# မြဝတီစက်မှုဇုန်တည်ဆောက်ရန် ထိုင်းနှင့်မြန်မာစီစဉ်

ထိုင်း–မြန်မာနယ်စပ် မြန်မာဘက်အခြမ်း၊ မြဝတီမြို့တွင် စက်မှုဇုန်တည်ဆောက်ရန်ဖြစ်နိုင်မဖြစ်နိုင် အလားအလာနှင့်ပတ်သက်၍ နောက်ဆုံးအချောသတ်လေ့လာထားချက်များကို၊ ဇန်နဝါရီလ ကုန်ပိုင်းတွင် ထိုင်းက မြန်မာဘက်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်သည်။

ကရင်ပြည်နယ်အတွင်းရှိ မြဝတီ၊ ဘားအံနှင့် မွန်ပြည်နယ်မော်လမြိုင်မြို့တို့တွင် စက်မှုဇုန်များတည်ဆောက်ရန်အတွက် ထိုင်းစက်မှုလုပ်ငန်း (Industrial Estate Authority)နှင့် မြန်မာနိုင်ငံမှ အမှတ် (၁) စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ တိုင်းတာမှုများပြုလုပ်ခဲ့သည်။

ယခုအစီအစဉ်သည် (၂၀၀၃) ခုနှစ်က ပုဂံမြို့ဟောင်း တွင်ကျင်းပခဲ့သော ဧရာဝတီ ကျောက်ဖရား–မဲခေါင်စီးပွားရေး ထိပ်သီးဆွေးနွေးပွဲ (မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ (၃) နိုင်ငံစီးပွားရေး ထိပ်သီးဆွေးနွေးပွဲ) ၏ ရလဒ်ဖြစ်ပြီး၊ ဒေသတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် စီးပွားရေးနှင့် စက်မှုဇုန်များတည်ဆောက်ရန် ရန်ရည်ရွယ်ထားသည်။

အစီအစဉ်၏ တစိတ်တပိုင်းဖြစ် မြဝတီမြို့တွင်မြေ (၃၈၄) ဟတ်တာအကျယ်ရှိသော စက်မှုဇုန်တခုတည်ဆောက်ရှိပြီး၊ ထိုင်းနိုင်ငံမှ စက်ရုံအမြောက်အမြား မြန်မာဘက်အခြမ်းသို့ ရွှေ့ပြောင်းလုပ်ကိုင်မည်ဟု မျှော်လင့်ရသည်။

❖

# ဝါယာရှော့မီးကြောင့် ဟတ်ပီးဝေါလ်တခုလုံးပြာကျ

ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကန်တော်မင်္ဂလာပန်းခြံတွင်ဖွင့်ထားသော (Happy World) ကလေးကစားကွင်းအတွင်း ဇန်နဝါရီ (၁၅) ရက်နေ့၊ တနင်္ဂနွေနေ့ ညနေ (၅) နာရီခန့်က မီးလောင်မှုကြီးဖြစ်ပွားခဲ့သည်။

ကစားကွင်းအတွင်းရှိ လျှပ်စစ်အသုံးပြုပြေးဆွဲသော သရဲရထားဝါယာရှော့ဖြစ်ရာမှ စတင်လောင်ကျွမ်းသောမီးကြောင့် အသေအပျောက်မရှိခဲ့သော်လည်း၊ ကျပ်သိန်း (၂၀၀) ကျော်ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

ကစားကွင်းအတွင်းရှိ အဆောက်အဦးများကို မီးလောင်လွယ်သောပိတ်စနှင့်သစ်များဖြင့်ဆောက်လုပ်ထားသည့်အပြင် ကစားကွင်းပတ်လည်တွင် အဆောက်အဦးများခံနေသောကြောင့် အလွယ်တကူမီးမငြိမ်းနိုင်ဘဲ ကစားကွင်းတခုလုံးပြာကျသွားသည့်အထိ (၄၅) မိနစ်ကြာအောင် မီးလောင်ကျွမ်းခဲ့သည်။

❖

# ရတနာဓာတ်ငွေ့ပိုက်လိုင်းအတွင်း ပေါက်ကွဲမှုဖြစ်

တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်ကို ဖြတ်သန်းသွယ်တန်းထားသော ဓာတ်ငွေ့ပိုက်လိုင်းအတွင်း ဖေဖော်ဝါရီလဆန်းပိုင်းက ဓာတ်ငွေ့ပေါက်ကွဲမှုတခုဖြစ်ခဲ့ကြောင်း သိရှိရသည်။

ဖေဖော်လ (၁) ရက်နေ့၊ ညနေ (၁၀)နာရီခွဲခန့်စ၍ ကံဘောက်–မြိုင်ကလေးဓာတ်ငွေ့ပိုင်းလိုင်း၏ မုဒုံအနီးရှိ အစိတ်အပိုင်းတချို့တွင် ပေါက်ကွဲမှုပြင်းထန်ခဲ့သဖြင့် အနီးအနားရှိကျေးရွာများ ထိတ်လန့်တုန်လှုပ်ခဲ့ကြသည်။ ပေါက်ကွဲမှုအတွင်း ပေ (၁၀၀) ခန့်မြင့်သောမီးလုံးများ အထက်သို့မြင့်တက်ခဲ့ပြီး အနည်းဆုံး (၄) နာရီကြာအောင် မီးလောင်ကျွမ်းခဲ့ကြောင်း မျက်မြင်သက်သေများကဆိုသည်။

ယခုပေါက်ကွဲမှုသည် ရတနာဓာတ်ငွေ့ပိုက်လိုင်း၏တစိတ်တပိုင်းဖြစ်သော ကံဘောက်–မြိုင်ကလေးပိုင်းလိုင်းအတွင်း တတိယအကြိမ်မြောက် ပေါက်ကွဲမှုဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီး နောက်တနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိများရောက်ရှိလာပြီး စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ပေါက်ကွဲမှုကြောင့် အနီးအနားကျေးရွာများ ထိခိုက်ဆုံးရှုံးမှုမရှိသော်လည်း၊ စစ်တပ်ကမသင်္ကာမှုနှင့် ခေါ်ယူစစ်ဆေးမည်ကို ဒေသခံများကစိုးရိမ်နေကြကြောင်း လွတ်လပ်သော မွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ကရင်ပြည်နယ် ဘားအံအနီးရှိ မြိုင်ကလေးဘီးလပ်မြေစက်ရုံတွင် အသုံးပြုရန်အတွက် ကံဘောက်–မြိုင်ကလေးဓာတ်ငွေ့ပိုက်လိုင်းကို (၂၀၀၀) ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး၊ တည်ဆောက်မှုအတွင်း နအဖအာဏာပိုင်များက ရွာများကို အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခြင်းနှင့် ရွာသားများကိုလုပ်အားပေးခိုင်းစေမှုများပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ အက်ဒမန်ပင်လယ်မှ ဓာတ်ငွေ့ကို အမေရိကန်နှင့်ပြင်သစ်ကုမ္ပဏီများထုတ်လုပ်လျက်ရှိပြီး၊ ဓာတ်ငွေ့အများစုကို အိမ်နီးချင်းနိုင်ငံတနိုင်ငံဖြစ်သော ထိုင်းနိုင်ငံကဝယ်ယူခဲ့သည်။

နအဖသည် ပြင်သစ်တိုတယ် (Total) ကုမ္ပဏီ၏အကူအညီဖြင့် မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ကမ်းလွန်ဒေသတွင်လည်း ရွှေဓာတ်ငွေ့စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး၊ တရုတ်နှင့်အိန္ဒိယနိုင်ငံများက ရွှေဓာတ်ငွေ့သိုက်မှဓာတ်ငွေ့ကိုဝယ်ယူရန် စိတ်အားထက်သန်နေကြသည်။

ဝေဖန်သူများက နအဖသည် ဓာတ်ငွေ့မှရသော ဒေါ်လာငွေများကို ဒေသဖွံ့ဖြိုးရေးအတွက်အသုံးမပြုဘဲ စစ်လက်နက်ဝယ်ယူရေးနှင့် ၎င်းတို့အကျိုးစီးပွားအတွက် အသုံးပြုနေသည်ဟု သုံးသပ်ကြသည်။

❖

# မြန်မာနိုင်ငံသို့ ဗြိတိန်လုပ်လေယာဉ်များ မရောင်းရန် အိန္ဒိယကို ဗြိတိန်သတိပေး



အီအဲန် (၂)

ဘီအဲန် (၂) အမျိုးအစား ဗြိတိန်နိုင်ငံထုတ်လေယာဉ်များ၊ အိန္ဒိနိုင်ငံမှ ဝယ်ယူရန် မြန်မာ၏ကမ်းလှမ်းချက်ကို လက်မခံရရန် ဗြိတိန်အထက်လွှတ်တော်ကော်မရှင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့သည်။

အိန္ဒိယရေတပ်ဦးစီးချုပ် အာရမ်ပရာကစ် (Arun Prakash) ၏ ဇန်နဝါရီ (၁၉) ရက်နေ့မှ (၂၂) ရက်နေ့အထိ သွားရောက်သောခရီးစဉ်အတွင်း မြန်မာက အိန္ဒိယနိုင်ငံမှ ဗြိတိန်လုပ်လေယာဉ်များဝယ်ယူရန် ကမ်းလှမ်းထားခဲ့ခြင်းဖြစ်ပြီး ယခုစာကို အိန္ဒိယနိုင်ငံခြားရေးဌာနက အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနနှင့် ရေတပ်မတော်သို့ လွှဲပေးခဲ့သည်။

အိန္ဒိယရေတပ်မတော်က ယခုကိစ္စနှင့် ပတ်သက်ကြောင့် လန်ဒန်နှင့်ဆက်ဆံရေးပျက်မည်ကို စိုးရိမ်နေသည့်အရာရှိများကဆိုသည်။

'အကယ်၍ လေယာဉ်တွေကို မြန်မာနိုင်ငံကိုရောင်းလိုက်မယ်ဆိုရင် နောင်မှာ ဗြိတိန်က အိန္ဒိယဆီ စစ်သုံးပစ္စည်းတွေရောင်းဖို့အတွက် တို့ဆိုင်းသွားမယ်ဆိုတာကို စာက အရိပ်အယောင်ပြလိုက်တာပဲ' နိုင်ငံခြားရေးအရာရှိတဦးကဆိုသည်။

အိန္ဒိယသည် ဗြိတိန်နိုင်ငံမှ ရဟတ်ယာဉ်အပိုပစ္စည်းများအပါအဝင်၊ ဗြိတိသျှရေတပ်သုံးရဟတ်ယာဉ် (Royal Navy Sea Harriers) အဟောင်း (၁၀) စင်း ဝယ်ယူရန် သဘောတူထားသည်။ ဘီအဲန်အမျိုးအစားရဟတ်ယာဉ်များကို နအဖက ၎င်း၏ရေပြင်နှင့် ဝေဟင်စစ်ဆင်ရေးတွင် အသုံးပြုရန်ရည်ရွယ်ထားသည်။

နအဖက မြန်မာနိုင်ငံသို့ လက်နက်၊ အင်ဂျင်နီယာအတတ်နှင့် ကမ်းလွန်စစ်ဆင်ရေးများနည်းနာများသင်ကြားပေးရန် အိန္ဒိယရေတပ်မှ အဖွဲ့တဖွဲ့ကိုစေလွှတ်ပေးရန် အဆိုပြုထားပြီး၊ တရုတ်နိုင်ငံမှ တည်ဆောက်ပေးထားသော ဆိပ်ကမ်းများကို လာရောက်စစ်ဆေးရန် အိန္ဒိယကျွမ်းကျင်သူများကို ဖိတ်ခေါ်ထားသည်။

# ကလေးစစ်သားအသုံးပြုမှုမရှိဟု အက်စ်အက်စ်အေငြင်းဆို



မောင်စိုးနိုင်

ရှမ်းပြည်တောင်ပိုင်းတပ်မတော် (အက်စ အက်စ်အေ) သည် ကလေးစစ်သားအမြောက်အမြားအသုံးပြုနေသည်ဟူသော နအဖ၏ စွပ်စွဲချက်ကို အက်စ်အက်စ်အေက ဇန်နဝါရီ (၃၁) ရက်နေ့တွင် ပြန်လည်ငြင်းဆိုလိုက်သည်။

ထိုင်း–မြန်မာနယ်စပ် အက်စ်အက်စ်အေဌာနချုပ်တနေရာတွင် ရိုက်တာသတင်းဌာနနှင့်ပြုလုပ်သောအင်တာဗျူးတွင် အက်စ်အက်စ်အေတပ်မတော်၏ အကြီးအကဲဗိုလ်ချုပ်ရှက်ဆစ်က "စစ်သားတွေအားလုံး အသက် (၁၈) နှစ်ကနေ (၅၀) ချည်းပဲ" ဟု ပြောဆိုလိုက်ပြီး၊ မကြာသေးမီအတွင်း နအဖက နအဖစွပ်စွဲထားသော အက်စ်အက်စ်အေတပ်တွင် အသက် (၁၃) နှစ်အရွယ် ကလေးစစ်သားများအသုံးပြုနေသည်ဟူသော စွပ်စွဲချက်ကို ငြင်းဆိုလိုက်သည်။

နအဖသည် လွန်ခဲ့သော (၁) လခန့်က၊ နိုင်ငံခြားသံတမန်နှင့် သတင်းထောက်များရှေ့တွင် (၁၃) နှစ်အရွယ် စိုးနိုင်နှင့်ကလေးတချို့ကိုပြသ၍ အက်စ်အက်စ်အေမှစစ်သားဖြစ်သည်။ ဗိုလ်ချုပ်ရှက်ဆစ်က "ဒါကရှင်းပါတယ်။ စိုးနိုင်ဟာ ရှမ်းတယောက်မဟုတ်ဘူး။ ဗမာကလေးတစ်ယောက်ဖြစ်နေတယ်။ နအဖဟာတခြားလူတွေကို လိမ်ဖို့လုပ်တယ်။ ဒီလောက်နဲ့တော့ လူတွေကို ယုံအောင်အလုပ်နိုင်ဘူး" ပြောဆိုလိုက်ပြီး၊ အက်စ်အက်စ်အေတပ်တွင် စစ်သားများကို အတင်းအဓမ္မစုဆောင်းထားခြင်းလည်းမရှိဟုဆိုသည်။

ဗိုလ်ချုပ်ရှက်ဆစ်၏ လက်ထောက်တဦးဖြစ်သူ တမ်းဆောင်က အက်စ်အက်စ်အေတပ်သည် မိမိတို့ဆီ ထိန်းချုပ်ရာ ဒေသသို့ထွက်ပြေးလာသူ ဒုက္ခသည်များကို ယာယီဝတ်ဆင်ရန် စစ်ယူနီဖောင်းတခါတရံပေးလေ့ရှိသဖြင့် ယင်းအပေါ်အထင်အမြင်လွဲခြင်းဖြစ်နိုင်သည်ဟုဆိုသည်။

"ဒုက္ခသည်စခန်းတွေမှာနေတုန်း ဒုက္ခသည်တွေကို စစ်ယူနီဖောင်းတွေ ခဏပေးဝတ်ထားတယ်။ ဒါကို နားလည်မှုလွဲတာဖြစ်မည်"ဟု တမ်းဆောင်ကရှင်းပြသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ (၂၀၀၂) ခုနှစ်အစီရင်ခံစာတွင် စစ်အုပ်စုကလေးစစ်သား (၇၀,၀၀၀) ကျော်စုဆောင်းထားပြီး၊ အများစုမှာ တိုင်းရင်းသားလူနည်းစုများမှ အတင်းအဓမ္မဖမ်းဆီးသွတ်သွင်းခံရသောကလေးများဖြစ်သည်ဟု ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ ပြီးခဲ့သည့်နှစ်အစီရင်ခံစာတွင်လည်း မြန်မာ၊ ဖိလစ်ပိုင်၊ ဆူဒမ်၊ သီရိလင်္ကာ၊ ဆိုမားလီးယား၊ အိုင်ဗရီကို့၊ ကွန်ဂို၊ ဘူရန်ဒီ၊ ကိုလန်ဘီယာ၊ နီပေါနှင့် ယူဂန်ဒါစသောနိုင်ငံပေါင်း (၁၁) နိုင်ငံမှ လက်နက်ကိုင်အဖွဲ့ (၄၂) ဖွဲ့သည် ကလေးများကို စစ်ပွဲများတွင်အသုံးပြုနေဟု ဖော်ပြထားသည်။

# အသက်(၁၅)နှစ်မပြည့်သေးသူကလေးတဦးအား စစ်မှုထမ်းရန် အဓမ္မဖမ်းဆီး

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ် တုံးကလေးကျေးရွာမှ မောင်အောင်သူကို ခလရ (၁၈) မှ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဒီဗွီဘီသတင်းတွင်ဖော်ပြသည်။ အောက်တိုဘာ (၂၅) ရက်နေ့က ခလရ (၁၈) မှ တပ်ခွဲမှူး ဗိုလ်ကြီး သန်းဝင်း၏အမိန့်ဖြင့် ဖမ်းဆီးခေါ် ဆောင်သွားခြင်းဖြစ်ပြီး မောင်အောင်သူမှာ အသက် (၁၅) နှစ်ပင်မပြည့်သေးဟုသိရသည်။ မောင်အောင်သူသည် ငါးပိ၊ ငါးခြောက်လုပ်ငန်းတွင် အလုပ်သမားအဖြင့်လုပ်ကိုင်ကာ လေဖြတ်နေသောဖခင်နှင့် ကျန်းမာရေးမကောင်းသော မိခင်ကိုလုပ်ကျွေးနေသူဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်ကြင်စန်းက သူ၏သားဖြစ်သူမှာ အသက် (၁၅) ပင်မပြည့်သေးကြောင်း၊ မိမိတို့မှာ ထိုသားဖြစ်သူကိုသာမှီခိုနေရကြောင်း ဗိုလ်ကြီး သန်းဝင်းထံသွားရောက်တောင်းပန်သော်လည်း ဗိုလ်ဖြစ်သူက စကားပြန်ခြင်းပင်မရှိပေ။

ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနှင့်ရွှေ့နေများက ယခုကိစ္စကိုကူညီရန်ကြိုးစားနေကြပြီး၊ ILO /ICRCနှင့် နအဖအတွင်းရေးမှူး (၁)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးစီးသည့်ကလေးစစ်သားပပျောက်ရေးအဖွဲ့သို့ တိုင်ကြားရန် စီစဉ်နေကြသည်ဟုသိရသည်။

# မြန်မာနိုင်ငံအပေါ်ထားသော အမေရိကန်၏ နိုင်ငံခြားရေးပေါ်လစီ

## US Campaign for Burma ဒါရိုက်တာ ဦးအောင်ဒင်၏ နိုင်ငံရေးသုံးသပ်ချက် အပိုင်း (၁)

အခုကာလတွေမှာ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာသဘောထားက အတော်ကြီးကို အပြောင်းအလဲရှိပါတယ်။ အပြောင်းအလဲဆိုင်ရာမှာ လေးနက်မှုက အစမြင့်လာတယ်။ အရင်တုန်းကဆိုရင်အမေရိကန်ပြည်ထောင်စုကွန်ဂရက်လွှတ်တော်ရဲ့ မြန်မာနိုင်ငံဒီမိုကရေစီရေး၊ လှုပ်ရှားမှုမှာ ထောက်ခံပါဝင်မှုဟာ အင်မတန်ကြီးခဲ့တယ်။ ဒါပေမယ့် အဲဒီလိုကွန်ကရက်က ပံ့ပိုးကူညီမှု ဘယ်လောက်ကြီးမားကြီးမား အစိုးရရဲ့ သံတမန်ရေးရာဆောင်ရွက်မှုတွေဟာ အရင်ကာလတွေမှာ သိပ်ပြီးတော့အားကောင်းမောင်းသန်မရှိခဲ့ဘူး။ (၂၀၀၅) ခုနှစ်၊ နှစ်ဆန်းလောက်မှာ အမေရိကန်သမ္မတဘုရှ် ဒုတိယသက်တမ်းပြန် လည်တက်ရောက်လာပြီးတဲ့နောက်ပိုင်းစပြီး အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးရာပေါ်လစီမှာ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုတွေမှာ ဦးစားပေးအဆင့်အနေနဲ့သတ်မှတ်လိုက်တယ်။ အထူးသဖြင့် ဒီသမ္မတဘုရှ်ရဲ့

ခံအသိအမှတ်ပြုတဲ့ အမျိုးသားခေါင်းဆောင်ရှိတယ်။ နောက် ရဲရင့်ပြတ်သားတဲ့ပြည်သူလူထုလည်းရှိတယ်။ ဒီလို တချိန်မှာ နောက်တခါစစ်တပ်ထဲမှာဆိုလည်း ဒီမိုကရေစီကိုလိုလားမြတ်နိုးတဲ့ရဲဘော်ရဲဘက်တွေ အများကြီးရှိမယ်လို့လည်း ကျနော်တို့ယုံကြည်တယ်။ ဒါဘာလို့လည်းဆိုတော့ (၉၀) ရွေးကောက်ပွဲမှာ စစ်တပ်အုပ်စိုးတဲ့ နေရာတွေမှာပဲ အဲန်အယ်လ်ဒီကို တအုံတခဲနက် မဲပေးထောက်ခံခဲ့တဲ့ အထောက်အထားတွေရှိတယ်။ စစ်တပ်ဆိုတာလည်းအကြောက်တရားနဲ့ရာဇဝတ်မှုတွေနဲ့ ဖွဲ့စည်းထားပေမယ့် စစ်တပ်ထဲမှာလည်း လူထုဘက်ကရပ်တည်ချင်တဲ့စစ်ဗိုလ်၊ စစ်သားတွေ အများကြီးရှိမယ်လို့ ကျနော်တို့ယုံကြည်တယ်။ ဒီအခြေအနေတွေကြောင့် ကျနော်တို့ မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုကြီးဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ ဖိအားပေးမှုတွေ တညီတညွတ်ထဲရှိမယ်ဆိုလို့ရှိရင် အနိုင်ရနိုင်တဲ့အခြေအနေတရပ် ဒါမှမဟုတ် အဖြေ

နဲ့နေရာရွှေ့ပြောင်းနေထိုင်ရတဲ့ ပြည်သူတွေပိုများလာတာတွေ၊ နောက် (HIV-AIDS) ပြန့်ပွားမှု၊ နောက်မူးယစ်ဆေးဝါး စသဖြင့် အကြောင်းအရာပေါင်းစုံမှာ မြန်မာနိုင်ငံဟာ အဆိုးဆုံးအခြေအနေကိုရောက်ရှိနေတယ်။ ဒါကြောင့်မို့လို့ လုံခြုံရေးကောင်စီမှာ အမြန်ဆုံးအရေးယူသင့်တယ်ဆိုတဲ့ အတွေးအခေါ်၊ အယူအဆ အဲဒီအစီရင်ခံစာရဲ့ဂယက်က အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်အတွင်းမှာရော၊ အစိုးရအဖွဲ့အတွင်းမှာ ပါထိခိုက်မှုရှိတယ်။ ဒီအစီရင်ခံစာထွက်ပြီးနောက်ပိုင်း အမေရိကန်အစိုးရစပြီးတော့ မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ထည့်သွင်းဆွေးနွေးအဖြေရှာတဲ့ အဆင့်ရောက်အောင် သူတို့လုပ်မယ်လို့ ကတိကဝတ်ပြုပြီးတော့ စတင်ဆောင်ရွက်ခဲ့တာ ကျနော်တို့တွေ့ရတယ်။ တချိန်ထဲမှာဘဲ ဒုတိယအဆင့်ကတော့ သမ္မတဘုရှ်အနေနဲ့ အဲဒီအချိန်မှာ ကမ္ဘာတဝှမ်းက လူအခွင့်

ပြည်သူတွေအားလုံးရဲ့ ကိုယ်စား သမတဘုရှ်နဲ့တွေ့တာဖြစ်ပြီးတော့ မြန်မာဒီမိုကရေစီရေးကိစ္စကို သမတဘုရှ်နားလည်အောင် သူ့ရဲ့ကိုယ်တိုင်အတွေ့အကြုံတွေနဲ့နှိုင်းယှဉ်ပြီးတော့


ဒါရိုက်တာ ဦးအောင်ဒင်

❍ ဒီအခြေအနေတွေကြောင့် ကျနော်တို့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ ဖိအားပေးမှုတွေ တညီတညွတ်ထဲရှိမယ်ဆိုလို့ရှိရင် အနိုင်ရ နိုင်တဲ့အခြေအနေတရပ် ဒါမှမဟုတ် အဖြေမှာရှိတယ်လို့ ကျနော်တို့ ယုံကြည်တယ်။ အဲလိုယုံကြည်မှုမျိုးကိုလည်း ... ❍

(Message) ကတော့ ဒီကမ္ဘာတဝှမ်းမှာ လွတ်မြောက်တဲ့နိုင်ငံတွေတိုးပွားလာဖို့ပဲ။ ဒါအမေရိကန်ပြည်ထောင်စုရဲ့ အဓိကနိုင်ငံခြားရေးရာ ပေါ်လစီတရပ်ဖြစ်တယ်ပေါ့လေ။ အထူးသဖြင့် အခုလို ကမ္ဘာတဝှမ်း အကြမ်းဖက်ဝါဒတိုက်ဖျက်နေတဲ့နေရာမှာ ဒီကမ္ဘာပေါ်မှာ ဒီမိုကရေစီနိုင်ငံတွေတိုးပွားလာအောင် ဆောင်ရွက်ခြင်းအားဖြင့် ဒါဟာလည်း အကြမ်းဖက်ဝါဒကိုဆန့်ကျင်တဲ့ ထိရောက်တဲ့နည်းလမ်းတခုလို့ သူကအဲဒီလိုလက်ခံထားတယ်။ ကမ္ဘာတဝှမ်းမှာရှိတဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေကိုပိုပြီးတော့ အားပေးဆောင်ရွက်ဖို့ အဲဒီလိုမျိုး သမ္မတဘုရှ်ရဲ့ဒုတိယသက်တမ်းအစမှာ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးပေါ်လစီကို ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒီအချိန်ကစပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားမှုနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့ရဲ့ထားတဲ့သဘောထားဟာ အတော်ပြောင်းလဲလာခဲ့တယ်။ ကမ္ဘာတဝှမ်းမှာရှိတဲ့ လူအခွင့်အရေးလှုပ်ရှားမှုတွေကို ကြည့်မယ်ဆိုလို့ရှင်ရင်လည်း မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုကြီးက တစုံတရာကြီးမားတဲ့ ဖိအားပေးမှုတွေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေရှိမယ်ဆိုရင် အောင်မြင်မှုအသေအချာရနိုင်တဲ့ အနေအထားမှာရှိတယ်။ ဘာလို့လည်းဆိုတော့ ကျနော်တို့မှာ ရွေးကောက်ပွဲအနိုင်ရထားတဲ့ပါတီရှိတယ်။ တမျိုးသားလုံးကထောက်ခံတဲ့၊ တကမ္ဘာလုံးကလည်းထောက်

တခုကို အမြန်ဆုံးရနိုင်တဲ့အခြေအနေတရပ်မှာရှိတယ်လို့ ကျနော်တို့ယုံကြည်တယ်။ အဲဒီလိုယုံကြည်မှုမျိုးကိုလည်း အမေရိကန်အစိုးရယုံကြည်လက်ခံလာအောင် ကျနော်တို့ ဒီကာလတွေထဲမှာ တော်တော်ကြီးကိုလှုပ်ရှားဆောင်ရွက်နိုင်ခဲ့ကြတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒမှာ (၂၀၀၅) ခုနှစ်ပိုင်းကစပြီးတော့ မြန်မာနိုင်ငံဟာအရေးပါတဲ့အချက်နှစ်ချက်ရှိတယ်။ တချက်က ဘာလဲဆိုတော့ စက်တင်ဘာလ (၂၀) ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ သမ္မတဟောင်း ဗားကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒတ်ချ်မွန်တူးတူးတို့ရဲ့အစီရင်ခံစာ၊ အဲ့ဒီအစီရင်ခံစာက မြန်မာနိုင်ငံဟာ ကမ္ဘာ့လုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ထိပါးနှောင့်ယှက်နေပြီဆိုတဲ့ အနေအထားရောက်ရှိနေပြီး မြန်မာနိုင်ငံအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိရောက်စွာ ပါဝင်ဖြေရှင်းသင့်ပြီးဆိုတဲ့အကြံပြုချက်၊ အဲဒီအစီရင်ခံစာမှာပဲ မြန်မာနိုင်ငံရဲ့အခြေအနေကို ရှေးယခင်က လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းခဲ့တဲ့ နမူနာတွေနဲ့ယှဉ်ပြပြီးတော့ မြန်မာနိုင်ငံရဲ့အခြေအနေဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရင့်အရင် ဖြေရှင်းခဲ့တဲ့အဖြစ် အပျက်တွေကြောင့်ပိုပြီးတော့များနေတယ်ပေါ့နော်။ အထူးသဖြင့် အခွင့်အရေးချိုးဖောက်မှုတွေ နောက်ပြီးတော့ ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲပြောင်းမပေးတာ၊ နောက်စစ်အစိုးရရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုအောက်မှာ ဒုက္ခသည်

အရေးလှုပ်ရှားသူတွေ၊ အတိုက်အခံတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ ဒီပြဿနာတွေကို ကိုယ်ကိုတိုင် ကိုယ်တိုင်ကိုကျနားလည်အောင် ကြိုးစားခဲ့တာတွေရှိတယ်။ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာရိုက်အနေနဲ့ သူ့ရဲ့ခရီးစဉ်တွေမှာ အတိုက်အခံခေါင်းဆောင်တွေနဲ့ တွေ့ပြီး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေ၊ ဒီမိုကရေစီလှုပ်ရှားမှုတွေ အားပေးကူညီခဲ့တာတွေတယ်။ အဲဒီတော့ ဝါရှင်တန်ဒီစီမှာ သမတဘုရှ်က ပထမဆုံးမြောက်ကိုရီးယားက လူ့အခွင့်အရေးခေါင်းဆောင်တချို့ကိုတွေ့တယ်။ အဲဒီအချိန်မှာပဲ ကျနော်တို့အနေနဲ့ သမတဘုရှ်နဲ့ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုကို ကိုယ်စားပြုတဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတယောက်ကိုတွေ့ဖို့ အကြံပြုခဲ့ကြတယ်။ အဲဒီအကြံပြုချက်ကို သမ္မတဘုရှ်က လက်ခံတဲ့ အခါမှာ (၂၀၀၅) ခုနှစ် အောက်တိုဘာလ (၂) ရက်နေ့မှာ သမ္မတဘုရှ်က ဝါရှင်တန်မှာ သမတအိမ်ဖြူတော်မှာ ရှမ်းတိုင်းရင်းသူလေး မနန်းချန်တောင်ကို လက်ခံတွေ့ဆုံပြီးတော့ မြန်မာ့ဒီမိုကရေစီကိစ္စကို ကြားနာတဲ့အဆင့် ရောက်ခဲ့တယ်။ အဲ့ဒီတွေ့ဆုံဆွေးနွေးပွဲမှာဆိုရင် သမတဘုရှ်အပြင် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိဖြစ်တဲ့ စတီဗင်ဘတ်တလေတို့၊ နိုင်ငံခြားဝေဒနာ တတိယအဆင့် အမြင့်ဆုံးအရာရှိဖြစ်တဲ့ နီကိုလပ်ဘန်းတို့ ဒီပုဂ္ဂိုလ်တွေပါဝင်ကြတယ်။ နောက် ရှမ်းအမျိုးသမီးလေး နန်းချန်းတောင်းကလည်း မြန်မာတနိုင်ငံလုံးရဲ့ကိုယ်စား၊ မြန်မာ

ရှင်းလင်းဆွေးနွေးနိုင်ခဲ့တယ်။ ပြီး တော့ သမ္မတဘုရှ်ကိုလည်း မြန်မာနိုင်ငံကိုကိစ္စကို ဒီထက်ပိုပြီးလေးလေးနက်နက်ဆောင်ရွက်ပေးဖို့မေတ္တာရပ်ခံခဲ့တယ်။ အဲဒီမေတ္တာရပ်ခံချက်ကိုလည်း သမ္မတဘုရှ်က လေးလေးနက်နက် လက်ခံခဲ့တာကိုတွေ့ရတယ်။ အဲဒီမှာ ကျနော်တို့ဘာတွေ့လည်းဆိုတော့ သမ္မတဘုရှ်ရဲ့ အာရှတိုက်ကိုသွားတဲ့ခရီးစဉ် အဲဒီအာရှတိုက်ကိုသွားတဲ့ခရီးစဉ်အာရှတိုက်ကိုသွားတဲ့ခရီးစဉ်မှာ တောင်ကိုရီးယားမှာရော၊ ဂျပန်မှာပါ သမ္မတဘုရှ်အနေနဲ့မြန်မာနိုင်ငံအရေးကိစ္စကို အလေးအနက်ထားပြီးပြောဆိုဆွေးနွေးခဲ့တယ်။ အထူးသဖြင့် တောင်ကိုရီးယားမှာဆိုရင် အာဆီယံနိုင်ငံခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးပြီးတော့ မြန်မာနိုင်ငံအရေးကိစ္စကို ပြင်းပြင်းထန်ထန်ပြောခဲ့တယ်။ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ သဘောထား၊ မြန်မာဒီမိုကရေစီလှုပ်ရှားမှုကိုထောက်ခံမှု အဲဒါတွေဟာ အရှိန်အဟုန်တခုပမာ မြင့်မြင့်မားမားပြောင်းလဲလာပြီဆိုတာ ကျနော်တို့တွေ့နေရတယ်။ အထူးသဖြင့် အခုလိုရှိရင် လုံခြုံရေးကောင်စီမှာ အမေရိကန်ပြည်ထောင်စုကဦးဆောင်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြဿနာကိုဆွေးနွေးအဖြေရှာတဲ့ အဆင့်ရောက်ဖို့ကြိုးစားနေကြတယ်။ တချိန်ထဲမှာဘဲ အမေရိကန်ပြည်ထောင်စုရဲ့ အခြားသောမြန်မာ့ရေးကိစ္စမှာ အကျုံးဝင်ပတ်သက်

နေတဲ့နိုင်ငံများနဲ့ သီးခြားဆွေးနွေးမှုတွေလည်း အဆက်မပြတ်လုပ်နေတယ်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်အစိုးရအကြား ပုံမှန်ဆက်ဆံရေး၊ ပုံမှန်ဆွေးနွေးပွဲတွေလုပ်နေတယ်။ အမေရိကန်အစိုးရနဲ့ အာဆီယံနိုင်ငံများကြား အပြန်အလှန်ဆွေးနွေးမှုတွေရှိတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယအစိုးရကြား အပြန်အလှန်ဆွေးနွေးမှုတွေရှိတယ်။ နောက် အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံနိုင်ငံ တွေထဲက တချို့ဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ သီးခြားဆွေးနွေးမှု၊ ဖိလစ်ပိုင်နဲ့သီးခြားဆွေးနွေးမှု၊ နောက်တခါ မလေးရှားအစိုးရနဲ့ သီးခြားဆွေးနွေးမှု၊ စင်ကာပူအစိုးရနဲ့ သီးခြားဆွေးနွေးမှုတွေရှိတယ်။ ဒီဆွေးနွေးမှုတိုင်းမှာ အမေရိကန်ပြည်ထောင်စုအစိုးရကနေပြီးတော့ သက်ဆိုင်ရာနိုင်ငံတွေကို မြန်မာ့ဒီမိုကရေစီအရေးကိစ္စမှာ အတူတကွပူးပေါင်းဆောင်ရွက်ဖို့ အမြဲဖိတ်ခေါ်ခဲ့တယ်။ အရင်တုန်းကဆိုရင် အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှုကို လက်နက်တခုအဖြစ် အသုံးချပြီး နအဖကိုအရေးယူတယ်။ တချိန်တုန်းကလည်း တကမ္ဘာလုံးက တခြားနိုင်ငံတွေကိုလည်း ဒီစီးပွားပိတ်ဆို့မှုမှာ အတူတကွပူးပေါင်းဆောင်ရွက်ဖို့ဖိတ်ခေါ်ခဲ့တယ်။ အခုအချိန်မှာ အမေရိကန်ပြည်ထောင်စုအစိုးရကတော့ သက်ဆိုင်ရာနိုင်ငံတွေမှာ သူ့ယုံကြည်ရာလမ်းကြောင်းအတိုင်း လုပ်ခွင့်ရှိတယ်ဆိုတာကို အသိအမှတ်ပြုပြီးတော့ အဲဒီလုပ်တဲ့လမ်းကြောင်းကနေ အဖြေတခုထွက်နိုင်အောင်လုပ်ဖို့ ဒါကို အဓိကအားဖြင့် တိုက်တွန်းနေတာတွေ့ရတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် (Constructed) ကို လက်ခံတဲ့

စာမျက်နှာ (၁၈) ကော်လံ (၅) သို့ ...

# သာယာဝတီထောင်ထဲတွင် စာရေးဆရာသန်းဝင်းလှိုင် ကျန်းမာရေးအထူးစိုးရိမ်ရ

သာယာဝတီထောင်မှ လွတ်ရက်စေ့ နှစ်ရှည်နိုင်ငံရေး အကျဉ်းသားစာရေးဆရာ သန်းဝင်းလှိုင်သည် ကျန်းမာရေးမကောင်းဖြစ်နေသဖြင့် ၎င်း၏အသက်အန္တရာယ်ကို စိုးရိမ်မိကြောင်း အေအေပီခေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း၏ထုတ်ပြန်ထားသည်။

ဇနီးသည်ဖြစ်သူ ဒေါ်မိုးမိုးကြည်က ဆရာသန်းဝင်းလှိုင်သည် ဆီးအိမ်တွင် ကျောက်တည်သကဲ့သို့ဖြစ်နေပြီး သွေးအားနည်းသောလက္ခဏာရှိနေသဖြင့် သူ၏ ကျန်းမာရေး ကိုစိုးရိမ်မိသည်ဟုဆိုသည်။

မကြာခင်ကမှ ခင်ပွန်းဖြစ်သူကို ထောင်ဝင်စာသွားတွေ့ခဲ့သောသူမက ကြံ့ဖွံ့က ဝင်ရောက်စွက်ဖက်သဖြင့် နိုင်ငံရေးအကျဉ်းသားများအား သွားရောက်တွေ့ဆုံမည့် အိုင်စီအာရ်စီကြက်ခြေနီအဖွဲ့၏ ခရီးစဉ်ပျက်သွားသည့်အပေါ် နိုင်ငံရေးအကျဉ်းသားများ စိတ်မကောင်းဖြစ်နေကြသည်ဟုဆိုသည်။

နအဖစစ်အုပ်စုသည် ကိုသန်းဝင်းလှိုင်ကို လွတ်လပ်ရေးပိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ဘိုးလှကြီး၊ ဆရာစံ၊ ဆရာတော်ဦးဥတ္တမစသောအာဇာနည်များအကြောင်း ရေးသားပြုစုထားသော 'ရုပ်တုမှပြောသော မြန်မာ သမိုင်းဝင်ပုဂ္ဂိုလ်ထူးများ' စာအုပ်ကို ဒုတိယ အကြိမ်ထုတ်ဝေခဲ့ခြင်းကြောင့် ပုံနှိပ်အက် ဥပဒေပုဒ်မ (၂၀) ဖြင့် (၂၀၀၀) ပြည့်နှစ်အတွင်းက ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့ခြင်းဖြစ်သည်။❖

# ဒေါက်တာသန်းငြိမ်းကို ထောင်ဒဏ်သက်တမ်းထပ်တိုး

ပြည်အကျဉ်းထောင်တွင် လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ယခုတိုင်မတရားဖမ်းဆီးခံထားရသူ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းအားပုဒ်မ (၁၀–က) ဖြင့် နအဖစစ်အာဏာပိုင်က နောက်ထပ်ထောင်ဒဏ်တနှစ်တိုးလိုက်ကြောင်း သိရှိရသည်။

အသက် (၆၇) နှစ်ပြီဖြစ်သောဒေါက်တာသန်းငြိမ်းသည် အစာအိမ်နှင့်ဆီးချိုရောဂါခံစားနေရသော်လည်း အာဏာပိုင်များက ထိုရောဂါကိုကုသပေးရန် ငြင်းပယ်ခဲ့သည့်အတွက်စိုးရိမ်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ကြေညာချက်ထုတ်ပြန်ထားသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မယားညီအစ်ကိုတော်သူ ဒေါက်တာသန်းငြိမ်းသည် မရမ်းကုန်းမြို့နယ်တွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောပွဲဖြစ်မြောက်ရန် စီစဉ်ပေးမှုဖြင့် (၁၉၉၇) ခုနှစ်ကတည်းက အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ထောင်ဒဏ် (၇) နှစ်ချမှတ်ခံခဲ့ရသည်။

(၂၀၀၄) ခုနှစ် ဇူလိုင်လ (၂၃) ရက်နေ့တွင်လွတ်ရက်စေ့သော်လည်း အာဏာပိုင်များက ထောင်ဒဏ်သက်တမ်းတိုးလိုက်သည့်အပေါ် အစာငတ်ဆန္ဒပြခဲ့သဖြင့် သူ့အား သာယာဝတီထောင်၊ ပေါင်းတည်ထောင်နှင့် ပြည်ထောင်များတွင် ပြောင်းလဲချုပ်နှောင်ခဲ့သည်။

❖

# ကလေးထောင်မှ ထောင်ရဲနှင့် အကျဉ်းသားများ အဓိကရုဏ်း၊ အကျဉ်းသား(၂)ဦးသေဆုံး

စစ်ကိုင်းတိုင်း ကလေးထောင်အတွင်း ယခုလ (၂၄) ရက်နေ့က သောက်သုံးရေလုံလောက်စွာဆောင်ရွက်ပေးရန် အကျဉ်းသားများကအာဏာပိုင်များထံတင်ပြရာမှ အကျဉ်းသားများနှင့် ထောင်အာဏာပိုင်များအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ထောင်ရဲများ၏ ရိုက်နှက်မှုကြောင့် အကျဉ်းသားနှစ်ဦးသေဆုံးခဲ့ပြီး အခြားအကျဉ်းသားအချို့ဒဏ်ရာများနှင့်အတူတိုက်ပိတ်ခံထားရကြောင်း ဒီဗွီဘီသတင်းအရသိရသည်။

ကလေးထောင်တွင် ရေမလုံလောက်သည့် ပြဿနာဖြစ်နေခဲ့ရာမှ ထောင်ပိုင်ဦးအောင်လင်းထောင်တွင်း ဝင်ရောက်စစ်ဆေးနေစဉ်အကျဉ်းသားများက ယင်းအခက်အခဲကိုတင်ပြရာမှယင်း၏ မချေမငံပြောဆိုမှုကြောင့်အကျဉ်းသားအချို့နှင့် ထောင်အာဏာပိုင်များအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အကျဉ်းသားများမှာတလတွင် တခါသာရေကိုလုံလောက်မှုမရှိပဲ ချိုးရသဖြင့် အကျဉ်းသားအများစုမှာ ယားနာများပေါက်နေသည့်အပြင် ကောင်းစွာဆေးဝါးကုသပေးခြင်းမရှိသောကြောင့် အခြေအနေဆိုးဝါးနေသည်။ ယင်းထောင်တွင်လားရှိုးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းငွေ၊ ရှမ်းအဖွဲ့ချုပ်အတွင်းရေးမှူးဦးစိုင်းညွန့်လွင် အပါအဝင် ကိုအေးအောင်၊ ကိုစောဝင်း၊ ကိုကျော်ဆွေ၊ ကိုညွန့်အောင်၊ ဦးကြီးငွေစသော နိုင်ငံရေးအကျဉ်းသား (၇) ဦးရှိကြောင်းသိရှိရသည်။

❖

# အဲန်အယ်လ်ဒီလူငယ်တာဝန်ခံကို မတရားအမှုဆင်ဖမ်းဆီး

ကိုယ့်ရည်းစားကိုယ်ခိုးသော သာမန်ကိစ္စဖြစ်သော်လည်း အဖွဲ့ချုပ်ဝင်တဦးဖြစ်သောကြောင့် အာဏာပိုင်များက အညှိုးထားမတရားအမှုဆင်ဖမ်းဆီးပြီး အမြင့်ဆုံးထောင်ဒဏ်ချမှတ်ခါ ရဲဘက်စခန်းသို့ ပို့လိုက်ကြောင်းသတင်းများအရ သိရှိရသည်။

(၂၀၀၅) ခုနှစ် မေလအတွင်းက လူငယ်သဘာဝအသက်ပြည့်ပြီးဖြစ်သော မိန်းကလေးတဦးနှင့် မိုးမိတ်မြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူလက်ထပ်ခဲ့သော မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် အဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုအေးသိန်းကို အာဏာပိုင်များက လူမှောင်ခိုမှု ပုဒ်မ (၃၆၆)၊ ပုဒ်မ (၃၇၆) မုဒိမ်းမှုဖြင့် ဖမ်းဆီးကာ ဒီဇင်ဘာ (၂၁) ရက်နေ့က ထောင်ဒဏ် (၅) နှစ်ချမှတ်ကာ ရဲဘက်စခန်းတခုသို့ ပို့လိုက်ကြောင်း မန္တလေးအဖွဲ့ချုပ်ဝင်တဦး၏ ပြောပြချက်အရသိရှိရသည်၊

ကိုအေးသိန်းသည် အဖွဲ့ချုပ်စည်းရုံးရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်နေသောလူငယ်တဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်များတွင်ပါဝင်ခဲ့သူဖြစ်သောကြောင့် ကာယကံရှင်အမျိုးသမီးကိုယ်တိုင်က အဓမ္မခိုးယူပေါင်းသင်းခဲ့ခြင်းမရှိကြောင်း ထွက်ဆိုခဲ့သည့်အပြင် အမျိုးသမီးဖက်မှမိဘများက အမှုပိတ်ရန်ကြိုးစားခဲ့သော်လည်း အာဏာပိုင်များက အမှုမပိတ်ရန်ခြိမ်းခြောက်ခဲ့သည်။

ယခုကဲ့သို့ မတရားအမှုဆင် ဖမ်းဆီးထောင်ချခဲ့သည်သာမက ရဲဘက်စခန်းသို့ပါ ပို့လိုက်သည့်အပေါ် အဖွဲ့ချုပ်ဝင်များနှင့် ယင်း၏ မိသားစုက အထူးစိုးရိမ်နေကြသည်။ ကိုအေးသိန်း၏ သူငယ်ချင်းများဖြစ်သော ကိုတင်ထူး၊ ကိုဇော်လွင်၊ ကိုမောင်ခိုင်နှင့် ကိုဖိုးဖြူတို့ကိုလည်း အားပေးကူညီမှုပုဒ်မ (၁၄၄) ဖြင့် ထောင်ဒဏ် (၃) နှစ်စီ ချမှတ်ခဲ့သည်။ ❖

"၂၀၀၆ ခုနှစ်အစမှာ ကမ္ဘာ့လူဦးရေရဲ့တဝက်လောက်ဟာ ဒီမိုကရေစီနိုင်ငံတွေမှာ နေထိုင်နေကြတယ်။ ဒါပေမယ့် ဆီရီးယား၊ မြန်မာ၊ ဇင်ဘာဘွေ၊ မြောက်ကိုးရီးယားနဲ့ အီရတ်လိုနိုင်ငံတွေက မလွတ်မြောက်ကြသေးတဲ့ ကမ္ဘာ့လူဦးရေတဝက်ရဲ့အရေးကိုမေ့ထားလို့မရပါဘူး။ ဘာဖြစ်လိုလဲဆိုရင် သူတို့ရဲ့လွတ်မြောက်မှုဟာ ကမ္ဘာကြီးကလိုအပ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ တရာမျှတရေး ဖြစ်နေလိုပါပဲ"

*သမတဂျော့ဒဗလျူဘုရှ်*
*(ဇန်နဝါရီ (၃၁)ရက်၊ နိုင်ငံတော်မိန့်ခွန်းမှ)*

# နိုင်ငံရေးအကျဉ်းသားများ ရိုက်နှက်ခံနေရ

အမျိုးသားညီလာခံဆန့်ကျင်သော စာရွက်စာတမ်းများ ဖြန့်ဝေခဲ့သူတဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား (၃) ဦးကို ရာဇဝတ်အကျဉ်းသားများက ထောင်အာဏာပိုင်များရှေ့တွင် ဝိုင်းဝန်းရိုက်နှက်မှု ဇန်နဝါရီလ (၂) ရက်နေ့က အင်းစိန်ထောင်တွင်ဖြစ်ပွားခဲ့ကြောင်း အေအေပီပီခေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရသိရှိရသည်။

ကိုဟန်ဝင်းအောင်၊ ကိုအောင်ဆန်းမြတ်နှင့် ကိုသီဟထွန်းတို့ကို ရာဇဝတ်အကျဉ်းသားများက ထိုးကြိတ်ရိုက်နှက်ရာ ကိုအောင်ဆန်းမြတ်၏မျက်နှာတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ထိုကိစ္စသည်ထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများကို တိုက်ခန်းမှ ရာဇဝတ်အကျဉ်းသားများထားရှိရာအဆောင်သို့ ပြောင်းရွှေ့ထားခြင်းကြောင့် ဖြစ်သည်ဟု အေအေပီပီအတွင်းရေးမှူး ကိုတိတ်နိုင်က ပြောသည်။

ကိုအောင်ဆန်းမြတ်သည် ဒုတိယအကြိမ်မြောက် ရိုက်နှက်ခံရခြင်းဖြစ်ပြီး သူ့ကို (၂၀၀၅) ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း တကြိမ်အရိုက်နှက်ခံခဲ့ရသည်။ ကိုဟန်ဝင်းအောင်မှာ (၂၀၀၃) ခုနှစ် စက်တင်ဘာလအတွင်းက အမျိုးသားညီလာခံကို ဆန့်ကျင်သော စာရွက်စာတမ်းများဖြန့်ဝေခဲ့မှုဖြင့် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ကိုအောင်ဆန်းမြင့်နှင့် ကိုသီဟထွန်းတို့မှာလည်း နိုင်ငံရေးလှုပ်ရှားမှုပုဒ်မ အဖမ်းခံခဲ့ရပြီး သူတို့ (၃) ဦးစလုံး ထောင်ဒဏ် (၇) နှစ်စီကျခံခဲ့ရသည်။

သူတို့ကိုထောင်မှူးဦးဝင်းမောင်နှင့် ဝန်ထမ်းများရှေ့တွင် ရာဇဝတ်အကျဉ်းသားများက ရိုက်နှက်ခဲ့ခြင်းဖြစ်သော်လည်းထောင်အာဏာပိုင်များကထိုကိစ္စကို အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ဟု သိရသည်။

ယခင်နှစ်ကလည်း စကော်ပီယံဂိုဏ်းဝင် ရာဇဝတ်အကျဉ်းသားများက နိုင်ငံရေးအကျဉ်းသားများကိုရိုက်နှက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

❖

# နိုင်ငံကျော်စာရေးဆရာမောင်ထင် ကွယ်လွန်




နိုင်ငံကျော်စာရေးဆရာကြီးမောင်ထင် အသက် (၉၇) နှစ်သည် ဇန်နဝါရီလ (၂၉) ရက်တွင်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စရောက်သွားရှာပြီဖြစ်သည်။

ဆရာ့ကို (၁၉၀၉) ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် ဧရာဝတီတိုင်း လပွတ္တာမြို့တွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။

ငယ်စဉ်က ဆရာဝန်အဖြစ်နှင့် အသက်မွေးရန်ရည်ရွယ်ခဲ့သော်လည်း ဆေးကျောင်းနောက်ဆုံးနှစ်တွင် သက်ဆိုင်ရာပါမောက္ခနှင့် အဆင်မပြေဖြစ်ပြီး ဆေးတက္ကသိုလ်မှ နှုတ်ထွက်ခဲ့ရသည်။

ထို့နောက် ဝိဇ္ဇာဘာသာရပ်သို့ပြောင်းခဲ့ရာ (၁၉၃၃) ခုနှစ်တွင် မြန်မာစာပေရွှေတံဆိပ်ဆုရရှိခဲ့ပြီး၊ ထိုနှစ်တွင်ပင် အရှေ့တိုင်းဘာသာရပ်နှင့်ဘွဲ့ရခဲ့သည်။ ထို့နောက် ဆရာသည် အစိုးရအရပ်ဖက်ဌာနတွင် တာဝန်ထမ်းဆောင်ရင်း ဆောင်းပါးနှင့်ဝတ္ထုများစွာ ရေးသားထုတ်ဝေခဲ့သည်။

ဆရာကြီးရေးသားခဲ့သော ကိုဒေါင်း၊ လယ်သမားဘဝ၊ ငဘ၊ မိုပါဆွမ်းဝတ္ထုတိုများ၊ မြို့အုပ်ပုံပြင်၊ မောင်ထင်၏ ဝတ္ထုတိုပေါင်းချုပ်တို့မှာထင်ရှားပြီး၊ ထိုစာအုပ်များအနက် 'ငဘ' ဝတ္ထုသည် အကျော်ကြားဆုံးဖြစ်ခဲ့ပြီး တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်စသော ဘာသာ များဖြင့်ထုတ်ဝေခဲ့သည်။

ဆရာသည် (၁၉၈၁) 'ဂါလီဗာ၏ ခရီးစဉ်'ဝတ္ထုဖြင့် အမျိုးသားစာပေဆုခဲ့ပြီး၊ ပခုက္ကူဦးအုန်းဖေ တသက်တာစာပေဆု၊ အမျိုးသားစာပေတသက်တာဆုနှင့် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) တို့ကိုလည်း ရရှိခဲ့သည်။

ဆရာသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခင်မင်ရင်းနှီးပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော စာ အုပ်များကိုလည်းရေးသားထုတ်ဝေခဲ့ပြီး၊ 'နိုင်ငံရေးသုခမိန်' အမည်ရှိစာအုပ်သည် လူကြိုက်များသည်။

နိုင်ငံတကာ

## သတင်းမှတ်တမ်း

### အမေရိကသည် မည်သည့်အခါမျှ ဒူးထောက်အညံ့ခံလိမ့်မည်မဟုတ်ဟု မစ္စတာဘုရှ်ပြောကြား

အမေရိကန်သမတဂျော့ဘုရှ်က အမေရိကသည်အရှေ့အလယ်ပိုင်းမှရေနံကို "ဆေးစွဲသကဲ့" မဖြတ်နိုင်ဖြစ်နေရပြီး ထိုမှီခိုနေရမှုကိုနည်းပညာသုံး၍ ပြောင်းလဲပစ်နိုင်ရမည်ဟု ဇန်နဝါရီ (၃၁) ရက်ညနိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောဆိုသည်။ (၂၀၂၅) တွင်အရှေ့အလယ်ပိုင်းမှတင်သွင်းရသောရေနံ (၇၅) ရာခိုင်နှုန်းကို လျှော့ချပစ်နိုင်ရေးအတွက် နည်းပညာမြှင့်တင်ကြရန် သူကတိုက်တွန်းသည်။ "ရေနံသုံးစွဲနေရမှုကိုဖြတ်ပစ်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ အဆင့်မြင့်နည်းပညာပဲဖြစ်တယ်" ဟုသူကပြောသည်။

အီရတ်မှတပ်များ ပြန်လည်ရုပ်သိမ်းရေးနှင့်ပတ်သက်၍ "တပ်တွေပြန်ရုပ်သိမ်းရင် အဲဒီမှာငြိမ်းချမ်းရေးရှိမှာမဟုတ်ဘူး" ဟုပြောပြီးတိုင်းပြည်ကို စစ်ထဲဆွဲသွင်းခဲ့သည်ဆိုသော စွပ်စွဲမှုများကိုဘုရှ်က ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့သည်။ သူ၏မိန့်ခွန်း၌ နိုင်ငံရပ်ခြားတွင်ဆင်နွှဲနေသောလွတ်မြောက်မှုအတွက် တိုက်ပွဲကိုထောက်ခံကြရန်၊ အကြမ်းဖက်ဝါဒီကို ဆန့်ကျင်ကြရန် အမေရိကန်နိုင်ငံသားများအားတောင်းဆိုလိုက်ပြီး အမေရိကသည်ဆိုးယုတ်မှုကို မည်သည့်အခါမှ ဒူးထောက်အညံ့ခံလိမ့်မဟုတ်ဟု ရဲရဲတောက်ပြောဆိုလိုက်သည်။

### အမေရိကကို နောက်ထပ်တိုက်ခိုက်ဦးမည်ဟု မစ္စတာဘင်လာဒင်ခြိမ်းခြောက်

အိုစမာဘင်လာဒင်က သူ၏တိုက်ခိုက်ရေးသမားများသည် အမေရိကန်ကိုတိုက်ခိုက်ရန် ပြင်ဆင်မှုများပြုနေပြီဟု သတိပေးခဲ့သည်။ ထိုတိပ်ခွေကိုဇန်နဝါရီ (၁၉) ရက်က အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားဌာနမှ ထုတ်လွှင့်ခဲ့ပြီး တနှစ်ကျော်ကာလအတွင်း အယ်ကေဒါခေါင်းဆောင်တဦး၏ပထမဆုံးအကြိမ် ပြောဆိုမှုဖြစ်သည်။ ၎င်းတိပ်ခွေသည် ပါကစ္စတန်၌ဘင်လာဒင်၏လက်ထောက်အေမန်အယ်လ်ဇာဝါဟီကို ပစ်မှတ်ထားတိုက်ခိုက်သော အမေရိကန်လေကြောင်းတိုက်ခိုက်မှုအပြီး ရက်အနည်းငယ်အတွင်းထွက်ပေါ်လာခြင်းဖြစ်သည်။ မစ္စတာဇာဝါဟီအပါအဝင်အယ်လ်ကေဒါထိပ်တန်းခေါင်းဆောင် (၄) ဦးသေဆုံးခဲ့နိုင်သော ထိုတိုက်ခိုက်မှုအကြောင်း တိပ်ခွေတွင်ပြောဆိုထားခြင်းမရှိပေ။ ထိုတိပ်ခွေမှအသံသည် ဘင်လာဒင်၏အသံဖြစ်သည်ဟု စီအိုင်အေမှအရာရှိကအတည်ပြုသည်။ အကြမ်းဖက်သမား တန်ပြန်စစ်ဆင်ရေးအရာရှိများအဆိုအရ အယ်လ်ကေဒါကအမေရိကကိုတိုက်ခိုက်မည့် တိကျယုံကြည်လောက်သည့်ထောက်လှမ်းရေးအချက်အလက်များ မရှိဟုဆိုသည်။

### မစ္စတာပူတင်က ဒုံးကျည်လက်နက်သစ်အတွက် ကြွားဝါ

ရုရှားသမတဗလာဒီမာပူတင်က မည်သည့်အကာအကွယ်ကိုမဆို ဖောက်ထွင်းသွားနိုင်သည့်စွမ်းရည်ရှိသော ၎င်း၏လက်နက်သစ်အကြောင်း ကြွားဝါလိုက်သည်။ "ရုရှားဟာကမ္ဘာပေါ်မှာဘယ်သူ့ဆီမှာမှမရှိတဲ့ အဝေးပစ်ဒုံးကျည်လက်နက်ကို စမ်းသပ်ပြီးသွားပါပြီ။ ဘယ်လိုဒုံးကျည်အကာအကွယ်စနစ်မျိုး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီလက်နက်အတွက်အရာရောက်မှာမဟုတ်ပါဘူး။ ဒီလက်နက်ဟာ ဟိုက်ပါဆိုနစ်ဆိုတဲ့အသံထက်မြန်ပြီး သူ့လမ်းကြောင်းကိုလည်းပြောင်းလဲပစ်နိုင်တဲ့စွမ်းရည်ရှိတယ်" ဟုသူကဆိုသည်။ ထိုဒုံးကျည်သည် နျူကလီးယားထိပ်ဖူးကိုသယ်ဆောင်နိုင်စွမ်းရှိပြီး ဦးတည်ရာနှင့်အမြင့်ကိုပါ ပြောင်းလဲပစ်နိုင်စွမ်းရှိခြင်းကြောင့် ရန်သူ၏တန်ပြန်ပဲ့ထိန်းဒုံးကျည်ဖြင့် ကြားဖြတ်ဟန့်တားရန် မဖြစ်နိုင်ဟုဆိုသည်။ ရုရှားစစ်တပ်တွင်ထိုလက်နက်များတပ်ဆင်အသုံးပြုနေပြီလား ဆိုသည်ကိုမူသူက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

### အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွန့်ပေါင်းစစ်သားအကျအဆုံး

(၂၀၀၆) ခုနှစ်၊ ဇန်နဝါရီလ ကုန်ထိကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၂,၄၄၉) ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာအမေရိကန်စစ်သား (၂,၂၄၇)၊ ဗြိတိသျှစစ်သား (၁၀၀) ဦး၊ ဘူဂေးရီးယားစစ်သား (၁၃) ဦး၊ ဒိန်းမတ်စစ်သား (၂) ဦး၊ ဒတ်ချ်စစ်သား (၂) ဦး၊ အက်စ်တိုနီးယားစစ်သား (၂) ဦး၊ ဟန်ဂေရီစစ်သား (၁) ဦး၊ အီတလီစစ်သား (၂၆) ဦး၊ ဂါဇက်စစ်သား (၁) ဦး၊ လတ်ဗီ ယန်းစစ်သား (၁) ဦး၊ ပိုလန်စစ်သား (၁၇) ဦး၊ ဆာလေးဗိုးစစ်သား (၂) ဦး၊ ဆလိုဗက်စစ်သား (၃) ဦး၊ စပိန်စစ်သား (၁၁) ဦး၊ ဩစတေးလျ (၁) ဦး၊ ထိုင်းစစ်သား (၂) ဦး နှင့်ယူကရိန်းစစ်သား (၁၈) ဦးတို့ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၆,၅၄၈) ဦးရှိပြီးဖြစ်သည်။ (စီအဲန်အဲန်)

## စစ်သွေးကြွ ဟားမားစ်အဖွဲ့ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရရှိ



ဟားမားစ်အဖွဲ့ ရွေးကောက်ပွဲ အနိုင်ရမြင်ကွင်း

အစ္စလာမ်စစ်သွေးကြွအဖွဲ့ဖြစ်သည့် ဟားမားစ်အဖွဲ့ ပါလက်စတိုင်းရွေးကောက်ပွဲ၌ မဲအပြတ်အသတ်ဖြင့်အနိုင်ရရှိခဲ့ခြင်းက ကမ္ဘာကြီးအားသွေးပျက်တုန်လှုပ်စေခဲ့သည်။ အကျင့်ပျက်ခြစားမှုများဖြင့် ပြည့်နေသည့် ဖာတာပါတီ၏ ဆယ်စုနှစ်လေးစုမျှ အုပ်ချုပ်ခဲ့မှုအဆုံးသတ်သွားခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးမျှော်လင့်ချက်မှာလည်း ပို၍နည်းလာခဲ့သည်။

ဟားမားစ်အဖွဲ့သည် ရွေးကောက်ပွဲတွင်ပြတ်ပြတ်သားသား အနိုင်ရခဲ့သည်။ ပါလီမန်တွင် (၁၃၂) နေရာအနက် (၇၆) နေရာအနိုင်ရခဲ့သည်ဟု တာဝန်ရှိသူ အရာရှိများ၏ပြောဆိုချက်အရသိရသည်။ ဟားမားစ်က ထောက်ခံသည့် တသီးပုဂ္ဂလကိုယ်စားလှယ်လေးဦးလည်း အနိုင်ရခဲ့သည်။ (၁၉၆၀) မှစတင်၍ ပါလက်စတိုင်းဖာတာအဖွဲ့ကပါလက်စတိုင်း နိုင်ငံရေးကို လွှမ်းမိုးခဲ့သော်လည်းအကျင့် ပျက်လာဘ်စားမှုများကြောင့် (၄၃) နေရာသာရရှိခဲ့သည်။ ကျန်နေရာများမှာပါတီ အငယ်များကရရှိခဲ့သည်။

ဂါဇာကမ်းမြောင်နှင့် အနောက်ဖက်ကမ်းဒေသရှိ ပါလက်စတိုင်းသားများက မီးရှူးမီးပန်းများပစ်လွှတ်ကာ၊ ရိုင်ဖယ်သေနတ်များကိုပစ်ဖောက်ကာ ရွေးကောက်ပွဲရလာဒ်ကိုဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြသည်။ ဟားမားစ်သွေးကြွများကို ထောက်ခံသူ သုံးထောင်ခန့်သည် ရာမာလာမြို့တွင်းချီတက်ပြီး ၎င်းတို့၏အစိမ်းရောင်အလံကို ပါလက်စတိုင်းပါလီမန်တွင်လွှင့်ထူခဲ့သည်။ ဖာတာထောက်ခံသူများကဟားမားစ်အလံကိုအောက်ချရန် ကြိုးစားခဲ့ကြရာအဖွဲ့နှစ်ဖွဲ့သည် တဖက်နှင့်တဖက်ခဲများနှင့်ပစ်ပေါက် ပြတင်းတံခါးများကိုချိုးဖျက်ကြကာ မိနစ်သုံးဆယ်ခန့်တိုက်ခိုက်ခဲ့ကြသည်။

ယခုရွေးကောက်ပွဲအောင်နိုင်မှုက ဟားမားခေါင်းဆောင်များကိုပင် အံ့အားသင့်စေခဲ့သည်။ အစိုးရအဖွဲ့တခုအနေနှင့် ဟားမားစ်အဖွဲ့သည်အတွေ့အကြုံမရှိခဲ့ပေ။ ၎င်းတို့က ဖာတာ၏အကြီးအကဲ သမတ မာမွတ်အာဘတ်စ်နှင့်အာဏာခွဲဝေရန်ကမ်းလှမ်းခဲ့သည်။ ပြီးခဲ့သည့်နှစ်က သမတအဖြစ်ရွေးကောက်ခြင်းခံရသူ မစ္စတာအာဘတ်စ်သည် အသေခံဗုံးခွဲမှုများနှင့်ဆက်စပ်နေသော ဟားမားစ်အဖွဲ့နှင့်မည်မျှနီးနီးကပ်ကပ် အလုပ်လုပ်ရမည်ကိုမဆုံးဖြတ်ရသေးပေ။ သို့ရာတွင် ၎င်း၏ပါတီဖြစ်သည့် ဖာတာပါတီသည် ဟာမားအစိုးရနှင့်ပူးပေါင်းမှုမပြုရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်ဟုဥပဒေပြုအမတ် ဆာအက်အီရီကက်ကပြောသည်။

"ကျနော်တို့ဟာ ကတိသစ္စာရှိတဲ့ အတိုက်အခံအဖွဲ့တခုဖြစ်ရမယ်။ ကျနော်တို့ ပါတီကိုပြန်လည်တည်ဆောက်ရပါမယ်" ဟု အီရီကက်က အာဘတ်စ်နှင့်ဆွေးနွေးပြီးနောက် ပြောသည်။

အမေရိကန်နှင့် ဥရောပယူနီယံက အကြမ်းဖက်အုပ်စုဟုသတ်မှတ်ထားသော ဟားမားစ်အဖွဲ့အား ကမ္ဘာတဝှမ်းရှိခေါင်းဆောင်များက အကြမ်းဖက်မှုကိုစွန့်လွှတ်ရန်နှင့်အစ္စရေးနိုင်ငံအား အသိအမှတ်ပြုရန် တောင်းဆိုခဲ့ကြသည်။

"တကယ်လို့ ခင်ဗျားတို့ရဲ့မူဝါဒလမ်းစဉ်က အစ္စရေးကိုဖျက်ဆီးပစ်ဖို့ဆိုရင်တော့ ခင်ဗျားတို့ဟာ ငြိမ်းချမ်းရေးရဲ့အပေါင်းအဖော်တွေမဟုတ်ပါလို့ ဆိုလိုရာကျတယ်။ ကျနော်တို့ကတော့ ငြိမ်းချမ်းရေးကိုစိတ်ဝင်စားတယ်"ဟု သမတဘုရှ်က ဝါရှင်တန်တွင် ပြောဆိုခဲ့သည်။ သတင်းစာရှင်းလင်းပွဲတခု၌ သမတဘုရှ်က ပါလက်စတိုင်းသို့ အမေရိကန်၏အကူအညီနှင့်ပတ်သက်၍ " ကျနော်တို့ရဲ့ မဟာမိတ်အစ္စရေးကို ဖျက်ဆီးပစ်လိုတဲ့ နိုင်ငံရေးပါတီတခုကို အမေရိကန်ကထောက်ပံ့မှာမဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြောလိုပါတယ်။ သူတို့ဟာ သူတို့ရဲ့သဘောထားမူဝါဒကိုစွန့်လွှတ်ရပါမယ်"ဟု ပြောသည်။

ဟားမားစ်၏ ပေါလစ်ဗျူရို၏ဒုတိယအကြီးအကဲဖြစ်သည့်မိုစာအဘူက ဇန်နဝါရီလ (၂၇) ရက်၊ ဒမာစ်ကတ်တွင် ရိုက်တာရုပ်မြင်သံကြားနှင့်အင်တာဗျူး၌ အမေရိကနှင့်အီးယူသည် မိမိတို့ဟားမားစ်အဖွဲ့၏ပေါ်လစီကို ပြောင်းပစ်ရန်မတောင်းဆိုမီ အရင်ဆုံး၎င်းတို့၏ ဟားမားစ်အဖွဲ့ပေါ်ထားရှိသည့် မူဝါဒကို ပြောင်းလဲသင့်သည် ဟုပြောသွားခဲ့သည်။

ဟာမားစ်ခေါင်းဆောင်များက အစ္စရေးအပါအဝင် နိုင်ငံတကာအားပျော့ပြောင်းသောသဘောထားတရပ်ကို ချက်ခြင်းလေလှိုင်းမှ ထုတ်ပြန်ခဲ့သည်။"မကြောက်ကြပါနဲ့"ဟု ဟားမားစ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာက ဘီဘီစီသို့ပြောကြားခဲ့သည်။

## ဂွာတာနာမိုအကျဉ်းစခန်းပိတ်ပစ်ရန် ဥရောပပါလီမန်တောင်းဆို

အရှေ့ဥရောပရှိ စီအိုင်အေ၏လျှို့ဝှက်အကျဉ်းထောင်များအတွင်း စွပ်စွဲခံရမှုများကို ပထမဆုံးအကြိမ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရေးအတွက် ကော်မတီတရပ်ဖွဲ့ရန် ဥရောပပါလီမန်တွင် မဲဆန္ဒပေးခဲ့ကြသည်။ ဆုံးဖြတ်ချက်တွင် အီးယူဥပဒေပြုအမတ်များကကျူးဘား၊ ဂွာတာနာမို အကျဉ်းစခန်းတွင် ထိန်းသိမ်းခံထားရသူများအပေါ် ဆက်ဆံမှုများအား ပြစ်တင်ရှုတ်ချခဲ့ပြီး ထိုအကျဉ်းစခန်းကိုပိတ်ပစ်ရန် တောင်းဆိုခဲ့သည်။

"ဥရောပပါလီမန်က (၂၀၀၂) အာဖဂန်ကျူးကျော်စစ်ပွဲအပြီးမှာ အမေရိကန်တပ်တွေက ဖမ်းဆီးထားတဲ့ရာနဲ့ချီတဲ့ ဖမ်းဆီးခံထားရသူများကို ဂွာတာနာမိုအကျဉ်းစခန်းကိုတရားမဝင်ရွှေ့ပြောင်းခဲ့မှုတွေကို ရှုတ်ချပါတယ်။ အမေရိကန်ဝန်ထမ်းများက နှိပ်စက်ညှဉ်းပန်းမှုတွေ၊ မလျော်မကန်ဆက်ဆံမှုတွေကို သက်သေအထောက်အထားများစွာတွေ့ရပါတယ်။ ဒီအကျဉ်းစခန်းကို ချက်ခြင်းပိတ်ပစ်ဖို့တောင်းဆိုပါတယ်" ဟုဆုံးဖြတ်ချက်ချခဲ့သည်။

ဥရောပသမဂ္ဂက ယခုထိန်းသိမ်းရေးစခန်းကိုပိတ်ပစ်ရန်တောင်းဆိုမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ အမေရိကန်က အာဖဂန်ရှိ တာလီဘန်တို့ကိုဖြုတ်ချခဲ့ပြီးနောက် ကျူးဘားအရှေ့ဖက်ကမ်းခြေအစွန်းတွင်ရှိသော ထိုအကျဉ်းစခန်းကို (၂၀၀၂) ခု၊ ဇန်နဝါရီ (၁၁) ရက်တွင် စတင်ဖွင့်ခဲ့သည်။

ပါလီမန်စုံစမ်းရေးကော်မတီတွင် အဖွဲ့ဝင် (၄၆) ဦး ပါဝင်မည်ဖြစ်သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က အာဖဂန်တွင်ဖမ်းဆီးရမိသည့်အကြမ်းဖက်သမားဟု သံသယရှိသူများကို ပိုလန်နှင့်ရိုမေးနီးယားသို့ ပို့ဆောင်ခဲ့သည့် သက်သေအထောက်အထားများတွေ့ရှိရသည်ဟုဆိုသည်။ ထိုနိုင်ငံများက ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုသည်။ အီးယူနယ်နမိတ်အတွင်းရှိ လျှို့ဝှက်အကျဉ်းထောင်များတွင် အကြမ်းဖက်သမားဟုသံသယရှိသူများကို မိခင်နိုင်ငံမှပြင်းထန်သည့် စစ်ကြောရေးနည်းလမ်းများကိုခွင့်ပြုသည့် နိုင်ငံများသို့ရွှေ့ပြောင်းခဲ့ခြင်းသည် လူ့အခွင့်အရေးသဘောတူညီမှုစာချုပ်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

❖

# ကုလအတွင်းရေးမှူးသို့ အရှေ့တီမောသမတက အစီရင်ခံစာတစောင်ပေးအပ် မုဒိမ်းကျင့်ခြင်း၊ အငတ်ဘေးဆိုက်စေခြင်းတို့ကို လက်နက်သဖွယ်အင်ဒိုနီးရှားက သုံးစွဲခဲ့

အင်ဒိုနီးရှားစစ်တပ်သည် အရှေ့တီမောကိုထိန်းချုပ်ရန်အတွက် အငတ်ဘေးဆိုက်စေခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခြင်းများကို (၂၄) နှစ်တာငင်းတို့ သိမ်းပိုက်ထားသည့်ကာလအတွင်း လက်နက်အဖြစ်အသုံးချခဲ့ကြောင်း ဇန်နဝါရီ (၁၉) ရက် ဩစတြေးယားသတင်းစာတွင် ဖော်ပြသည်။

အမှန်တရား၊ရင်ကြားစေ့ရေးနှင့် ကြိုဆိုလက်ခံရေး (The commission for Reception,Truth and Reconcilation) ဆိုသည့်ကော်မရှင်တရပ်ကပြုစုသည့် စာမျက်နှာ (၂၅၀၀) ပါ အစီရင်ခံစာကို အရှေ့တီမောသမတ ဇာနားနားဂတ်စမိုကဇန်နဝါရီ (၂၀) တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်သို့ပေးအပ်ခဲ့သည်။ ထိုအစီရင်ခံစာတွင် အင်ဒိုနီးရှားစစ်သားများသည် မီးလောင်ဗုံးများကိုအသုံးပြုခဲ့ပုံ၊ ရေနှင့်အစာများကို အဆိပ်သင့်စေရန်အတွက် ဓာတုလက်နက်များကိုမည်သို့သုံးစွဲခဲ့ပုံ စသည်တို့ကိုအသေးစိတ်ဖော်ပြထားသည်။

မျက်မြင်သက်သေ (၈၀၀၀) ကျော်နှင့် အင်တာဗျူးများ၊ အင်ဒိုနီးရှားစစ်တပ်၏ အစီရင်ခံစာများ၊ နိုင်ငံတကာထောက်လှမ်းရေးများမှ ရရှိသောအချက်အလက်များကို အခြေခံထားသောထိုအစီရင်ခံစာတွင် ထောင်နှင့်ချီသည့်အကျဉ်းချုံး သေဒဏ်စီရင်ခြင်းများနှင့် လူ (၈၅၀၀) ကို နှိပ်စက်ညှင်းပန်းမှုများကို အသေးစိတ်ဖော်ပြထားသည်။



တီမောသမတနှင့် ကိုဖီအာနန်

လူကိုအရှင်လတ်လတ်မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း၊ နားရွက်၊ လိင်အင်္ဂါတို့ကိုဖြတ်တောက်ပြီးမိသားစုဝင်များရှေ့တွင်ပြသခြင်းကဲ့သို့သော ရက်ရက်စက်စက်ကျူးလွန်ခဲ့သည့်လုပ်ရပ်များကို အစီရင်ခံစာတွင်ဖော်ပြထားသည်။ အရှေ့တီမော အမျိုးသမီးထောင်ပေါင်းများစွာသည် အင်ဒိုနီးရှားတို့ကျူးကျော်သိမ်းပိုက်ခဲ့သည့်ကာလအတွင်း မုဒိန်းကျင့်ခံခဲ့ရပြီး၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုများခံခဲ့ရသည်။

"အရှေ့တီမောလွတ်လပ်ရေးကိုထောက်ခံသူများကြောက်ရွံ့သွားအောင်၊ မျှော်လင့်ချက်မဲ့၊ အင်အားမဲ့ဆိုသည့်အခြေအနေကို သူတို့၏စိတ်ထဲတွင်စွဲသွားအောင် မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းများအား လက်နက်သဖွယ်သုံးစွဲခဲ့သည်" ဟု ကော်မရှင်က မှတ်ချက်ပြုခဲ့သည်။ (၁၉၇၅) မှ (၁၉၉၉) ခုနှစ် အတွင်း အင်ဒိုနီးရှားစစ်တပ်၏ အရှေ့တီမောအပေါ်ထားရှိသည့်ပေါ်လစီကြောင့် အရှေ့တီမောပြည်သူ အနည်းဆုံး (၁၀၂၈၀၀) မှ (၁၈၃၀၀၀) သေဆုံးခဲ့ရာ တိုင်းပြည်တွင်းရှိ လူဦးရေ၏ သုံးပုံတပုံပင်ဖြစ်သည်။ ပြီးခဲ့သည့်လက အစီရင်ခံစာကိုအစိုးရထံတင်သွင်းခဲ့ရာ အင်ဒိုနီးရှားကိုဒေါသဆွပေးသလို ဖြစ်မည်စိုးသောကြောင့် သမတမစ္စတာဇာနားနားဂတ်စ်မိုက လျှို့ဝှက်ထားလိုခဲ့သော်လည်း နောက်ဆုံးတွင် ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန်အား ပေးအပ်ရန်လိုက်လျောခဲ့သည်။

ယခုအစီရင်ခံစာထုတ်ပြန်မှုကြောင့် အရှေ့တီမောနယ်စပ်အနီးတွင် လှုပ်ရှားနေဆဲဖြစ်သော ပြည်သူ့စစ်များနှင့်အင်ဒိုနီးရှားအား ဆွပေးသလိုဖြစ်စေနိုင်သည်ဟု စိုးရိမ်မှုများရှိသည်။ အရှေ့တီမောခေါင်းဆောင်များက ၎င်းတို့သည်အင်ဒိုနီးရှားအပေါ်အရေးယူရေးကိုလုပ်ဆောင်မည်မဟုတ်ကြောင်း ပြောသည်။မစ္စတာဂတ်စမိုသည်ယခု အစီရင်ခံစာကိုကုလသမဂ္ဂမှအပြန်တွင် အင်ဒိုနီးရှားသမတစူစီလိုဘန်းဘန်းထံဝင်ရောက်ပေးအပ်ရန်စီစဉ်ခဲ့သော်လည်း ထိုခရီးစဉ်ကို အင်ဒိုနီးရှားအစိုးရကခွင့်မပြုခဲ့ပေ။ ❖

# ဟာ့ဂျ်ပွဲတော်တွင် မူဆလင်ဘုရားဖူးခရီးသည် (၃၀၀) ကျော် သေဆုံး

မိနာ (ဆော်ဒီအာရေးဘီးယား)

ဇန်နဝါရီ (၁၂) ရက်၊ မူဆလင်တို့၏ ဘာသာရေးဘာသာရေးပွဲတော် (ဟာ့ဂျ်)၏ နောက်ဆုံးရက်တွင် မူဆလင်ဘုရားဖူးခရီးသည် (၃၀၀) ခန့်သေဆုံးခဲ့ရပြီး (၁၀၀) ကျော်ခန့် ဒဏ်ရာရခဲ့သည်ဟု မီနာရှိဆေးဖက်ဆိုင်ရာဌာနတခုက ပြောသည်။

ကမ္ဘာတဝှမ်းမှ မူဆလင်ဘုရားဖူး နှစ်သန်းခန့်သည် မြင့်မြတ်သည့်မြို့တော်မက္ကာ၏ အပြင်ဖက်ရှိ မီနာသို့ စေတန်ကိုကျောက်



ဟာ့(ဂျ်) ပွဲတော်သို့လာရောက်သော အစ္စလာမ်ဘုရားဖူးများ

ခဲဖြင့် ပစ်ပေါက်ခြင်းဘာသာရေးပွဲတော်သို့ လာရောက်ခဲ့ကြသည်။

ဟာ့ဂျ်ပွဲတော်၏ နောက်ဆုံးနှင့် အန္တရာယ်အများဆုံးအစီအစဉ်ဖြစ်သည့် စေတန်၏ကျောက်တုံးအစီအစဉ်မှာ မကောင်းဆိုးဝါး စေတန်ကို သင်္ကေတပြုသည့် ကျောက်တိုင်ကို ခဲနှင့်ပေါက်ကြရခြင်းဖြစ်ရာ ဘုရားဖူးများက ၎င်းတို့ပစ်ပေါက်သောခဲများ စေတန်ကျောက်တုံးကိုထိမှန်စေရန် အလုအယက်ကြိုးစားကြရာမှ တယောက်နှင့် တယောက်နင်းမိကြပြီး သေဆုံးရခြင်းဖြစ်သည်။ "အော်ဟစ်သံတွေကြားလို့ ဘေးလှည့်ကြည့်တော့ လူတွေ တယောက်အပေါ်တယောက် ကျော်နေကြတာတွေ့ရတယ်။ ရဲတွေရောက်လာပြီး အဲဒီနေရာဝိုင်းပိတ်ထားလိုက်တယ်။ ပြီး အဲဒီ အနင်းခံရတဲ့သူတွေကို ဆွဲထုတ်သွားတာတွေ့ရတယ်။ လူတွေ ပုံနေတာပဲ။ များလွန်းလို့ ရေလို့တောင်မနိုင်ဘူး"ဟု အီဂျစ်ဘုရားဖူးတဦးဖြစ်သည့် ဆာ့ဒ်အဘူဟာမာဒါကပြောသည်။

(၂၀၀၄) ခုနှစ်ကလည်း ထိုပွဲတော်၌ ဘုရားဖူး (၂၄၁) ဦး သေဆုံးခဲ့ရသည်။

# မစ္စတာဖီဒယ်ကတ်စရိုက အမေရိကန်ဇာချရန်စမှုကို ပြင်းပြင်းထန်ထန်တုံ့ပြန်

ဟားဗားနားရှိ အမေရိကန်သံတမန်သံတမန်အဆောက်အဦးတခုတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သတင်းများကို လွှင့်ထုတ်ခြင်းဖြင့်ကျူးဘားအား သံတမန်ရေးထိုးစစ်တခုပေါ်ပေါ်ထင်ထင်လုပ်လာရာ သမတမစ္စတာဖီဒယ်ကတ်စရိုက "ကျုပ်အနေနဲ့ဒီရန်စမှုကိုတော့ သေသေချာချာခြိမ်းစိတ်ဖြာကြည့်ရလိမ့်မယ်၊ ဒီကို့ယိုးကားယားလုပ်ထားတဲ့ကိစ္စကို" ဟု ဇန်နဝါရီ (၂၀) ရက်က နိုင်ငံတော် ရုပ်မြင်သံကြားအစီအစဉ်တွင် ပြောသွားခဲ့သည်။ (၅) ပေခန့်အမြင့်ရှိသည့် အီလက်ထရောနစ် ဆိုင်းဘုတ်တခုကိုဟာဗားနားရှိ အမေရိကန်အကျိုးစီးပွားရေးရာဌာန (US Interest Section) အဆောက်အဦး၏ မျက်နှာစာတွင်ချိတ်ဆွဲပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း၊ အမေရိကလူ့အခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်း ၏ အတွေးအခေါ်များ စသည်တို့ကို လွှင့်ထုတ်ပြသရာ လမ်းသွားလမ်းလာများက တအံ့တဩကြည့် ရှုသွားကြသည်။ ထို (Usis)ဌာန က ဇန်နဝါရီ (၁၆) ရက်တွင်ထုတ်ပြန်သောကြေညာချက်တွင် "ကျနော်တို့ဟာကျူးဘားပြည်သူတွေ သတင်းအမှောင်ချထားခြင်းခံနေရတာကို ချိုးဖျက်ပစ်ဖို့ရည်ရွယ်ပါတယ်" ဟု ဖော်ပြသည်။



မစ္စတာဖီဒယ်ကတ်စရို

ဇန်နဝါရီ (၂၄) ရက်ညတွင် ထို ဌာနရှေ့သို့ ဘူဒိုဇာများရောက်လာပြီး မြေများတူးဆွကာ အဆောက်အဦးတခုဆောက်လုပ်ရန်ပြင်ဆင်ကြသည်။ ထိုဆောက်လုပ်ရေးလုပ်ငန်းခွင်ကိုသွားရောက်ကြည့်ခဲ့သော မစ္စတာကတ်စရိုကို ဂျာနယ်လစ်များကမည်ကဲ့သို့သောအဆောက်အဦးမျိုးဆောက်မည်နည်းဟုမေးမြန်းကြရာ မစ္စတာကတ်စရိုက "ကျုပ်ပြောပြရင် ခင်ဗျားတို့ဘယ်အံ့ဩရတော့မလဲဗျ"ဟု ပြန်ဖြေ၏။

ပြီးခဲ့သည့်လက မစ္စကွန်ဒိုလီဇာရိုက်စ်က အသက်(၇၉)နှစ်ရှိပြီဖြစ်သည့် မစ္စတာကတ်စရိုလွန်ပြီးနောက် ကျူးဘား၌ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် အတွက်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အမေရိကန်အစိုးရကော်မရှင်တရပ်နှင့်အစည်း အဝေးတခုတွင်ပြောကြားခဲ့သည်။ ကတ်စရိုက "အခုနာမည်ကျော်ကြားနေတဲ့ ဒီကော်မရှင်နဲ့ပတ်သက်ပြီး ကျနော်ပြောချင်တာက ဒီ (Usis) အဖွဲ့ဟာကမ္ဘာကြီးရဲ့လေးစားမှုကိုမခံထိုက်တဲ့ ကလေကဝအောက်တန်းစားတွေနဲ့ဖွဲ့ထားတဲ့အဖွဲ့ဖြစ်တယ်ဆိုတာပဲ။ ဟိုရှူးနေတဲ့မိန်းမပြောတဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုတာလဲပြဿနာမဟုတ်ဘူး။ ဒီလူတွေဟာလုံးဝအကျင့် စာရိတ္တပျက်ပြားနေကြတဲ့သူတွေပဲ။ တော်တော်သနားဖို့ကောင်းတဲ့လူတွေ" ဟု ကျူးဘားလွှတ်တော်တွင်ပြောကြားသွားသည်။

❖

# အီရတ်ရွေးကောက်ပွဲ ရှီးအိုက်တို့အနိုင်ရ၊ အစိုးရဖွဲ့နိုင်လောက်သည့် မဲအရေအတွက်မရရှိ

ပြီးခဲ့သည့်လကကျင်းပခဲ့သည့် အီရတ်အထွေထွေရွေးကောက်ပွဲတွင် ရှီအိုက်ဘာသာရေးပါတီများက အနိုင်ရရှိခဲ့သည်။ သို့သော်လည်း အစိုးရဖွဲ့နိုင်လောက်သည့် အများစုမဲအရေအတွက်ကိုမရရှိခဲ့ပေ။

ရှေးရိုးစွဲရှီအိုက်ညီညွတ်ရေးအီရတ်မဟာမိတ်အဖွဲ့ ( Shi'ite United Iraqi Alliance) က လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ (၂၇၅) နေရာအနက် (၁၂၈) နေရာရပြီး ကာ့ဒ်မဟာမိတ်များက (၅၃) နေရာရရှိခဲ့ရာ သမတရွေးကောက်ရန်နှင့် အစိုးရဖွဲ့ရန်အတွက်လိုအပ်သည့် မဲသုံးပုံနှစ်ပုံရရန် (၃) မဲလိုသည်။ အမျိုးသားအားလုံးကို ကိုယ်စားပြုသည့် ညီညွတ်သည့်အစိုးရတရပ်ကို ဖွဲ့စည်းနိုင်ရန်အတွက် ရှီအိုက်များက အနည်းဆုံးဆွန်နီအာရပ်ပါတီတခုကို ကမ်းလှမ်းမည်ဟုမျှော်လင့်နေကြသည်။

ဆွန်နီအမျိုးသားသင့်မြတ်ရေးတပ်ဦး ( National Concord Front) က (၄၄) နေရာရရှိပြီး အခြားဆွန်နီအဓိကပါတီတခုဖြစ်သောဆာလာအယ်မှတ်လက်၏ အမျိုးသားတွေဆုံဆွေးနွေးရေးတပ်ဦး (National Dialogue Front) က (၁၁) နေရာရရှိသည်။

ယခုရွေးကောက်ပွဲမှဖြစ်ပေါ်လာမည့် အစိုးရသည်လာမည့် (၄) နှစ်တာကာလတွင် အုပ်ချုပ်မည်ဖြစ်ပြီး ဆက်ဒမ်အစိုးရပြုတ်ကျချိန်မှစတင်၍ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော ကြားဖြတ်အစိုးရ၏ အခန်းကဏ္ဍကိုအဆုံးသတ်သွားစေမည်ဖြစ်သည်။

ဒီဇင်ဘာ (၁၅) ရက် လွှတ်တော်ရွေးကောက်တင်မြှောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ (၇၀) ရာခိုင်နှုန်းလာရောက်မဲပေးကြသည်။ ဆွန်နီအာရပ်လူနည်းစုများပါလာရောက်မဲဆန္ဒပေးခဲ့သည်။

ရွေးကောက်ပွဲကိုအောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပြီး လူများစုဆန္ဒကို ကိုယ်စားပြုသည့်အစိုးရတရပ်ကို ဖွဲ့စည်းနိုင်မည်ဆိုလျှင် တိုင်းပြည်၌ လက်တလောဖြစ်ပွားနေသည့် တင်းမာနေသည့် အခြေအနေများကိုထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး ပြိုကွဲနေသည့် တိုင်းပြည်စီးပွားရေးနှင့် အမျိုးသားအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်လိမ့်မည်ဟု အများကယုံကြည်နေကြသည်။ ရွေးကောက်ပွဲတွင် မဲလိမ်မှုများကို ဆွန်နီပါတီများနှင့်မစ္စတာအာလာဝီ၏ ပါတီတို့ကကျယ်ကျယ်လောင်လောင်ပြောဆိုလာမှုကြောင့် ရွေးကောက်ပွဲဖြင့်အီရတ်အခြေအနေကိုကုစားရန်ဆိုသည့်အခြေအနေမှာသံသယပွားလာရသည်။

ရွေးကောက်ပွဲကော်မရှင်၏တလကြာစုံစမ်းစစ်ဆေးမှုက မဲဆန္ဒပေးရာတွင် ဥပဒေနှင့်မညီညွတ်သည့်မဲလိမ်မှုမှာ (၁) ရာခိုင်နှုန်းအောက်တွင်ရှိသည်ဟုအဖြေထွက်သည်။

❖

# မင်ဒဲလားလို ရန်သူနဲ့စကားပြောနိုင်ရေး



ဂါမဏိဘာသာပြန်တဲ့ မစ္စတာနယ်လ်စင်မင်ဒဲလားရဲ့ ရန်သူနှင့်စကားပြောခြင်းဆိုတဲ့စာအုပ်ကိုဖတ်မိတော့ ဒီစာအုပ်ဒီအချိန်မျိုးမှာ ထွက်လာတာလိုအပ်ချက်နဲ့ကိုက်ညီပေစွလို့ကောက်ချက်ချမိတယ်။ အဓိကအကြောင်းကတော့ ဗမာပြည်ရဲ့ ဒီနေ့အနေအထားမှာ တောင်အာဖရိကရဲ့သမိုင်းထဲကဘာများအတုယူစရာ၊ သင်ခန်းစာယူစရာတွေရှိသလဲလို့သုံးသပ်ရအောင်ပါ။ နောက်ပြီးဗမာပြည်နဲ့ တောင်အာဖရိက၊ မင်ဒဲလားနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို မျဉ်းပြိုင်ဆွဲပြီးကောက်ချက်ချတာတွေကလည်း မနည်းဘူးမဟုတ်လား။ တချို့သင်တန်းတွေထဲမှာလည်း တွေ့လိုက်မိတယ်။ အခုတော့ တူတာရော၊ မတူတာရော အတော်လေးတွေ့ရတာပေါ့။

ယေဘုယျတူတာက ရန်သူဟာ မျက်စေ့စုံမှိတ်ပြီး မိုက်တွင်းနက်တာမှာတူတယ်။ အာဏာအတွက် နောက်ဆုံးအချိန်အထိ အသေအလဲ ရန်းကန်လေ့ရှိတယ်။ တော်ရုံတန်ရုံပေးတဲ့ဖိအားဆိုရင်လည်းမမြင်ဘူး။ တောရုံတန်ရုံအသံဆိုရင် မကြားဘူး။ သူတို့အားကိုးတဲ့ (အနောက်အုပ်စုကိုယ်တိုင်က) ဖိအားပေးနားချလာမှပဲ သူတို့အခြေအနေမဟန်ဘူးဆိုတာကို မြင့်လေ့ရှိပြီး (အဲဒီတုန်းက အရှေ့အုပ်စုကအားပေးနေတဲ့) လက်နက်ကိုင်တိုက်ပွဲရဲ့ သေနတ်သံ ဗုံးသံတွေကြားရမှနားပင်းနေတာ ပျောက်လေ့ရှိတယ်။

ဒါဖြင့်ဗမာပြည်မှာ အဲဒီလိုအခြေအနေရောက်အောင် လုပ်နိုင်ကြပြီလား။ မလုပ်နိုင်ဘူး။ ဘာကြောင့် မလုပ်နိုင်တာလဲ။ အဓိကက ခေတ်ချင်းမတူတော့လို့ပဲ။ မင်ဒဲလားတို့ရဲ့ အာဖရိကအမျိုးသားကွန်ဂရက်ခေါ် အေအင်န်စီလှုပ်ရှားတဲ့ခေတ်က စစ်အေးခေတ်ဖြစ်တယ်။ ကျနော်တို့ ဒီနေ့လှုပ်ရှားရနေတာက စစ်အေးလွန်ခေတ်။ ခြားနားတာတွေအများကြီးပဲ။ တောင်အာဖရိကမှာက အနောက်ရဲ့ အရင်းအနှီးတွေအများကြီးပဲ။ တောင်အာဖရိကရဲ့ အဓိကစီးပွားရေးအသက်သွေးကြောတွေကို ချုပ်ကိုင်ထားတယ်လို့တောင် ပြောနိုင်တယ်။ ဥပမာ– တောင်အာဖရိကရဲ့ အဓိကထွက်ကုန်တွေဖြစ်တဲ့ စိန်နဲ့ရွှေတို့ရဲ့ အဓိကဈေးကွက်ဟာ ဥရောပမှာ။ ဒါကြောင့် အနောက်က တင်းရင် အဲဒီတုန်းက လူဖြူအာဏာရှင်တွေကြာကြာ မခံနိုင်ဘူး။ ဗမာပြည်မှာ အဲဒီအနေအထားမရှိဘူး။ နောက်ပြီး ဒီနေ့လိုကမ္ဘာ့အခင်းအကျင်းသစ်အတွက် အင်အားရှိတဲ့နိုင်ငံတွေ နေရာလုနေကြချိန်မှာ ဘယ်သူမှ ဗမာပြည်က ကိစ္စလောက်ကို အရေးတကြီးထားပြီး ဦးစားပေးမစဉ်းစားဘူး။ ဟိုတုန်းက အရှေ့အုပ်စုကအားပေးတဲ့ လက်နက်ကိုင်တိုက်ပွဲရဲ့ သေနတ်သံ၊ ဗုံးသံဆိုတာလည်း မကြားရသလောက်နီးပါးဖြစ်နေတယ်။ အမျိုးသားလွတ်လပ်ရေးနဲ့လွတ်မြောက်ရေးတိုက်ပွဲတွေကို အားပေးတဲ့ အာဏာရနိုင်ငံဆိုတာလည်း အခုအခါမရှိသလောက်ပဲ။ (ဒီစာအုပ်ရဲ့ စာမျက်နှာ ၉၃မှာ "လက်နက်ကိုင်တိုက်ပွဲရဲ့ အရှိတရားနဲ့ ခြိမ်းခြောက်မှုကြောင့် အစိုးရဟာ စေ့စပ်ဆွေးနွေးရေးနှုတ်ခမ်းကို ရောက်လာတာဖြစ်တယ်" လို့ မင်ဒဲလားက ထောက်ပြထားတယ်။)

နောက် အရေးကြီးတဲ့ မတူတဲ့အချက်တခုက သူတို့ရဲ့ ရန်/ငါ နဲ့ ဗမာပြည်ရဲ့ ရန်/ငါ မတူဘူး။ သူတို့က လူဖြူ–လူမည်းပြဿနာ၊ ပဝတ္တိသားလူဖြူနဲ့ ဇာတိသားကျွန်လုပ်ခံရသူလူမည်းတွေရဲ့ ပဋိပက္ခဖြစ်တယ်။ ရန်/ငါစည်းဟာရှင်းတယ်။ ဗမာပြည်မှာ ဒုတိယကမ္ဘာစစ်တုန်းက ဖက်ဆစ်ဂျပန်ကိုတော်လှန်ကြတုန်းကလိုပဲ။ ဒီနေ့ပဋိပက္ခမှာကျတော့ လူမျိုးတူ၊ ဘာသာတူ ဖြတ်သန်းမှုတွေတူကြတယ်။ တနိုင်ငံတည်းသားချင်း ဖြစ်နေကြတာ။ ရန်/ငါစည်းက မကြည်လင်လှဘူး။

နောက်အရေးကြီးတဲ့ မတူတဲ့အချက်တခုက အဲဒီတုန်းက တောင်အာဖရိကနိုင်ငံရဲ့ အိမ်နီးချင်းနဲ့ ကျနော်တို့အိမ်နီးချင်း၊ သဘောထားချင်းမတူဘူး။ သူတို့ အိမ်နီးချင်းတွေအားလုံးက လူမည်းချည်းပဲ။ တချို့က ဆိုရင်အာဏာရနေကြတာ။ သူတို့ကအေအင်န်စီကိုထောက်ခံယုံမက လက်နက်ကိုင်တိုက်ပွဲကိုတောင် လက်တွေ့ကူညီနေကြတယ်။ မင်ဒဲလားတို့ရော တခြားအတိုက်အခံတွေပါ



နယ်စပ်တွေကို ကူးချည်သန်းချည် သွားလာလှုပ်ရှားနေခဲ့ကြတယ်။ ဒါကြောင့် အတိုက်အခံတွေဟာ အိမ်နီးနားချင်းနိုင်ငံတွေမှာ အစကတည်းက ရွှေညော်သည်။ နောက်အခြေအနေကောင်းလို့ ကိုယ့်အိမ်ကို အိမ်ပြန်တဲ့အချိန်အထိ ရွှေညော်သည်ပဲ။ ဗမာပြည်က အတိုက်အခံတွေရဲ့ဘဝကတော့ သိတဲ့အတိုင်းပဲ။ အကျယ်ချဲ့ရေးဖို့မလိုဘူး။ ဆိုလိုတာ ပြည်ပကသူတို့ရတာဟာ တက်ကြွတဲ့အကူအညီဖြစ်တယ်။

နောက်မတူတာက သူတို့အနီးအနားမှာ အင်အားကြီးနိုင်ငံ တခုမှမရှိဘူး။ ဗမာပြည်အနားမှာက တရုတ်၊ အိန္ဒိယရှိတယ်။ နောက်ပြီးခပ်လှမ်းလှမ်းမှာ ဂျပန်ရှိတယ်။ အရင်ကဆိုရင် ဒီအနီးအနားမှာ ဆီးတိုးနဲ့ စင်တိုးစစ်အုပ်စုတွေလည်းရှိတယ်။ ဒါကြောင့် အမေရိကန်နဲ့ ဆိုဗီယက်ရဲ့ အားပြိုင်မှုဒဏ်ကိုလည်းခံရတယ်။ ဒီနိုင်ငံကြီးတွေရဲ့ အကျိုးစီးပွားတွေကများပြားလွန်းပြီး အပြောင်းအလဲတွေကလည်း ခဏခဏ၊ ဒါတွေလိုက်ပြီး ဗမာပြည်သူတွေရဲ့ တိုက်ပွဲတွေအပေါ်မှာ သူတို့ရဲ့သဘောထားတွေဟာလည်း အမြဲပြောင်းလဲနေတယ်။ အဲဒီဂယက်ဟာ မသေးလှဘူး။

မတူတာတွေကိုသာ တန်းစီရေးရရင် အများကြီးပဲ။ ကုန်နိုင်စရာမရှိဘူး။

ဒီစာအုပ်ထဲမှာ စိတ်ဝင်စားစရာ ကိစ္စတခုကို ထောက်ပြဖို့လိုတယ်။ အဲဒါက မင်ဒဲလားရေးပြထားတဲ့ တောင်အာဖရိကရဲ့ (၇၅) နှစ်ကျော်ပြဿနာကို ဖြေရှင်းဖို့ ရန်/ငါ စကားပြောရာမှာ လူဖြူအစိုးရနဲ့ အေအင်န်စီတို့အကြားမှာ ထစ်နေတဲ့ အချက်ကြီး (၃) ချက် ဆိုတာပဲ။ အဲဒါတွေက (၁) လက်နက်ကိုင်တိုက်ပွဲကိစ္စ (၂) အေအင်န်စီက ကွန်မြူနစ်နဲ့ မဟာမိတ်ပြုနေတဲ့ကိစ္စနဲ့ (၃) လူများစု အုပ်ချုပ်ရေးကိစ္စတို့ ဖြစ်တယ်။ ဗမာပြည်မှာ နအဖနဲ့ စကားပြောရတယ်ဆိုရင် မင်ဒဲလားရေးတဲ့ နံပတ် (၃) အချက်ကိုပဲပြောကြဆိုကြရမှာ။ သူတို့ကတော့ အာဏာရ လူဖြူအနည်းစုနဲ့ အာဏာမဲ့ လူမဲအများစုကြီးကိစ္စကို ပြောရတယ်။ ဒါဟာ 'အာဏာပြဿနာ' ပဲ။ ဗမာပြည်မှာလည်း အာဏာကိစ္စပဲ အဓိကပြောရမှာ။

ဗိုလ်သန်းရွှေတို့က (၁၀၄) ချက် အခြေခံဥပဒေနဲ့စစ်အုပ်စုလက်ကို တရားဝင်အာဏာအပ်ဖို့လုပ်နေတာဖြစ်တယ်။ ကျန်တဲ့ အတိုက်အခံတွေ ပြောနေတာက အာဏာကို ပြည်သူလူထုက ရွေးကောက်သူလက်အပ်ဖို့ဖြစ်တယ်။ ဒါဟာ နှစ်ဖက်အဓိက တင်းမာနေတဲ့အချက်ပဲ။ ကျန်တာတွေကိုတော့ နှစ်ဖက်စလုံး အပေးအယူလုပ်နိုင်တယ်ထင်တယ်။ ဒီလိုညှိနှိုင်းကြရာမှာ အချိန်ယူလုပ်ရမယ်၊ အဆင့်တွေရှိရမယ်ဆိုတာကို လူတော်တော်များများက သဘောတူကြ၊ လက်ခံကြတယ်။ ဒီမိုကရေစီယာယီညွန့်ပေါင်းအစိုးရ၊ မဟာဦးဆောင်အဖွဲ့ကြီး၊ ကြားဖြတ်အစိုးရစသဖြင့်အကြံပြုနေကြတာတွေကို အခုတလောမှာ ထောင့်အသီးသီးကနေ ကြားနေရတယ်။ ဒါတွေဟာ အပြုသဘောဆောင်တဲ့၊ စေတနာပါတဲ့ အားထုတ်မှုတွေဖြစ်တယ်။ ဒီအဆိုပြုချက်အားလုံးဟာ တပ်မတော်ကို ချန်ထားတာမဟုတ်ဘူး။ ဒီယာယီကာလတခုမှာ တပ်မတော်ပါ ပါဝင်ပြီး လုပ်ဖို့တင်ပြကြတာတွေချည်းပဲ။ ဒါပေမယ့် နအဖဟာ ဒီအသံတွေကို မသိကျိုးကျွံပြုနေတယ်။ သူတို့ဟာ လက်တွေ့ကို မျက်မှောက်ပြုရမှာလန့်နေကြတယ်။ အာဏာကို စစ်အုပ်စုလက်ထဲမှာ ထာဝရထိန်းထားရေးဆိုတဲ့ သူတို့ရဲ့ စိတ်ကူးယဉ်ကမ္ဘာထဲမှာပဲ တံခါးပိတ်နေဖို့ကြိုးစားနေကြတယ်။

မင်ဒဲလားစာအုပ်ရဲ့ စာမျက်နှာ (၇၂) မှာ သူက ဒီကလပ်ကို ရှေ့ဆက်တိုးနိုင်ရေးအတွက် ဒီအချက်တွေလုပ်သင့်တယ်လို့ပြောခဲ့တယ်။ အဲဒါက"ရှေ့ဆက်လှမ်းဖို့အကောင်းဆုံးနည်းလမ်းကတော့ အေအဲန်စီနဲ့ တခြားတခြားနိုင်ငံရေးအဖွဲ့အစည်းတွေကို ပိတ်ပင်ထားတာပယ်ဖျက်၊ အရေးပေါ်အခြေအနေရုပ်သိမ်း၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်၊ ပြည်ပရောက်တွေ ပြန်လာခွင့်ပေးဖို့ဖြစ်တယ်။" ဒါကသူတို့နိုင်ငံနဲ့ သူတို့အခြေအနေအရ သူကပြောတာ။ ဗမာပြည်ဆိုရင်တော့ အောက်ပါအတိုင်းတင်ရမယ်ထင်တယ်။

– မတရားသင်းကြေညာထားတာအားလုံးရုတ်သိမ်းပြီး တရားဝင်ခွင့်ပြန်ပေးရေး

– နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး

– ချုပ်ချယ်တဲ့ဥပဒေအမျိုးမျိုးကို ရုတ်သိမ်းရေး

– တပ်မတော်စစ်သည်တွေ အုပ်ချုပ်ရေးဌာနတွေမှာ ဝင်ပါနေတာကို သင့်တော်စွာနေရာပြန်လည်ချထားရေး

ဗိုလ်သန်းရွှေတို့ဟာ သူတို့အာဏာတည်မြဲရေးအတွက် အမျိုးမျိုးအကြံတွေထုတ်နေကြတယ်။ ဒီတော့ အတိုက်အခံတွေကလည်း မိမိတို့ရဲ့ ရည်မှန်းချက်အောင်မြင်အောင် နည်းနာအမျိုးမျိုးကို စဉ်းစားရမှာပဲ။ တလောက ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လွတ်လပ်ရေးအထိမ်းအမှတ်စကားရည်လုပွဲတွေလုပ်တော့ "ဗမာပြည်ပြဿနာကို ဖြေရှင်းဖို့အတွက် တွေ့ဆုံဆွေးနွေးခြင်းအပြင် တခြားနည်းနာရှိသေးသလား" ဆိုတဲ့ ခေါင်းစဉ်ကို နှစ်ဖက်အခြေအတင်ပြောကြတယ်လို့ကြားရတယ်။ ဒါဟာ ကောင်းတဲ့ ဦးနှောက်လှုပ်ရှားခြင်းပဲ။

မစ္စတာမင်ဒဲလားက ဒီစာအုပ်ရဲ့ စာမျက်နှာ (၄၉) မှာ အခုလိုရေးထားတယ်– "တိုက်ပွဲသဏ္ဌာန်သတ်မှတ်သူဟာ ဖိနှိပ်သူသာ အစဉ်အမြဲဖြစ်ပြီး အဖိနှိပ်ခံတွေက သတ်မှတ်ဆုံးဖြတ်တာမဟုတ်ဘူး"။ ဒါဟာ ဗမာပြည်မှာ ကွန်မြူနစ်တွေအပေါ် တချို့အတိုက်အခံတွေ ပြောနည်းနဲ့ တထပ်တည်းဖြစ်နေတာပဲ။

တိုက်ပွဲသဏ္ဌာန်ပြဿနာကို စဉ်းစားကြ၊ ဆွေးနွေးကြတာဟာလည်း အချိန်အခါနဲ့ ကိုက်ညီတဲ့ကိစ္စပါပဲ။ ❖

## ဦးအောင်ဒင်၏ သုံးသပ်ချက်မှ ...

အာဆီယံ တွေကိုက သူ့တို့ရဲ့ (Constructed Engage Policy) ကနေပြီးတော့ အဖြေရဖို့ အဖြေတခု အမြန်ဆုံးရဖို့တာဝန်ရှိတယ်ဆိုတာ သူတို့အနေနဲ့မငြင်းဆန်နိုင်လောက်အောင်တော့လက်ခံလာကြတယ်။ ဒီလက်ခံမှုရဲ့အတိုင်းအတာကိုအခု ကျနော်တို့တွေ့နေရပြီး အာဆီယံနိုင်ငံတွေက နအဖကိုဖိအားပေးပြီးတော့ မြန်မာနိုင်ငံကြောင့် ငါတို့အာဆီယံတဖွဲ့လုံး ဂုဏ်သိက္ခာညှိုးနွမ်းနေရတာ အရှက်ရနေရတာ အမေရိကန်ပြည်ထောင်စုရဲ့ ဖိအားပေးမှုခံနေရတာတွေက လွတ်မြောက်ဖို့ ကြိုးစားနေတာ ကျနော်တို့တွေ့နေရတယ်။ ဒါတွေအားလုံးဟာ အမေရိကန်ပြည်ထောင်စုရဲ့ သံတမန်ပိုင်းအရ လှုပ်ရှားမှုတွေမြင့်မားလာတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးရာပေါ်လစီမှာ မြန်မာနိုင်ငံဟာ အင်မတန်အရေးကြီးတယ်၊ အထူးအလေးပေးတဲ့ ကဏ္ဍတခုကိုရောက်ရှိလာပြီးတော့ အမေရိကန်ပြည်ထောင်စုအစိုးရရဲ့ မြန်မာနိုင်ငံအပြောင်းအလဲ ပြဿနာကို အမေရိကန်ပြည်ထောင်စုအစိုးရရဲ့ ဦးဆောင်မှုနဲ့ဆောင်ရွက်ဖို့ဆိုတဲ့ လှုပ်ရှားမှုတရပ်ဟာအခုအချိန်မှာ အမြင့်ဆုံးရောက်ရှိနေပြီးဒါတွေဟာဖြင့် ပထမမေးခွန်းဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု ပေါ်လစီအပြောင်းအလဲနဲ့ပတ်သက်ပြီး ကျနော်ရှင်းပြတာပါ။

*အာဆီယံနှင့် အီးယူနိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီကို နောက်လဆက်လက်ဖော်ပြသွားပါမည်။*

○ ○ ○

## စာမျက်နှာ (၄) ဆောင်းပါးမှ ...

မိပါသည်။ ဒီလိုနဲ့ဆရာဟာ တိုက်ရေယာဉ် (၁၀၃) နစ်မြုပ်ပြီးပင်လယ်ထဲမှာ ရက်ပေါင်းများစွာ မျောပါနေတာတောင်မသေဘဲ (၁၉၉၁) ခုဇွန်လ (၉) ရက်နေ့မှာ နိုင်ငံရေးအကျဉ်းသားဘဝဖြင့် ခက်ခဲကြမ်းတမ်းတဲ့ဘဝကိုဖြတ်သန်းရင်း ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် အသက်စွန့်သွားခဲ့ပါသည်။

ဆရာကျဆုံးတဲ့နေ့က နောက်ဆုံးအခြေအနေကို ကျနော်ကြားလိုက်ရတယ်။ အဲဒီနေ့ကမိုးဖွဲ့ဖွဲ့ရွာနေတယ်။ ဆရာ့ကို လူနာတင်ကတ်နဲ့ ထောင်ဆေးရုံမှအပြင် ဆေးရုံသို့ အပို့ လမ်းမှာတောက်တခေါက်ခေါက်နဲ့ပါသွားတယ်။ ပြီးတော့ ဆရာကျဆုံးသွားတယ်ဆိုတဲ့သတင်းဆိုးက ကျနော့်ကို အကြီးအကျယ်တုန်လှုပ်သွားစေတယ်။

"ဆရာမောင်သော်က ကောင်းရာ သုဂတိလားပါစေ"

အကယ်၍

မင်းရဲ့အမှန်စကားတွေကို

လူလိမ်လူညာတွေကလှည့်စားပြောင်းလဲပြီး

မုသားအဖြစ်ထောင်ချောက်ဆင်တဲ့အခါ

မင်းဟာတည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်။

စာဆိုတော်ရာသီရောက်တိုင်း ဆရာမောင်သော်ကအား ဒီဆောင်းပါးဖြင့် အမှတ်တရဂုဏ်ပြုပါသည်။

❖

# နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားကိုဖြတ်တောက် မကျန်းမာသောစာရေးဆရာကိုထောင်ချ

စစ်အုပ်စုသည် အပတ်စဉ်ထုတ်ဂျာနယ်နှစ်စောင်ကို ဆင်ဆာဖြတ်တောက်ခြင်းနှင့် ကျန်းမာရေးမကောင်းသော လွှတ်ရက်စေ့နေသော စာရေးဆရာများကို ဆက်လက်ထောင်ချထားခြင်းဖြင့် ၂၀၀၅ ခုနှစ်ကို အဆုံးသတ်လိုက်သည်ဟု ဇန်နဝါရီလ (၂၆) ရက်နေ့တွင်ထုတ်ပြန်သော နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (RSF) နှင့် မြန်မာ့သတင်း သမဂ္ဂ (BMA) တို့က ပူးတွဲကြေညာတွင် ဖော်ပြထားသည်။

မြန်မာ့စာနယ်ဇင်းသမားများ''အဓိက ခံစားနေရသောအခက်အခဲနှစ်ရပ်မှာ ဆင်ဆာပြတ်တောက်ခံနေရခြင်းနှင့် သတင်းသမားများထောင်ချခံနေရခြင်းဖြစ်သည်'' ဟုရေးသားထားပြီး၊ နအဖစာပေ စိစစ်ရေးသည် ယမန်နှစ် ဒီဇင်ဘာလထုတ်၊ ရန်ကုန်ပို့စ်ဂျာနယ်တွင်ဖော်ပြခဲ့သည့် မော်လင်း၊ ဘိုဘိုနှင့်ဇော်သက်ထွေး စသောစာနယ်ဇင်းသမားများ၏ နှစ်သစ်ကူး နှုတ်ဆက်စကားများကို ဖြတ်တောက်ပစ်ခဲ့သည်ဟုဆိုသည်။

အလားတူ ဒီဇင်ဘာ (၂၅) ရက်နေ့ထုတ် ဝိကလီးအလဲဗင်းဂျာနယ်၏ 'ထင်ရှားကျော်ကြားသော ၂၀၀၅'ကဏ္ဍပါ လူထုဒေါ်အမာ၊ လူထုစိန်ဝင်း၊ စီးပွားရေးသမားဦးတေဇနှင့် အနုပညာရှင် မောင်သန်းစိန်တို့၏အကြောင်းကို စာပေစိစစ်ရေးက ဖယ်ရှားခိုင်းခဲ့ပြီး၊ နာမည်ကြီးစာရေးဆရာမောင်စူးစမ်း၏ ဓာတ်ပုံကိုလည်းဖြတ်တောက်ခဲ့သည်ဟု ဆိုသည်။

ထို့အပြင် မာဂျေကလောင်အမည်ဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ပျဉ်းမနားသို့ ဝန်ကြီးရုံးများပြောင်းရွှေ့သည့်အကြောင်းနှင့် အမျိုးသားညီလာခံအကြောင်းများကိုရေးသားခဲ့သည့် လေကြောင်း ဦးစီးဌာန ဒု- ညွှန်ကြားရေးမှူး ဗိုလ်မှူးဝဏ္ဏ၊ ရာထူးမှ ဖယ်ရှားခံခဲ့ရသည့်အကြောင်းနှင့် ကျန်းမာရေးအခြေအနေဆိုးရွားနေသည့် စာရေးဆရာသန်းဝင်းလှိုင်အား လွှတ်ရက်စေ့သော်လည်း ပြန်လွှတ်မပေးသည့်အကြောင်းကို ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

နအဖ၏ စာပေစိစစ်ရေးသည် မကြာခင်ကလည်း ကိုကိုကြီးအပါအဝင် ကျောင်းသားခေါင်းဆောင်များ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို ရောင်စုံဓာတ်ပုံများနှင့်တကွဖော်ပြခဲ့သော ရန်ကုန်ပို့စ်ဂျာနယ်ကို နောက်နောင်ဤသို့မလုပ်ရန် ခေါ်ယူသတိပေးခဲ့ကြောင်း ခေတ်ပြိုင်သတင်းကဆိုသည်။

နိုင်ငံရေးနှင့်ပတ်သက်သူများကို ဓာတ်ပုံများနှင့်တကွဖော်ပြခဲ့ခြင်းကြောင့် စိစစ်ရေးက ဂျာနယ်မှစီစဉ်သူများကို နောက်တကြိမ်ဆိုလျှင် ထုတ်ဝေခွင့်လိုင်စင် သိမ်းပစ်မည့်အပြင် လူကိုပါထောင်ချမည်ဟု ပြောကြောင်း သတင်းကဆိုသည်။

ဂျာနယ်များတွင်ဖော်ပြသော စာမူများအားလုံးသည် စိစစ်ပြီးမှ ပုံနှိပ်ဖော်ပြရသည်ဖြစ်သောကြောင့် ဖော်ပြသူများ၌ တာဝန်မရှိဘဲ ယခုကဲ့သို့ ခေါ်ယူကြိမ်းမောင်းခြင်းသည် အနိုင်ကျင့်ခြင်းသာဖြစ်ကြောင်း ရန်ကုန်မှ ဂျာနယ်အယ်ဒီတာတဦး၏အပြောကို သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

စစ်အုပ်စုသည် ယခုတလောတွင် ဂျာနယ်များအား အတင်းအကျပ်မထည့်မနေရ ပေါ်လစီဆောင်းပါးများ ထည့်ခိုင်းနေပြီး၊ (၂)မျက်နှာခန့်ရှည်သော ပေါ်လစီဆောင်းပါးများကြောင့် ဂျာနယ်ပိုင်ရှင်များနှင့် အယ်ဒီတာများစိတ်ပျက်နေကြသည်ဟု သတင်းကဆိုသည်။

နအဖပေါ်လစီဆောင်းပါးရှင် စိုးမြကျော်ရေးသား၍၊ ဂျာနယ်များတွင် အခန်းလိုက်ဖော်ပေးနေရသော အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရဆောင်းပါးသည်အနည်းဆုံး (၂) မျက်နှာရှည်သဖြင့် ယခင်က ပါဝင်နေကျသတင်းနှင့်ဆောင်းပါများ လျှော့ချနေရသည်ဟု အယ်ဒီတာတဦးက ညည်းသည်။

ဂျာနယ်များတွင် ယခင်လည်း (၁) မျက်နှာစာပေါ်လစီဆောင်းပါးများကို မဖြစ်မနေဖော်ပြပေးခဲ့ရသော်လည်း ပြီးခဲ့သည့် ညီလာခံကာလကချဲပေးခဲ့သော အမျိုးသားညီလာခံတွင်ဆွေးနွေးသည်ဆိုသော အခြေခံဥပဒေဆောင်းပါးရှည်များကြောင့် ဂျာနယ်အယ်ဒီတာများစိတ်ပျက်နေကြသည်။ ❖

BINA
Burma Independent News Agency
မိုးကြိုး သတင်းစဉ် သို့

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ မှထုတ်ဝေဖြန့်ချီသည်။

**အယ်ဒီတာချုပ်**
ဇော်ဝေဖိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊ ဘုန်းမြင့်

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

စာမျက်နှာ (၈) ဖွန်မှိုင်းဆောင်းပါးမှ ...

အချုပ်ခန်းထဲကနေကယ်ထုတ်၊ ကိုယ့်တပ်ကိုယ် ပြန်ပစ်ပြီးသစ္စာဖေါက်တာကိုပဲ သူရဲကောင်းတယောက် အမြင်မှန်ရသွားတဲ့ ပုံမျိုး စောဆေးကပေါ်ဆိုတဲ့ ဇာတ်ရုပ်ကို လုပ်ခိုင်း၊ ဒဏ်ရာရနေတဲ့ ဗိုလ်မှူးကျော်စွာကို ဘေးလွတ်ရာ ကယ်ထုတ်သွားဖို့ စောဆေးကပေါ်ကိုပြောပြီး ပြေးလမ်းရအောင် အသေခံပြီး ခုခံတိုက်ခိုက်နေတဲ့ ရဲဘော်ထွန်းကျော်ရဲ့ ရဲရင့်ပြောင်မြောက်ပုံကိုရိုက်ပြ။

ဇာတ်ကားထဲကအခေါ် (ကရင်သောင်းကျန်းသူတို့ရဲ့) လက်ချက်နဲ့ ရဲဘော်ထွန်းကျော် လျှိုလေးတခုရဲ့ရေအိုင်ထဲမှာ ကျသွားတဲ့အခါ .... သူ့အကျီအိတ်ထဲမှာ အမြဲတမြတ်တနိုးသိမ်းဆည်းထားတဲ့ သူ့အမေရဲ့ ဓါတ်ပုံလေး ရေထဲမှာပေါလောမျောနေတာကိုရိုက်ပြ။ ဒီရိုက်ချက်ကတော့ ပရိတ်သတ်ရဲ့ Heart ကို တည့်တည့်ထိတဲ့ရိုက်ချက်ပါပဲ။

ဘာကြောင့်ဆို .... အဲဒီပေါလောမျောနေတဲ့ဓါတ်ပုံလေးက.... နော်ဖော့လူရဲ့ဓါတ်ပုံဖြစ်နေတာကိုး။

ရဲဘော်ထွန်းကျော်ဟာ နော်ဖော့လူရဲ့ သားဆိုရင်.... ထွန်းကျော်ရဲ့အဖေဟာဘယ်သူလဲ။ ဒီမေးခွန်းကို လူတိုင်းမေးဖြစ်သွားတဲ့ အထိ ဒီဇာတ်ကားဟာ ပရိသတ်ကိုဆွဲခေါ်သွားနိုင်ခဲ့ပါတယ်။

ကရင့်အမျိုးသားတော်လှန်ရေးကို အနုပညာမြောက်မြောက်ပုံဖျက်ထားတဲ့ ကားတကားဆိုတာ တဖြည်းဖြည်းချင်းမှသိလာခဲ့ရတယ်။ ငယ်ငယ်တုန်းကတော့ ကလေးဆိုတော့ အဲဒီလောက်မမြင်ခဲ့တာ ကျနော်အမှန်ဝန်ခံရမှာပါ။

(၆)

*''ကရင့်အမျိုးသားအပေါင်းတို့.... တပ်ဗိုလ်၊ တပ်မှူး၊ ရဲဘော်အပေါင်းတို့ ....*

*ဒီနေ့ဇန်နဝါရီ (၃၁) ရက်နေ့မှာ ကရင်အမျိုးသားတွေရဲ့ ခုခံတော်လှန်စစ် (၅၇) နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ အမှန်မှာ ကရင်အမျိုးသားတွေရဲ့ အရေးအခင်းသည် နိုင်ငံရေးပြဿနာဖြစ်သည့်အားလျော်စွာ ကရင်အမျိုးသားခေါင်းဆောင်များမှ၊ နိုင်ငံရေးအရ ငြိမ်းချမ်းစွာအဖြေရှာရေးအတွက်လှုပ်ရှားကြိုးပမ်းခဲ့ကြပါသည်။ သို့ရာတွင် အုပ်စိုးသူ ဖဆပလအစိုးရက ကရင်အမျိုးသားများ၏ လှုပ်ရှားမှုကို အမြစ်ပြတ်ချေမှုန်းရန် စစ်ရေးအရ အမှတ်တိုက်ခိုက်လာမှုကြောင့် လက်နက်ကိုင်တော်လှန်ရေးဖြစ်ပေါ်လာရခြင်းဖြစ်တယ်။''*

ကေအဲန်ယူဥက္ကဋ္ဌကြီး စောဘသင်စိန်ရဲ့ (၅၇) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့မိန့်ခွန်းပါ။

ပြည်တွင်းလုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဲတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

ဒီမိန့်ခွန်းကိုကျနော် အပြည့်အဝထောက်ခံတယ်။ ဖက်ဆစ်ဂျပန်ကို မြန်မာပြည်မြေပေါ်က အပြီးအပိုင်မောင်းထုတ်ခဲ့ကြတဲ့ပွဲမှာ ကရင်အမျိုးသားများဟာ အခြားလူမျိုးစုံပြည်သူများနှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြတာပါ။ အတူတွဲတိုက်ခဲ့၊ အတူတွဲပြီးသွေးမြေကျခဲ့၊ အတူတွဲပြီးအသက်စွန့်ခဲ့၊ အတူတွဲပြီးဘဝတွေကို ရင်းနှီးပေးဆပ်ခဲ့ကြရတာပါ။

လွတ်လပ်ရေးရပြီဆိုတဲ့ အခါကျတော့မှ ....

လွတ်လပ်ရေးရဲ့အရသာကို အတူခံစားခွင့်မရကြရဘူးဆိုတဲ့အခါ ....

ဒီမိုကရေစီအခွင့်အရေးတွေ၊ အမျိုးသားတန်းတူခွင့်တွေနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တွေ အတူမရကြရဘူးဆိုတဲ့အခါ ....

ကရင်အမျိုးသားပဲဖြစ်ဖြစ်၊ ဘာအမျိုးသားပဲဖြစ်ဖြစ် ဘာလုပ်ကြရမလဲ။

ပထမအဆင့်အနေနှင့် တွေ့ဆုံဆွေးနွေးပြီးအဖြေရှာဖို့ကြိုးစားရမယ်။ အဲဒီလိုကြိုးစားတာကို အာဏာရပါတီက၊ ဒီမိုကရေစီဘောင်အတွင်းမှာ အဖြေရှာခွင့်လုံးဝမပေးဘူးဆိုရင်

ဒီထက်တောင်ပိုဆိုးပြီး .... စစ်တပ်က အကြမ်းဖက် ဖိနှိပ်သတ်ဖြတ်လာပြီဆိုရင် .... ဘယ်လို၊ ဘာတွေဆက်လုပ်ကြရတော့မလဲ။

ဒါနဲ့ပါတ်သက်ရင် ကရင့်အမျိုးသားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးရဲ့ပြောဆိုချက်ဟာ အပြည့်စုံဆုံးအဖြေတခုဖြစ်တယ်လို့ ကျနော်ယုံကြည်တယ်။

*''ဘာဖြစ်လို့ တိုက်ရသလဲဆိုတော့ ပြောရရင် အရှည်ကြီးပေ့ါ။ ကျနော်တို့ ကရင်အမျိုးသားတွေက အရင်အတိုက်အခံရလို့ ခုခံတဲ့အနေနဲ့ (၁၉၄၉) ခု ဒီရန်ကုန်မြို့ထဲမှာဖြစ်ခဲ့တဲ့ အလုံစမ်းချောင်း ကရင်ရပ်ကွက်တွေကို ဒါဟိုတခါတုန်းကဆိုရင် စစ်ဝန်ထမ်းတွေပေ့ါ၊ ဝင်ပြီးတော့ တိုက်တာတွေနောက်ပြီးတော့ ကျနော်တို့ ကေအဲန်ယူရဲ့ အင်းစိန်မှာရှိတဲ့ ဌာနချုပ်ကို ဝင်ပြီးတော့ ပစ်ခတ်တဲ့အပေါ်မှာ ဒီကနေစပြီးတော့ဖြစ်တာပေ့ါ။''*

''ဒီပြဿနာကို နိုင်ငံရေးအရ တိုက်လာတယ်ဆိုတော့ ကျနော့်အနေနဲ့ ကရင်တယောက်အနေနဲ့ ကျနော်မသေချင်ဘူးလေ။ ကိုယ့်ကိုယ်ကို ကာကွယ်ရမှာပဲလို့ ကျနော် ဒီလိုပဲခံယူတယ်။ ''

(၇)

ကျနော် စဉ်းစားကြည့်မိတယ်။ ဘယ်သူ အလကားနေရင်း အသတ်ခံချင်မလဲ။

ဘယ်သူကရော အကြောင်းမဲ့ စစ်တိုက်ချင်မလဲ၊ နိုင်ငံရေးအရ ဘယ်လိုမှဖြေရှင်းမရတော့တဲ့အဆုံး မလွှဲမရှောင်သာရွေးချယ်ကြရတာပါ။

တကယ်ဆိုရင်တော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းကြဖို့ပါ။

ဒါကိုပဲ အင်အားစုအသီးသီးက တောက်လျှောက်တင်ပြတောင်းဆိုခဲ့ကြတာပဲ မဟုတ်လား။ ဒါပေမယ့် စစ်အုပ်စုကလည်း တွေ့ဆုံဆွေးနွေးရေးကို ကျားထက်တောင် ကြောက်နေပြန်တော့ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးရဲ့ ဒီပြောဆိုချက်ကို ကျနော်သဘောတူတယ်။

*''ဘဝရပ်တည်ဖို့အတွက်ကတော့ ကျနော်တို့ဆက်ပြီးတော့ လက်နက်ကိုင်ပြီးတော့ ဒါကိုယ့်ကိုယ်ကို ကာကွယ်ရမှာပဲလေ။ တွေ့ဆုံဆွေးနွေးနိုင်ဖို့အတွက်ကတော့ ကျနော်တို့ထင်တယ်။ နအဖဘက်ကပဲ တည်မယ်။ သူတို့တွေ့မှလည်း ကျနော်တို့က တွေ့ရမှာကိုး။ ကျနော်တို့ တွေ့ချင်ပါတယ် အမြဲတမ်းပြောပြီးတော့ သူတို့က မတွေ့ဘူးဆိုတော့ ကျနော်တို့ ဘယ့်နဲ့လုပ်မလဲ။ ''*

(၈)

ဒီကြားထဲ ပိုဆိုးတာက ....

စစ်အုပ်စုရဲ့ လူဖွဲ့ပြီး စည်းရုံးတဲ့ရောဂါ။ အဆန်းတော့ မဟုတ်ဘူးပေ့ါလေ။

ဒါဖေါက်ပြန်တဲ့ အုပ်စိုးသူအဆက်ဆက်ကျင့်သုံးခဲ့တဲ့ ( Divide and Rule) သွေးခွဲအုပ်ချုပ်ရေးပါပဲ။

တိုင်းရင်းသား တစုနှင့်တစုကြားမှာ သွေးခွဲတယ်။

တိုင်းရင်းသားတစုထဲမှာကိုပဲ မညီမညွတ်တွေဖြစ်အောင်၊ (၂) ကွဲ၊ (၃) ကွဲ ကွဲအောင်ခွဲပစ်တယ်။

ဗုဒ္ဓဘာသာနှင့် ခရစ်စယာန်ကို ခွဲတယ်။

ခုလည်း လုပ်ပြန်ပြီ စစ်ဒေသတခုနှင့်တခုကြား၊ တပ်မဟာတခုနှင့် တခုကြား ခွဲခြားဖို့ ကြိုးစားလာပြန်ပြီ။

ကေအဲန်ယူတပ်မဟာ (၇) အတွင်း ဖွံ့ဖြိုးရေးဇုံသတ်မှတ်ပြီး သီးခြားပဲ ငြိမ်းချမ်းရေးလုပ်ပေးတော့မလိုလို ဘာလိုလို။

လုပ်ပုံပြောပါတယ်။

သူ့ အနှစ်သာရက အကွဲကွဲအပြားပြားဖြစ်သွားစေချင်တာပဲ၊ ကွဲရေး ခွဲရေးပဲ။

အခွင့်အလမ်းတချို့ဆိုတာ ဘာခက်လို့လဲ။

သူ့အိတ်ထဲက ပေးရတာလဲမဟုတ်ဘူး၊ သူအရိုးနှင့် သူ့ကိုသူပြန်ထိုးခိုင်းတဲ့ကိစ္စ၊ ကိုယ့်အဆီနှင့် ကိုယ့်ကိုယ်ကို ပြန်ကျော်ခိုင်းတဲ့ကိစ္စဆိုတာ .... အမြော်အမြင်ကြီးသူတိုင်း အဝေးကပင် မြင်နိုင်ပါတယ်။

ဒါကြောင့်လည်း ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက သူ့တပ်ကို၊ သူ့ပါတီကို၊ သူ့ပြည်သူကို အခုလို ထောက်ပြပြောဆိုခဲ့ပါတယ်။

*''ကေအဲန်ယူအနေနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ဥပဒေဘောင်ထဲဝင်တာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ငြိမ်းချမ်းရေးတို့ ဖွံ့ဖြိုးရေးတို့လုပ်တာမျိုးကို ကေအဲန်ယူက လုံးဝလက်မခံဘူး။*

*ကေအဲန်ယူရဲ့ အစိတ်အပိုင်းတခုခုကနေ သီးခြားလက်နက်ကိုင် လမ်းစဉ်ကိုစွန့်ပြီး ဥပဒေဘောင်ထဲဝင်တာမျိုး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးလုပ်တာမျိုး ကေအဲန်ယူဗဟိုဌာနချုပ်အနေနဲ့လက်မခံပါဘူး။ ''*

(၉)

ကျနော် ယုံကြည်ပါတယ်။

အင်မတန်အင်အားကြီးတဲ့ ကမ္ဘာ့ဖက်ဆစ်စနစ်ကြီးကိုတောင် လူမျိုးစုံပြည်သူတွေနဲ့ လက်တွဲတိုက်ခိုက်ပြီး အောင်ပွဲဆင်နိုင်ခဲ့ကြသေးတာပဲ။

ပြည်တွင်း ဖက်ဆစ်လောက်ကတော့

ကျနော်တို့တတွေ လက်တွဲညီမယ်ဆိုရင်၊ မှန်ကန်တဲ့ခေါင်းဆောင်မှုနှင့် အနှိုင်းအဆမဲ့တဲ့ လူမျိုးစုံ ပြည်သူလူထုကြီးရဲ့ စွမ်းပကားကို ပေါင်းစပ်နိုင်မယ်ဆိုရင်....

အချိန်တခုမှာ....

ကျနော်တို့ ကံကြမ္မာကို ကျနော်တို့ ကိုယ်တိုင်ဖန်တီးခွင့် မုချရနိုင်မှာပါ။

❖

ဇွန်မှိုင်း
၁ –၂ –၂၀၀၆

# ညောင်နှစ်ပင်ညီလာခံရပ်နားလိုက်သည့်အပေါ် သံတမန်များမေးခွန်းထုတ်

နအဖက ဦးဆောင်ကျင်းပနေသည့် ညောင်နှစ်ပင်ညီလာခံကို ယခုနှစ်နှောင်းပိုင်း အထိရပ်နားထားမည်ဟူသော နအဖ၏ပြော ဆိုချက်အပေါ် ရန်ကုန်ရှိသံတမန်များက မေး ခွန်းထုတ်လိုက်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖွဲ့စည်း နိုင်ရေးအတွက်ကျင်းပနေသော ညောင်နှစ်ပင် ညီလာခံကိုရပ်နားလိုက်ကြောင်း ညောင်နှစ်ပင် ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဇန်နဝါရီ (၃၁) ရက် နေ့တွင်ကြေညာခဲ့ပြီး ပြန်လည်ကျင်းပမည့် ရက်ကို အတိအကျမသိရပေ။

နအဖ၏ ညောင်နှစ်ပင်ညီလာခံရပ်ဆိုင်း လိုက်သည့်အပေါ် ပြည်ပရောက် ဆိပ်ကမ်းမြို့ နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ် စန်းစန်းက ဒါက သက်သက်အချိန်ဆွဲတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မူကြမ်းက ပြီးနေပြီ။ ပညာရှင်တွေနဲ့ ဥပဒေဖြစ်လာအောင်လုပ်ဖို့ (Technical) အပိုင်းကလည်း (၁၀)လ လောက်အချိန်မလိုဘူး။ ဘာဖြစ်လို့အချိန်ဆွဲ နေတာလဲဆိုရင် သူတို့မှာနိုင်ငံရေးအရလုပ် စရာဆိုလို့ဒီတခုတည်းရှိတယ်။ နောက်တခု က အခြေခံဥပဒေပြီးရင် လူထုဆန္ဒခံယူပွဲတို့၊ ရွေးကောက်ပွဲလုပ်ရမယ်။ နအဖက အဲ့ဒါ တွေမှာ သေချာအောင်လုပ်ဖို့အချိန်ဆွဲတာ ဟုဆိုသည်။



ဒု-ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တရားသူကြီးချုပ် ဦးအောင်တိုး

နအဖက ယခုညီလာခံသည် ၎င်းတို့ ဘာသာချမှတ်ထားသော ဒီမိုကရေစီလမ်း ပြမြေပုံ၏ ပထမအဆင့်ဖြစ်သည်ဟု ပြောဆို နေသော်လည်း ရန်ကုန်ရှိသံတမန်များက နအဖတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် နိုင်ငံရေးဆန္ဒမရှိဟုဆိုသည်။

"နအဖဗိုလ်ချုပ်တွေဟာ သူတို့ကိုယ်တိုင် စပြောထားတဲ့ လမ်းပြမြေပုံ (၇) ချက်ရဲ့ ပထမအဆင့်ကိုတောင်မပြီးအောင် အချိန်ဆွဲ နေကြတယ်"ဟု အမည်မဖော်လိုသော သံတမန် တဦးကဆိုသည်။

စစ်အုပ်စုသည် ညီလာခံကို (၁၉၉၃) ခုနှစ်တွင် စတင်ခဲ့ပြီး၊ (၁၉၉၆) ခုနှစ်တွင် အဲန်အယ်လ်ဒီမှကိုယ်စားလှယ်များ ညီလာခံ ကိုသပိတ်မှောက်ပြီးနောက်ပိုင်းတွင် ရပ်ဆိုင်း နေခဲ့သည်။

နအဖသည် ညောင်နှစ်ပင်ညီလာခံ ကို ဒီဇင်ဘာ (၅) ရက်နေ့က လက်ရွေးစင် ကိုယ်စားလှယ် (၁,၀၀၀) ခန့်ဖြင့် စတင်ခဲ့ သည်။ ❖

# ပျဉ်းမနားအနီးတဝိုက်တွင် နအဖမြေမြှုပ်မိုင်းထောင်

နအဖသည် မန္တလေးတိုင်းအတွင်းရှိ မြို့တော်သစ် ကြပ်ပြေး၏လုံခြုံရေးအတွက်၊ တောင်ငူခရိုင်နှင့်ပတ်ဝန်းကျင်တွင် မြေမြှုပ် မိုင်းများထောင်ထားကြောင်း ကရင်အမျိုး သားအစည်းအရုံးက ယခုလ (၁) ရက်နေ့က ပြောဆိုလိုက်သည်။

လူအသွားအလာများသောနေရာများ တွင်ထောင်ထားသော နအဖ၏မြေမြှုပ်မိုင်း များကြောင့် ပြီးခဲ့သည့်လအတွင်းက အနည်း ဆုံး အရပ်သား (၂) ဦး သေဆုံးခဲ့ရပြီး၊ (၇) ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး ပဒိုစောဒေးဗစ်တာ ကပေါက သတင်းဌာနများသို့ပြောဆိုထား သည်။

ပဲခူးတိုင်း တောင်ငူခရိုင်အနီး၊ ကေအဲန် ယူ တပ်မဟာ (၂) ထိန်းချုပ်ထားရာနယ်မြေ များဖြစ်သော သံတောင်နှင့်ထန်းတပင် ဒေသများတွင် နအဖထောင်ထားသည့် မြေ မြှုပ်မိုင်းများတွေ့ရှိရသည်ဟု ဗဒိုစောဒေးဗစ် တာကပေါကပြောသည်။

မကြာသေးခင်က ထိုင်းနိုင်ငံ၊ ဘန် ကောက်မြို့၌ပြုလုပ်သော သတင်းစာရှင်း လင်းပွဲတွင် နိုင်ငံတကာမြေမြှုပ်မိုင်းစောင့် ကြည့်ရေးသုတေသီအဖွဲ့က ၎င်းတို့၏ ရှမ်း ပြည်နယ်ခရီးစဉ်တွင် မြေမြှုပ်မိုင်းအသုံးပြုမှု များဆက်ရှိနေသည်ဆိုသော သက်သေအ ထောက်အထားများတွေ့ရှိခဲ့ရသည်ဟုဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာကထုတ်ပြန်သော နိုင်ငံတကာမြေမြှုပ်မိုင်းအသုံးပြုမှု တားဆီး ရေးအဖွဲ့၏အစီရင်ခံစာတွင်လည်း မြန်မာ နိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအသုံး ပြုလျက်ရှိသော လက်ကျန်နိုင်ငံများတွင် ပါ ဝင်နေပြီး၊ နိုင်ငံ၏ ပြည်နယ်နှင့် တိုင်း (၁၄) ခုစလုံးတွင် မြေမြှုပ်မိုင်းများကို တွေ့ရှိနေရ သည်ဟု ဖော်ပြထားသည်။

❖

# ကျောင်းသားသမဂ္ဂ ပေါ်ပေါက်ရန်လိုအပ် ဗကသနိုင်ငံခြားရေးရာကော်မတီကြေညာချက်ထုတ်ပြန်



ဗုံးခွဲခံလိုက်ရသော ကျောင်းသားသမဂ္ဂအဆောက်အဦး

မြန်မာနိုင်ငံရှိ ကျောင်းသားထု၏နစ်နာ ဆုံးရှုံးမှုများကို ဖြေရှင်းပေးနိုင်ရန်အတွက် ကျောင်းသားသမဂ္ဂတရပ် လိုအပ်နေကြောင်း ထိုင်းမြန်မာနယ်စပ်အခြေစိုက် ဗမာနိုင်ငံ လုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသ) နိုင်ငံခြားရေးရာကော်မတီက ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကြေညာချက်တစောင်ထုတ်ပြန် ခဲ့သည်။

ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးနှင့်ပတ် သက်သော ဗကသနိုင်ငံခြားရေးရာကော်မ တီ၏ကြေညာချက်တွင် ဆိုးရွားသောနအဖ ပညာရေးစနစ်၏ လိုအပ်ချက်များကြောင့် မကြာမီတွင်တက္ကသိုလ်၊ ကောလိပ်ကျောင်း သားများနှင့် နအဖအာဏာပိုင်များအကြား ပြဿနာများကြီးထွားလာနိုင်ပြီး၊ ထိုသို့ဖြစ် လာလျှင်ကျောင်းသားထုသာ နစ်နာဆုံးရှုံးမှု များရှိလာနိုင်မည်ဖြစ်သဖြင့် ကျောင်းသား များအားလုံး ကျောင်းသားသမဂ္ဂပေါ်ပေါက် ရေးအတွက်ကြိုးပမ်းကြရန် တိုက်တွန်းထား သည်။

ဗကသ နိုင်ငံခြားရေးရာကော်မတီတာ ဝန်ခံကိုမင်းနိုင်က "ကျောင်းသားတွေကြား မှာ ဖြစ်ပျက်နေတဲ့ပြဿနာတွေက ဒီထက်ပို ပြီးတော့ ဆိုးဆိုးဝါးဝါးဖြစ်လာနိုင်စရာရှိ တယ်လို့မြင်တယ်။ အခြေခံပညာအဆင့်အ တန်းကနေပြီးတော့ အဆင့်မြင့်တန်းအထိ ပေါ့၊ ပဋိပက္ခတွေ၊ ပြဿနာတွေကနေ့စဉ်နဲ့ အမျိုးကြုံနေရတယ်။ ဥပမာ ပညာရေးစနစ် ကမောက်ကမဖြစ်နေတာ၊ ပညာသင်ကြား တဲ့နေရာမှာလိုအပ်တဲ့ အခြေခံပစ္စည်းတွေ မလုံမလောက်ဖြစ်နေတာဟာ မြန်မာပြည် အနာဂတ်အတွက် ကောင်းတဲ့ကိစ္စမဟုတ်ဘူး ဟု" ဆိုသည်။

ထိုကြောင့် ကျောင်းသားထုဘက်က အ ကာအကွယ်ပေးနိုင်မည့် ကျောင်းသားသမဂ္ဂ များပေါ်ပေါက်လာရန်အရေးကြီးပုံကို ကိုမင်း နိုင်က "အလားတူပြဿနာတွေ နေ့တရူ ထပ်ကြုံလာနိုင်တယ်။ အဲ့ဒီအခါကျရင်ကျောင်း သားထုက အများကြီးနစ်နာရတယ်၊ ကျောင်း ထုတ်လိုက်တာမျိုးတွေ၊ ဖမ်းဆီးချုပ်နှောင် လိုက်တာမျိုးတွေ၊ အဲ့ဒီတော့ကျောင်းသား တွေရဲ့နစ်နာချက်ကို တကယ့်ကိုဖြေရှင်းပေး နိုင်တဲ့ လက်ခံကာကွယ်ပေးနိုင်တဲ့ ကျောင်း သားသမဂ္ဂတွေပေါ်ပေါက်လာရေးဟာ ကျောင်း သားတိုင်းရဲ့တာဝန်ဖြစ်တယ်လို့ ကျနော်ပြော ချင်တယ်" ဟုဆိုသည်။

ဗကသ နိုင်ငံခြားရေးရာကော်မတီ၏ ကြေညာချက်တွင် မကြာသေးခင်ကဖြစ်ပွား ခဲ့သောရွာသာကြီးတက္ကသိုလ်နှင့် စစ်တွေတ က္ကသိုလ်ကျောင်းသားများ၏ မကျေနပ်မှုများ ကိုဥပမာပေးပြီး၊ သင်ကြားရေးတွင် ပစ္စည်း အထောက်အပံ့ မလုံလောက်မှု၊ ကျောင်းသား များအတွက် ကျောင်းဆောင်မလုံလောက်မှု၊ သွားရေးလာရေးခက်ခဲမှု၊ စရိတ်စကကြီး မြင့်မှု စသောအဆင်မပြေမှုများအပေါ်အခြေ ခံ၍ ကျောင်းသားများမကျေနပ်မှု စတင် လာနိုင်သည်ဟု သတိပေးထားသည်။

မကြာခင်က စစ်တွေတက္ကသိုလ်ကျောင်း ကားခကိုတဦးလျှင် (၅၀) ကျပ်နှုန်းဖြင့် ပြေးဆွဲနေရာမှ (၁၀၀) ကျပ်သို့ (၂) ဆတိုး မြှင့်လိုက်သဖြင့် ကျောင်းသားများမကျေမနပ် ဖြစ်ကာ၊ ဆန္ဒပြသည့်အနေဖြင့်မြို့မှ (၄) မိုင် ကွာဝေးသောတက္ကသိုလ်သို့ ခြေလျင်ကျောင်း တက်ခဲ့သည်။

ရန်ကုန်ရွာသာကြီး စီးပွားရေးတက္ကသိုလ် တွင်လည်း ကျောင်းသားများနှင့်ရဲများ ပြဿ နာတွင် ပါမောက္ခနှင့်အာဏာပိုင်များက မျှမျှ တတ မဖြေရှင်းပေးသည့်အပြင် ကျောင်းသား (၂) ဦးကိုဖမ်းဆီးချုပ်နှောင်ပြီး (၅) ဦးကို ကျောင်းထုတ်ပစ်ခဲ့သည်။

ကျောင်းသားသမဂ္ဂသည် ကိုလိုနီခေတ် မြန်မာလွတ်လပ်ရေးသမိုင်းတွင် အစဉ်အလာ ကြီးခဲ့ပြီး၊ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကျောင်းသားသမဂ္ဂက မွေးထုတ်ပေးလိုက် သောခေါင်းဆောင်များသည် အမျိုးသားလွတ် မြောက်ရေးကြိုးပမ်းမှုသမိုင်းကို လက်ဆင့်ကမ်း ဦးဆောင်ခဲ့ကြသည်။

သို့သော် (၁၉၆၂) ခုနှစ်ဗိုလ်နေဝင်းအာ ဏာသိမ်းပြီး၊ မကြာမီတွင် အစဉ်အလာကြီး မားခဲ့သော ကျောင်းသားသမဂ္ဂအဆောက် အဦးကို ဗုံးခွဲဖျက်ဆီးခဲ့ရာ ကျောင်းသားအ မြောက်အမြားသေဆုံးခဲ့ပြီး၊ စစ်အာဏာရှင် အဆက်ဆက်လက်အောက်တွင် ကျောင်းသား အခွင့်အရေးအများလည်း ဆုံးရှုံးခဲ့ရသည်။

(၁၉၈၈) ခုနှစ်၊ သမိုင်းဝင်ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ကျောင်းသားသမဂ္ဂကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး၊ ဗကသ၏ဥက္ကဋ္ဌအ ဖြစ်မင်းကိုနိုင်ကို တင်မြှောက်ခဲ့ကြသည်။ နအဖ သည် အရေးတော်ပုံကို အကြမ်းဖက်နှိမ်နင်း ခဲ့ပြီး၊ မင်းကိုနိုင်အပါအဝင် ဗကသခေါင်း ဆောင်များကို ဖမ်းဆီးထောင်ချခဲ့သည်။

နအဖအကျဉ်းထောင်တွင် (၁၆) နှစ်ကြာ အကျဉ်းကျခံရာမှ ပြန်လွတ်လာသော ဗကသ ဥက္ကဋ္ဌကိုမင်းကိုနိုင်က ကျောင်းသားသမဂ္ဂသည် ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်မှစ၍ သမိုင်း တလျှောက်တွင် အင်မတန်မှအစဉ်အလာကြီး ခဲ့ကြောင်း မျိုးဆက်သစ်ကျောင်းသားများကို ပြောကြားခဲ့သည်။ ❖

# မြို့တော်ဟောင်းမှတိုင်းမှူး မြို့တော်သစ်သို့ပြောင်းရွှေ့ဖွယ်ရှိ



တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ

ရန်ကုန်တိုင်း တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နေရာတွင် တပ်မ (၁၁) တပ်မမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းဖြင့် အစားထိုးခန့်အပ်လိုက်ကြောင်း စစ်တပ်နှင့်နီးစပ်သော သတင်းရပ်ကွက်များ ကိုကိုးကားသောသတင်းများအရသိရှိရသည်။

ပျဉ်းမနားသို့ မြို့တော်ပြောင်းရွှေ့ခဲ့ပြီး နောက်၊ ရန်ကုန်တိုင်းတိုင်းမှူးအဖြစ် အသစ် တက်လာသော အသက် (၅၀)အရွယ်၊ ဗိုလ်မှူး ချုပ်လှဌေးဝင်းသည် ပူးတွဲစစ်ဦးစီးချုပ် ဗိုလ် ချုပ်ကြီးရွှေမန်း၏ လူယုံတဦးဖြစ်ပြီး၊ ယခင်က လားရှိုးအခြေစိုက် ခလရ (၄၁) တပ်ရင်းမှူး၊ ဖယ်ခုံအခြေစိုက် စကခ (၇) ၏နည်းဗျူဟာမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ် သည်။

ရန်ကုန်တိုင်း တိုင်းမှူးနေရာကို အစား ထိုးခန့်အပ်လိုက်သဖြင့် ရန်ကုန်တိုင်း တိုင်း မှူးနှင့်စစ်ဘက်လုံခြုံရေးအရာရှိချုပ်တာဝန် (၂) ခုစလုံးကို ပူးတွဲထမ်းဆောင်ခဲ့သူ ဗိုလ် ချုပ်မြင့်ဆွေသည် ယခုအခါ ဒုတိယတာဝန်ကို သာထမ်းဆောင်ရတော့မည်ဖြစ်သည်။

ယခင်က စစ်ဘက်လုံခြုံရေးအရာရှိ ချုပ်တာဝန်ကို အထိန်းသိမ်းခံထားရသော ဝန်ကြီးချုပ်ဟောင်း၊ စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်က ကွပ်ကဲ ခဲ့ခြင်းဖြစ်သည်။

စစ်ရေးအကဲခတ်များက ဗိုလ်ချုပ်မြင့် ဆွေသည် မြို့တော်သစ်ပျဉ်းမနားဒေသကို ကွပ်ကဲရသောတိုင်းမှူးအဖြစ် မကြာမီခန့်အပ် ခံရဖွယ်ရှိသည်ဟု ခန့်မှန်းကြသည်။

စစ်တပ်သတင်းရပ်ကွက်များ၏ အဆို အရ ဗိုလ်ချုပ်စိုးဝင်းဦးစီးသော ကက်ဘိနက် အဖွဲ့အားလုံး ဖေဖော်ဝါရီ (၂၀) ရက်နေ့ တွင် မြို့တော်သစ်ပျဉ်းမနားသို့ ပြောင်းရွှေ့ နိုင်ဖွယ်ရှိကြောင်း သိရှိရသည်။